# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၁၂ ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၃ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက်**

**(၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

**[**ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းကဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကျော်စိုး၊ ဒုတိယညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။**]**

**အချိန် ၊ ၁၀ း ၀၀ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ ၁၂ ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**[** ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။**]**

**အခမ်းအနားမှူး။** ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၉၅ ဦးရှိတဲ့အနက် ၃၈၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၉၆.၉၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။အစည်းအဝေး အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၃၀ အရ အစည်းအဝေး မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးမောင်မောင်သိမ်း(ခရမ်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း ဖြစ်ပါတယ်။ ကချင်ပြည်နယ်၊ မြစ်ကြီးနားမဲဆန္ဒနယ်၊ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သောင်းတို့ကိုယ်စား ခွင့်ပန်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ မြစ်ကြီးနားမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် တောင်သာမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းတို့ နှစ်ဦးသည် ကိစ္စတစ်ခုဖြင့် ခရီးထွက်ခွာသွားသည့် အတွက် စက်တင်ဘာ ၆ ရက်နေ့ နှင့် ၇ ရက်နေ့ ယနေ့နှင့်မနက်ဖြန် နှစ်ရက်အတွက် အစည်းအဝေး တက်ရောက်ခြင်းမှ ကင်းလွတ်ခွင့်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးခင်မောင်ရွှေ(တမူးမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအုန်းငွေဟာ ယနေ့နေမကောင်းဖြစ်နေပါသဖြင့် ယနေ့ ၆-၉-၂၀၁၁ အား ခွင့်တစ်ရက် ခွင့်ပြုပေးနိုင်ပါရန် ဦးအုန်းငွေရဲ့ကိုယ်စား လေးစားစွာဖြင့် ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်ရဲ့ကိုယ်စား ခွင့်ပန်ကြား တင်ပြလို ပါတယ်။ ဦးစိုင်းကျော်သည် ယမန်နေ့ညက ဖျားနာပြီး သက်ဆိုင်ရာတာဝန်ကျ ဆရာဝန်ရဲ့ ညွှန်ကြားချက်အရ အနားယူရမှာ ဖြစ်ပါသဖြင့် ယနေ့ ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်နိုင်မှုမရှိကြောင်းနဲ့ ယနေ့ ၆-၉-၂၀၁၁ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးနိုင်ပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးသိန်းထွန်းဦး (အမရပူရမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သိန်းထွန်းဦး ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကို၏ ကိုယ်စား ခွင့်ပန်ကြားခြင်းဖြစ်ပါတယ်ခင်ဗျား။ ပြည်ကြီးတံခွန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးမောင်ကိုသည် ဇနီးဖြစ်သူ၏ အာရုံကြောညှပ် ရောဂါအား ပြည်ပသို့ ဆေးကုသရန်သွားရောက်ရေးအတွက် ရန်ကုန်မြို့သို့ လိုက်ပါ ဆောင်ရွက်ရမည် ဖြစ်ပါသဖြင့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်နေ့မှ ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၉ ရက် (သောကြာနေ့)ထိ ကျင်းပပြုလုပ်သော ပြည်သူ့လွှတ်တော် အစည်းအဝေးများ တက်ရောက်ခြင်းမှ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် ဦးမောင်ကိုကိုယ်စား လေးစားစွာဖြင့် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

**ဦးတင်ဝင်း (မိုင်းယန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးတင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန်ရဲ့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစတီဖန် မှာ ယနေ့နေမကောင်းသေးပါသဖြင့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ မတက်ရောက်နိုင်ပါ။ သို့ပါ၍ ၆-၉-၂၀၁၁ ရက်နေ့ကို ခွင့်တစ်ရက်အဖြစ် သတ်မှတ်ပေးပါရန် ဦးစတီဖန်ရဲ့ကိုယ်စား ခွင့်ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကိုမှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်ဦးရေ ၃၉၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၆ ဦး၊ ယနေ့ခွင့်ပြုထားသူ ၆ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၁၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုပါသလားခင်ဗျား။

**[**သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က အတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။လွှတ်တော်က အတည်ပြုတဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ငြိမ်းချမ်းရေးတည်ဆောက်ခြင်း ကော်မရှင်ဖွဲ့စည်းပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ပထမဦးစွာ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနုအား မေးခွန်း နှစ်ခုကို တစ်ဆက်တည်း မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းဝါနု(ကွန်ဟိန်းမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ကြွရောက်လာကြသော လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မကတော့ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနု ဖြစ်ပါတယ်ရှင်။ ယခု မေးခွန်းများကို ဒုတိယအကြိမ် ထပ်မံမေးမြန်းခြင်းဖြစ်ပါတယ်ရှင်။ နိုင်ငံတော်အတွင်း နယ်စပ်ဒေသများတွင် မငြိမ်းချမ်းမှု၊ ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားမှုများကြောင့် ပြည်သူများ၏ဘဝ လုံခြုံမှုမရှိဘဲ လွန်စွာ စိတ်ဆင်းရဲ ဒုက္ခရောက်လျက်ရှိနေကြပါတယ်။ စစ်ပြေးဒုက္ခသည်များဘဝသို့ ကျရောက်လျက်ရှိပြီး ပညာသင်ယူခွင့်၊ ကျန်းမာရေးဆေးကုသခွင့်များ ဆုံးရှုံးလျက် နိုင်ငံတော်ရဲ့ လူသားအရင်းအမြစ်များလည်း အများကြီး နစ်နာ ဆုံးရှုံးလျက်ရှိပါတယ်ရှင်။ ဒါကြောင့် ပြည်သူများက တိုင်းရင်းသားများ ပြန်လည်သွေးစည်း ညီညွတ်ရေးနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို မျှော်လင့်စောင့်စားနေကြပါတယ်ရှင်။ ကျွန်မမေးလိုတဲ့ မေးခွန်းကတော့ (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက တိုင်းရင်းသားများ ပြန်လည် သွေးစည်းညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးအတွက် မည်ကဲ့သို့ အစီအစဉ်ရှိပါသနည်း။ (၂)ယခင် အစိုးရမှ ချမှတ်ခဲ့သော တိုင်းရင်းသားများသွေးစည်းညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးမူဝါဒကို ပြည်သူသို့ ထုတ်ပြန်ပေးနိုင်ပါသလား။ (၃) တိုင်းရင်းသားလက်နက်ကိုင်များနှင့် တွေ့ဆုံညှိနှိုင်းရန်အတွက် တိုင်းရင်းသားများ ယုံကြည်ကိုးစားသည့် တိုင်းရင်းသားပြည်သူများပါဝင်သော စေ့စပ်ညှိနှိုင်းရေး၊ ငြိမ်းချမ်းရေးတည်ဆောက်ခြင်းကော်မရှင်အဖွဲ့ Peace Commission အဖွဲ့ကို တရားဝင်ဖွဲ့စည်းပေးရန် ဆန္ဒရှိပါသလား။ ဆန္ဒရှိပါက မည်ကဲ့သို့ ဖွဲ့စည်း ပေးမည်နည်း။ မည်သည့်အချိန်တွင် ဖွဲ့စည်းပေးမည်နည်း။ မဖွဲ့စည်းပေးနိုင်ဟုဆိုပါက အဘယ်ကြောင့် နည်း။ ကျွန်မရဲ့ ပထမမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ Peace Commission ဆိုတဲ့အဖွဲ့ကို ရှမ်းပြည်နယ်မှာ ရှမ်းပြည်နယ်အစိုးရက ယခုလက်ရှိဖွဲ့စည်းပြီးကြောင်းကို ကျွန်မက ဝမ်းမြောက်စွာနဲ့ သိရှိရပါတယ်ရှင်။ အဲဒီအတွက်ကြောင့် ကျွန်မ အဓိကပိုပြီးသိချင်တာက မေးခွန်းနံပါတ် (၁)နဲ့ (၂) ဖြစ်ပါတယ်ရှင်။

**အစိုးရနှင့်တောတွင်းလက်နက်ကိုင်အဖွဲ့များ ဆွေးနွေးရေးနှင့်စပ်လျဉ်းသည့်မေးခွန်း**

မေးခွန်းနံပါတ်(၂)က ပါတီစုံအစိုးရမတက်ခင်က တပ်မတော်နဲ့ လက်နက်ကိုင်အဖွဲ့အစည်းများ ဆွေးနွေးကြရာမှာ ယခုတောတွင်းကျန်ခဲ့တဲ့ အတိုက်အခံလက်နက်ကိုင် အဖွဲ့အစည်းများသည် ပါတီစုံ ပါဝင်သော အစိုးရဖြစ်ပေါ်လာပါက ၎င်းအစိုးရမှ လက်ကမ်းကြိုဆို ဆွေးနွေးမည်ဆိုပါလျှင် ညှိနှိုင်း ဆွေးနွေးမည်ဟု ကြားသိခဲ့ရပါတယ်။ နိုင်ငံတော်အစိုးရကလည်း ငြိမ်းချမ်းရေးတံခါး ဖွင့်ထားတယ်လို့ နိုင်ငံတော်ပိုင်သတင်းစာမှာ ဖော်ပြခဲ့ပါတယ်ရှင်။ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးတံခါး ဖွင့်ထားရုံမျှ မကဘဲနဲ့ ငြိမ်းချမ်းရေးတံခါးအပေါက်ဝမှာ တိုင်းရင်းသား သွေးချင်းလက်နက်ကိုင်များအား နွေးထွေး လှိုက်လှဲပျူငှာစွာ လက်ကမ်းကြိုဆိုပြီး ညှိနှိုင်းဆွေးနွေးသင့်ကြောင်း သဘောရိုးဖြင့် တင်ပြအပ်ပါတယ်ရှင်။ ထိုကဲ့သို့ ညှိနှိုင်းဆွေးနွေးမည့်ကိစ္စကို ပြည်သူအများကလည်း မျှော်လင့်စောင့်စားလျက် ရှိနေကြပါတယ်။ အခု ကချင်ပြည်နယ်မှာသာမက ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်စတဲ့ ပြည်နယ်တွေ မှာလည်း ညှိနှိုင်းဆွေးနွေးစေချင်ပါတယ်ရှင်။ ကျွန်မ မေးမြန်းလိုတဲ့မေးခွန်းက အဲဒီ အဖွဲ့အစည်းများနဲ့ ယခုလက်ရှိအချိန်အထိ ဆွေးနွေးမှုမရှိသည်မှာ အဘယ်ကြောင့်နည်း။ (၂)ယခုအချိန်သည် တိုင်းရင်းသား သွေးချင်း လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆွေးနွေးသင့်သည့်အချိန်ကောင်း ရောက်နေပြီဖြစ်သဖြင့် မည်ကဲ့သို့သောပုံစံဖြင့် ညှိနှိုင်းဆွေးနွေးကြပါမည်နည်း။ (၃)မဆွေးနွေးနိုင်သေးဟုဆိုလျှင် အဘယ်ကြောင့် နည်း။(၄)မည်သည့်အခက်အခဲများရှိပါသနည်း။ (၅)ညှိနှိုင်းဆွေးနွေးရန်နှင့် မူဝါဒများချမှတ်ဆောင်ရွက်ရန် ရည်ရွယ်ချက်ရှိပါသလား။ ကျေးဇူးပါပဲရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးကျော်ဆန်း(ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီး နှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာဆုမွန်ကောင်း တောင်းရင်းနှုတ်ခွန်းဆက်ပါတယ်။ ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဝါနုက မေးခွန်းနှစ်ခုမေးမြန်းသွားတာ ကိုယ်စားလှယ်ကြီးများ ကြားသိခဲ့ကြပြီး ဖြစ်ပါတယ်။ ဒေါ်နန်းဝါနု မေးမြန်းတဲ့ မေးခွန်းနှစ်ခုမှာ ပါရှိတဲ့ မေးမြန်းချက်များ၊ အကြောင်းအရာများ၊ အနှစ်သာရများနဲ့ ရည်ရွယ်ချက်များဟာ တစ်ခုနှင့်တစ်ခု သိပ်ကွဲပြားခြားနားမှု မရှိတာဖြစ်တဲ့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ကိုယ်စား ပြောရေးဆိုခွင့် အဖွဲ့ခေါင်းဆောင် ကျွန်တော့်အနေနဲ့ ဒေါ်နန်းဝါနုရဲ့ မေးခွန်းနှစ်ခုစလုံးကို တစ်ပေါင်းတည်း ဖြေကြား သွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိငြိမ်းချမ်းမှုအခြေအနေကို ကြည့်မယ်

ဆိုရင် ၁၉၈၈ ခုနှစ်မတိုင်ခင်က အခြေအနေထက် များစွာတိုးတက်ကောင်းမွန်တဲ့အခြေအနေရှိတာကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ ကနေ့အခါမှာ နယ်စပ်ဒေသမှာ လက်နက်ကိုင် ဆန့်ကျင်နေတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့လည်း ကျန်ရှိနေပါသေးတယ်။ အလားတူပါပဲ အခြေခံဥပဒေနဲ့ အညီ အသွင်ကူးပြောင်းမှုကို လက်မခံသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့လည်း ရှိနေ ပါသေးတယ်။ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ကတော့ လက်နက်ကိုင်ပဋိပက္ခကို မလိုလား ပါဘူး။ သွေးထွက်သံယိုမှုတွေကိုလည်း မလိုလားပါဘူး။ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းမှုကိုပဲ လိုလား ပါတယ်။ အလားတူပါပဲ ပြည်သူများရဲ့ အလိုချင်ဆုံးသောအရာဟာ ငြိမ်းချမ်းရေးဖြစ်တယ်ဆိုတာကိုလည်း နိုင်ငံတော်အစိုးရအနေနဲ့ သိရှိပါတယ်။ ထို့အတူ တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် များအားလုံးကလည်း ငြိမ်းချမ်းရေးကို လိုချင်ကြတယ်ဆိုတာ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အစိုးရ နိုင်ငံ့တာဝန်ကို စတင်ယူတဲ့ အချိန်ကတည်းက နိုင်ငံတော်သမ္မတကြီးက ငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် အားလုံးကို ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော် သမ္မတကြီးကဖိတ်ခေါ်ကမ်းလှမ်းတဲ့ ကမ်းလှမ်းမှုကို ကျွန်တော်ပြောပြရရင် မူဝါဒလမ်းစဥ်ခုနှစ်ရပ်ကို သံသယရှိနေကြသေးတဲ့ အခြေခံဥပဒေကိုလည်း လက်မခံနိုင်ကြသေးတဲ့ သူများအတွက်ကို သံသယများပပျောက်ပြီး အများအကျိုးအတွက် မိမိတို့နဲ့ ပူးပေါင်းဆောင်ရွက်လာအောင် မိမိတို့ရဲ့ မှန်ကန်တဲ့စေတနာများကို ပြသလုပ်ဆောင်သွားမှာဖြစ်ကြောင်း သဘောထားအမြင်များ ကွဲပြားမှု ရှိကြတဲ့ကြားမှာ တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် သဘောတူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက် ကြဖို့ ဖိတ်ခေါ်ကြောင်း အခြေခံဥပဒေကို လက်မခံနိုင်ကြသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်များ အတွက်လည်းပဲ တိုင်းပြည်နဲ့ပြည်သူတစ်ရပ်လုံးရဲ့ အကျိုးကိုရှေးရှုပြီး ငြိမ်းချမ်းရေးတံခါး ဖွင့်ထားကြောင်း အတိအလင်းကမ္ဘာသိ၊ မြန်မာသိကမ်းလှမ်း ဖိတ်ခေါ်ပြောကြားခဲ့ပြီး ဖြစ်ပါ တယ်။ ဒီကမ်းလှမ်းချက်ကို ကြည့်မယ်ဆိုရင် အမြင်သဘောထားမတူကြတဲ့ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးသမားများအတွက်လည်း ပါဝင်သလို နယ်စပ်ဒေသမှာ လက်နက်ကိုင်ဆန့်ကျင်နေတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အခြေခံဥပဒေကို လက်မခံနိုင်ကြသေးတဲ့ အခြေခံဥပဒေနဲ့ အညီ အသွင်ကူးပြောင်းမှုကို လက်မခံနိုင်ကြသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များ အတွက်လည်း ပါဝင်တာတွေ့ရှိရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကတော့ မိမိကြေညာ ပြောဆိုထားတဲ့ အတိုင်း အခြေခံဥပဒေနဲ့အညီပေါ်ပေါက်လာတဲ့လွှတ်တော်များ၊ အစိုးရ အဖွဲ့များ၊ တရားစီရင်ရေး အဖွဲ့များနဲ့ ကနေ့အခါမှာ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုး တိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံကို စတင်အကောင်အထည်ဖော်တည်ဆောက် နေပြီဖြစ်ပါတယ်။

အဲဒီလိုတည်ဆောက်တဲ့အခါမှာ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ၊ Macro စီးပွားရေးမူဝါဒတွေ ပြုပြင်ပြောင်းလဲနိုင်အောင် ဆောင်ရွက်နေမှုတွေ၊ Macro စီးပွားရေးအတွက် လုပ်ငန်းစဥ်ရှစ်ရပ် ချမှတ်ဆောင်ရွက်နေမှုတွေ ပြုလုပ်နေတာကို တွေ့မြင်နိုင်ပါတယ်။ ဥပဒေရေးနဲ့ ပတ်သက်လို့လည်း ပြုပြင်ပြောင်းလဲသင့်တဲ့ ဥပဒေတွေကို ပြုပြင်ပြောင်းလဲဖို့၊ ပယ်ဖျက်ပြီး အသစ်ရေးဆွဲဖို့ လိုအပ်တဲ့ဥပဒေတွေကို ပယ်ဖျက်အသစ်ရေးဆွဲဖို့လည်း ဆောင်ရွက်နေပြီဖြစ်ပါတယ်။ လူမှုရေးနဲ့ ပတ်သက်လို့ ကြည့်မယ်ဆိုရင်လည်းပဲ ဝန်ထမ်းများရဲ့ အငြိမ်းစားလစာတိုးမြှင့်ပေးမှုအပါအဝင် ပညာရေး၊ ကျန်းမာရေးကိစ္စများမှာလည်း ပြုပြင်ပြောင်းလဲ ဆောင်ရွက်ပေးနေတာ အားလုံးအသိပါပဲ။ နိုင်ငံတကာဆက်ဆံရေးနဲ့ ပတ်သက်လို့လည်း ပိုမိုကျယ်ပြန့်စွာ ထိတွေ့ဆက်ဆံလျက်ရှိပါတယ်။ နိုင်ငံရေးနဲ့ကြည့်ရင်လည်း အခြေခံဥပဒေနဲ့အညီ ဆောင်ရွက်ပေးနေသလို တူညီတဲ့ကိစ္စတွေမှာ ပူးပေါင်းဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့လည်း ကချင်ပြည်နယ်မှာ KIO၊ KIAနဲ့ အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေး တည်ဆောက်နိုင်အောင် ဆွေးနွေးပွဲလုပ်တဲ့အခါမှာ နိုင်ငံတော်အစိုးရအနေနဲ့ မှန်ကန်တဲ့စေတနာ၊ နားလည်စာနာတဲ့စိတ်ထား၊ မျှော်မြင်တဲ့အသိများနဲ့ ဆွေးနွေးညှိနှိုင်းပြီး အလိုက်လျောနိုင်ဆုံး လိုက်လျောဆောင်ရွက်ခဲ့တာလည်း အားလုံးသိကြပြီးဖြစ်ပါတယ်။ ဒီအခြေအနေတွေကိုလည်းပဲ ၁၂-၈-၂၀၁၈ နေ့မှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါတယ်။ ဒါ့အပြင်ယနေ့အခါမှာ KIO၊ KIA အပါအဝင်နယ်စပ်ဒေသမှာရှိတဲ့ ဆန့်ကျင်နေကြသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်များ၊ အခြေခံဥပဒေနဲ့အညီ အသွင်ပြောင်းလဲမှုကို လက်မခံနိုင်ကြသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်များ အားလုံးအတွက် ငြိမ်းချမ်းရေးဆွေးနွေးနိုင်ဖို့ ငြိမ်းချမ်းရေးကမ်းလှမ်းချက်ကို အစိုးရအဖွဲ့ရဲ့ ကြေညာချက် ၁/၂၀၁၁နဲ့ ၁၈-၈-၂၀၁၁ နေ့မှာ ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါတယ်။ ဒီကြေညာချက်မှာ ပါရှိတာတွေကို ကျွန်တော်ဖတ်ပြရမယ်ဆိုရင်-

(၁) နိုင်ငံတော်အစိုးရဟာ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းပြီးအေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကိုတည်ဆောက်ရန်အတွက် နိုင်ငံတော်အတွင်း ရှိ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ကာ နေရာဒေသအနှံ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး ပူးပေါင်းတည်ဆောက်သွားရန် အထူးပင်လိုအပ်သည်ဟု ယုံကြည်ပါကြောင်း။

(၂) လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းပြီး ငြိမ်းချမ်းရေးဖော်ဆောင်လိုသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဟာမိမိတို့တစ်ဖွဲ့ချင်းအလိုက် ပထမအဆင့်အနေဖြင့်

ပဏာမဆောင်ရွက်ရန်လိုအပ်သော လုပ်ငန်းစဥ်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း။ ဒီနံပါတ်နှစ် အချက်နဲ့ပတ်သက်လို့လည်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရများမှာ ငြိမ်းချမ်းရေးလက်ခံဆွေးနွေးဖို့အဖွဲ့များ ဖွဲ့စည်းနေပြီဖြစ်ပါတယ်။

(၃) ပဏာမဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်ပြီးပါက နိုင်ငံတော်အစိုးရဘက်မှ ဆွေးနွေးမယ့် အဖွဲ့အစည်းများဖွဲ့စည်းပြီး သက်ဆိုင်ရာငြိမ်းချမ်းရေးဖော်ဆောင်မယ့်အဖွဲ့အစည်းနဲ့ ဆွေးနွေးရေးလုပ်ငန်းစဥ်များကို ဆောင်ရွက်သွားမှာဖြစ်ကြောင်းဖြင့် အတိအလင်း ဖော်ပြထားပါတယ်။

ဒီအပိုဒ်သုံးမှာ ဖော်ပြထားတဲ့အတိုင်း နိုင်ငံတော်အစိုးရဘက်က ဆွေးနွေးမယ့်အဖွဲ့များ ဖွဲ့စည်းတဲ့အခါမှာလည်း ဒေါ်နန်းဝါနုမေးခွန်းမှာပါသလို သင့်တော်တဲ့ တိုင်းရင်းသားများကို ထည့်သွင်းဖွဲ့စည်းပေးမှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ ငြိမ်းချမ်းရေးကမ်းလှမ်းလာတဲ့ တိုင်းရင်းသားလက်နက်ကိုင်များနဲ့ ဆွေးနွေးညှိနှိုင်းပြီး ငြိမ်းချမ်းရေးကို ဆက်လက်တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးညှိနှိုင်းတည်ဆောက်တဲ့အခါမှာတော့ ကြေညာချက် ၁/၂၀၁၁ ပါအတိုင်း လက်ခံဆွေးနွေးညှိနှိုင်းပြီး ပထမအဆင့် ယာယီအပစ်အခတ်ရပ်စဲရေးရရှိအောင်၊ ၎င်းကမှတစ်ဆင့် ထာဝရငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တော့ ငြိမ်းချမ်းရေးတည်ဆောက်ကြတယ်ဆိုတာဟာ တစ်ဖက်တည်းက တစ်ဖက်သတ်ဆောင်ရွက်လို့ရနိုင်တဲ့ကိစ္စမျိုး မဟုတ်ပါဘူး။ နှစ်ဖက်စလုံးက အမှန်တကယ် ငြိမ်းချမ်းရေးကို လိုလားပြီးရိုးရိုးသားသားနဲ့ အပေးအယူ အလျှော့အတင်းများနဲ့ ဆောင်ရွက်နိုင်မှသာ ရရှိအောင်မြင်နိုင်တဲ့ လုပ်ငန်းစဥ်မျိုး ဖြစ်ပါတယ်။ မကြာခင်က ပြုလုပ်ခဲ့တဲ့ KIO၊KIA နဲ့ ငြိမ်းချမ်းရေး ဆွေးနွေးတည်ဆောက်မှုကို ကြည့်ရင်နိုင်ငံတော်အစိုးရဘက်က လိုက်လျောနိုင်သမျှ အစွမ်းကုန် လိုက်လျောဆောင်ရွက်ပေးခဲ့ပေမယ့် KIO၊ KIA အဖွဲ့အစည်းက ၎င်းတို့လိုချင်တဲ့ အချက်များကို ချည်းတစ်ခုပြီးတစ်ခု တောင်းဆိုနေတာဖြစ်တဲ့အတွက် အခက်အခဲများဖြစ်ပြီး ကနေ့အထိ ငြိမ်းချမ်းရေး ဖော်ဆောင်မှု မအောင်မြင်သေးတာ ဖြစ်ပါတယ်။ အလားတူပါပဲ အတိတ်ကဆောင်ရွက်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုဖြစ်စဥ်များကို ကြည့်ရင်လည်း နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေး ဆွေးနွေးစဥ် ကာလအတွင်းမှာနိုင်ငံတော်အစိုးရက စစ်ဆင်ရေးဆောင်ရွက်မှုများရပ်ဆိုင်းထားတာကို အခွင့်

ကောင်းယူပြီး တစ်ဖက် အဖွဲ့အစည်းများက နယ်မြေတိုးချဲ့ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လူသစ်စုဆောင်းခြင်း၊ ဆန့်ကျင်တဲ့ လှုပ်ရှားမှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ခြင်းစတဲ့မရိုးသားတဲ့ ပြုမူဆောင်ရွက်မှုများကို လုပ်ဆောင်ကြတာမို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပျက်ပြားခဲ့တဲ့သာဓကများ အများအပြား ရှိခဲ့ပါတယ်။ ဒါ့အပြင် အချို့သောငြိမ်းချမ်းရေး ဆွေးနွေးတဲ့အဖွဲ့များကလည်း အမှန်တကယ်ငြိမ်းချမ်းရေးကို လိုလားလို့ ရိုးရိုးသားသားဆွေးနွေးကြတာမဟုတ်ဘဲ ၎င်းတို့လတ်တလောရင်ဆိုင်နေရတဲ့ နိုင်ငံရေး၊ စစ်ရေး အကြပ်အတည်းတွေကို ဖြေရှင်းနိုင်ဖို့ရာအတွက် ဟန်ဆောင်ငြိမ်းချမ်းရေး ဆွေးနွေးမှုမျိုးတွေကို လုပ်ခဲ့ကြတာမို့ ငြိမ်းချမ်းရေး မအောင်မြင်ခဲ့တဲ့ သာဓကများလည်း ကျွန်တော်တို့ အများအပြားတွေ့ရှိခဲ့ရပြီး ဖြစ်ပါတယ်။ ဒါကြောင့် ဒေါ်နန်းဝါနု အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးကြမယ့် တိုင်းရင်းသား အဖွဲ့များကို အမှန်တကယ် ငြိမ်းချမ်းရေးကို လိုလားပြီး ရိုးရိုးသားသားနဲ့ အပေးအယူ အလျှော့အတင်း များနဲ့ဆွေးနွေးနိုင်အောင် စည်းရုံးတိုက်တွန်းဆွေးနွေးဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။

အလားတူပါပဲ အဲဒီလို ငြိမ်းချမ်းရေးဆွေးနွေးကြတဲ့အခါမှာ ငြိမ်းချမ်းရေးကို အောင်မြင်အောင် မဆွေးနွေးနိုင်စေဖို့အတွက် နောက်ကွယ်ကနေ ကြိုးကိုင်ထိန်းချုပ်နေတဲ့ အခြေအနေများကိုလည်း ကိုယ်စားလှယ်ကြီးများ သိရှိနိုင်အောင် လေ့လာသုံးသပ်ပြီး အဲဒီကြိုးကိုင်ထိန်းချုပ်မှုတွေကနေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လွတ်မြောက်ပြီး မှန်မှန်ကန်ကန်ရိုးရိုးသားသားနဲ့ ငြိမ်းချမ်းရေးကိုလိုလိုလားလား အောင်အောင်မြင်မြင် ဆွေးနွေးနိုင်အောင်လည်း ဆွေးနွေး၊ ထောက်ပြ၊ စည်းရုံး၊ ဆန္ဒများဖော်ထုတ်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်လို့ တိုက်တွန်းမှာကြားလိုပါတယ်။ အလားတူပါပဲ ပြည်သူများအနေနဲ့လည်း မိမိတို့ရဲ့ငြိမ်းချမ်းရေး လိုလားမှုကိုဖော်ထုတ်ပြီး တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေနဲ့ ငြိမ်းချမ်းရေးစားပွဲကို ရောက်ရှိလာအောင် တိုက်တွန်း၊ နှိုးဆော်၊ တွန်းအားပေးဖို့ လိုအပ်ပါတယ်။ ထို့အတူပါပဲ ဆွေးနွေးကြတဲ့အခါမှာလည်းပဲ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားပြီး ရိုးရိုးသားသားနဲ့ အပေးအယူအလျှော့အတင်းများနဲ့ ဆွေးနွေးနိုင်အောင် နောက်ကွယ်ကထိန်းချုပ်နေတဲ့ ထိန်းချုပ်ခံရမှုများကနေ လွတ်မြောက်အောင် ပြည်သူများကလည်း မိမိတို့ရဲ့ဆန္ဒများ၊ သဘောထားများကို ဖော်ပြပြီး တိုက်တွန်းဆောင်ရွက်ဖို့ လိုအပ်ကြောင်းပြောကြားလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့မှန်သမျှနဲ့ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်အောင် ဆွေးနွေးဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။ အဲဒီလို ငြိမ်းချမ်းရေးတည်ဆောက်နိုင်အောင် ဆွေးနွေးဆောင်ရွက်တဲ့အခါမှာတော့ ၂၀၀၈ အခြေခံဥပဒေနဲ့ အညီ ဒို့တာဝန်အရေးသုံးပါးကို အာမခံနိုင်တဲ့ မူဘောင်အတွင်းကနေ လိုက်လျော့နိုင်သမျှ

လိုက်လျောပြီး ဆွေးနွေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် နိုင်ငံတော်အစိုးရအနေနဲ့ရော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအပါအဝင် ပြည်သူများအားလုံးကပါ ငြိမ်းချမ်းရေးတည်ဆောက်နိုင်အောင် အားလုံးပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့တစ်တွေ မျှော်မှန်းထားတဲ့၊ မျှော်မှန်းနေတဲ့ငြိမ်းချမ်းရေးကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာ ဖြစ်ကြောင်းပြောကြားရင်းနဲ့ နိဂုံးချုပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပညာရေးဝန်ကြီးဌာနတွင် အဆောက်အဦများ ဆောက်လုပ်ထိန်းသိမ်းသော စနစ်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပညာရေးဆိုင်ရာမေးခွန်းများမေးမြန်းရန်ဖြစ်ပါတယ်။ နတ်မောက် မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ကျော်စိုး (နတ်မောက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကော်မတီများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး ဖြစ်ပါတယ်။ ကျွန်တော်တင်ပြဆွေးနွေးမယ့် အကြောင်းအရာကတော့ နိုင်ငံတော်ကနှစ်စဉ် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာငွေများချထားပေးလျက်ရှိပြီးတော့ နှစ်စဉ်နိုင်ငံအတွင်းမှာရှိတဲ့ စာသင်ကျောင်းများအတွက် အဆောက်အဦ ပြင်ဆင်စရိတ်များ ချထားပေးခြင်း၊ ကျောင်းဆောင် အဆောက်အဦအသစ် ဆောက်လုပ်ပေးခြင်းများအတွက် ငွေများချထားပေးပြီး ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။ အဲဒီလိုချထားပေးတဲ့နေရာမှာ ဒေသခံရပ်မိရပ်ဖများနဲ့ ပညာရေးဝန်ထမ်းများ ပူးပေါင်းပြီး ကော်မတီများဖွဲ့၍ ငွေများကိုအရစ်ကျစနစ်ဖြင့် ချထားပေးလျက်ရှိပါတယ်။ ယင်းသို့ငွေကျဖို့အတွက်အမှုတွဲတည်ဆောက်ရခြင်းများ၊ အရစ်ကျငွေထုတ်၍ဆောင်ရွက်နေရခြင်းများကြောင့် နိုင်ငံတော်မှချထားပေးရတဲ့ငွေဟာ ရာနှုန်းပြည့်ထိရောက်မှုမရှိတာကို တွေ့ရပါတယ်။ စာသင်ကြားသောဆရာ၊ ဆရာမများမှာ အဆောက်အဦအတွက် တာဝန်ယူနေခြင်းကြောင့်လည်း စာသင်ကြားရေးကတစ်ဖက်၊ ဆောက်လုပ်ရေးကတစ်ဖက်နဲ့ မနိုင်ဝန်ထမ်းနေကြရပါတယ်။ ဒါ့အပြင် မိမိမကျွမ်းကျင်တဲ့ ဆောက်လုပ်ရေးကဏ္ဍကို တာဝန်ယူရတဲ့အတွက်လည်း ပြဿနာများမလိုလားအပ်ပဲ ပေါ်ပေါက်လာနိုင်ပါတယ်။ ဒါကြောင့် ပညာရေးဝန်ကြီးဌာနမှာ အဆောက်အဦများဆောက်လုပ်ထိန်းသိမ်းသောဌာန သီးခြားထပ်တိုးဖွင့်လှစ် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ဌာနမှတာဝန်ယူ၍ ကန်ထရိုက်စနစ်ဖြင့် လည်းကောင်း၊ နိုင်ငံတစ်ဝှမ်းလုံးရှိစာသင်ကျောင်းများသို့ တာဝန်ယူ

ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်းစနစ် ကျင့်သုံးမည်ဆိုပါက ပညာရေးကဏ္ဍအတွက် ပိုမိုအထောက်အကူ ဖြစ်မယ်လို့ ယူဆပါသဖြင့် ယင်းသို့စနစ်ပြောင်းလဲကျင့်သုံးရန် အစီအစဉ် ရှိ၊ မရှိ သိလိုပါသဖြင့် ဖြေကြားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**စာသင်ဆောင်များတိုးချဲ့ ဆောက်လုပ်ရန်နှင့် လိုအပ်သောရန်ပုံငွေကို ထပ်မံချပေးရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ဖာပွန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်အတွင်းအခြေခံပညာကျောင်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေကို ဦးစွာတင်ပြလိုပါတယ်။ ကရင်ပြည်နယ်အတွင်းမှာ အခြေခံပညာအထက်တန်းကျောင်းပေါင်း ၄၀၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၇၈ ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းပေါင်း ၁၁၇၉ ကျောင်း၊ စုစုပေါင်းကျောင်းပေါင်း ၁၂၉၇ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိနေပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း ခွင့်ပြုရန်ပုံငွေနဲ့ပတ်သက်ပြီး မေးခွန်းမေးမြန်းလိုပါတယ်ခင်ဗျား။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်းပေါင်း ၁၈၁၃.၂၅ နဲ့ ကျောင်းပေါင်း၅၇ ကျောင်းကို အသစ် ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိနေပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီကျောင်းတွေအပြင် ရန်ပုံငွေလုံလောက်မှုမရှိ၍ ပြီးပြတ်အောင် ဆောက်လုပ်နိုင်ခြင်း မရှိသေးသောကျောင်းများ၊ စာသင်ခန်းနှင့်ကျောင်းသားဦးရေ အချိုးမညီသဖြင့် တိုးချဲ့ဆောက်လုပ်ရန်လိုအပ်နေသော ကျောင်းများ၊ ကျောင်းဥပစာရိပ်များ ပျက်ယွင်းနေပြီး အသစ် ဆောက်လုပ်ရန် လိုအပ်နေသောကျောင်းများ ကျန်ရှိနေပါသေးတယ်။ အဲဒီကျောင်းတွေအတွက် ခွင့်ပြုရန်ပုံငွေများထပ်မံချထားပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**Ph.D Thesis Paper များနှင့် Research များကို အသုံးပြုမှုနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများ ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသောသုခနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်ရင်း ဂါရဝပြုပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိန် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးနဲ့ပတ်သက်သောမေးခွန်းကို မေးမြန်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား ရိုသေလေးစားစွာ ပန်ကြားအပ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်အတန်းမီအောင် ဘက်စုံထောင့်စုံမှ ဆောင်ရွက်နေတာကို တွေ့ရှိ ရပါတယ်။ နှစ် ၃၀ နှစ်ရှည်စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ကိုလည်း သိရပါတယ်။ Ph.D ဘွဲ့များကိုလည်း နိုင်ငံတော်၌မှာပင် ချီးမြှင့်အပ်နှင်းနေတာကိုလည်း တွေ့မြင်ရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ Ph.D ဘွဲ့ရပညာရှင်များသည် ကိုရီးယားနိုင်ငံတွင် သော်လည်းကောင်း၊ အာဆီယံ ၁၀ နိုင်ငံတွင်သော်လည်းကောင်း မြန်မာနိုင်ငံမှ ပထမဆုရရှိခဲ့တဲ့ အစဥ်အလာများလည်း ရှိခဲ့ရပါတယ်။ ထို Ph.D ပညာရှင်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် တန်ဖိုးရှိစွာလူမှန်နေရာမှန်ဖြင့် ဝင်ရောက်လုပ်ကိုင်စေလိုပါတယ်။ ဒါကြောင့်မို့လို့ ဥပမာအားဖြင့် နိုင်ငံတော်မှထွက်ရှိသော စားအုန်းဆီများကို မလေးရှားနိုင်ငံသို့ပို့ပြီးတော့ အရောင်ချွတ်ခြင်း၊ အနံ့ပြုပြင်ခြင်းများကို ပြုလုပ်ပြီးမှ နိုင်ငံတော်အတွင်းသို့ ပြန်လည်တင်သွင်း ရသဖြင့် တိုင်းပြည်ရဲ့ဘဏ္ဍာငွေများ ဆုံးရှုံးနေရပါတယ်။ နစ်နာနေရပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံ အတွင်းမှာပဲ အရောင်၊ အနံ့ ချွတ်နိုင်တဲ့ Research များ၊ Ph.D ပညာရှင်များလည်း ပေါ်ထွန်းနေပြီ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ့်ပညာရှင်များနဲ့ နိုင်ငံတော်တို့ ပူးပေါင်းဆောင်ရွက်နိုင်ပါက တိုင်းပြည်ရဲ့ထွက်ငွေသက်သာပြီး ကိုယ့်နိုင်ငံပညာရှင်များ၏ Research များကို သုံးစွဲပံ့ပိုးကူညီရာ ရောက်ပါသဖြင့် ပိုမိုကြိုးစားတီထွင်ချင်စိတ်များ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ တခြားဥပမာလုပ်ငန်းစဥ် များလည်းများစွာရှိပါသေးတယ်။ ဒါကြောင့်မို့လို့ နိုင်ငံတော်၏ပညာရေး တိုးတက်မှုကိုမျှော်ကိုး၍ လည်းကောင်း၊ တန်ဖိုးရှိသော Research များကို တိုင်းပြည်နဲ့ လူမျိုးအတွက်အကျိုးရှိစွာ အသုံးချ နိုင်စေရေး အတွက်လည်းကောင်း ရည်ရွယ်ပြီးတော့ အောက်ပါမေးခွန်းကိုမေးမြန်းခြင်း ဖြစ်ပါတယ်။ Ph.D Thesis Paper များကိုနိုင်ငံတော်နှင့် ပြည်သူများအတွက် အကျိုးပြုနိုင်အောင် မည်သို့ မည်ပုံ ဆောင်ရွက်ထားပါသနည်း။ တန်ဖိုးရှိသော Research များကို ပြည်သူများအကျိုးအတွက် အသုံးပြုမှု ရှိပါသလား။ အသုံးမပြုသေးသော Research များကို ပြည်သူများအကျိုးအတွက်

ပြင်ပစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်ပေးရန် အစီအစဉ်များ ရှိ မရှိကို သိလိုပါတယ်လို့ မေးမြန်းရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ပညာရေးကဏ္ဍ ဘဏ္ဍာငွေအသုံးစရိတ်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒဂုံမြို့သစ်မြောက်ပိုင်းမှ ဒေါ်တင်နွယ်ဦး မေးခွန်းနှစ်ခုမေးဖို့ ဖြစ်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်း)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ကြွရောက်လာသော အထူးဖိတ်ကြားထားသော ဧည့်သည်များနှင့်တကွ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကျက်သရေမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ဆုတောင်းလိုက်ပါတယ်။ ကျွန်မကတော့ ဒဂုံမြို့သစ်(မြောက်ပိုင်း) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်နွယ်ဦး ဖြစ်ပါတယ်။ ကျွန်မမေးမယ့်မေးခွန်းနှစ်ခုကို တစ်ဆက်တစ်စပ်တည်း မေးမြန်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးထံ တင်ပြအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့် ကျွန်မမေးမယ့်မေးခွန်း အပြည့်အစုံကတော့ (၁)မေးခွန်းက ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်း ခွဲဝေချထားမှုများနှင့်ပတ်သက်၍ လွန်ခဲ့သောငါးနှစ် အတွင်း အသုံးပြုခဲ့သော ဘဏ္ဍာငွေများအနက်မှ ပညာရေးကဏ္ဍအတွက် မည်သို့မည်ပုံခွဲဝေသုံးစွဲ သည်ကို ရှင်းလင်း ဖြေကြားပေးစေလိုပါတယ်။ ထို့အပြင်ယခုလက်ရှိ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အတွက် ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေအရ ပညာရေးကဏ္ဍ ဘဏ္ဍာငွေအသုံးစရိတ်သည် အစိုးရအဖွဲ့ တစ်ခုလုံး၏ အသုံးစရိတ်အချိုးအစား Percentage of government expenditure အရ မည်မျှ ရှိသည်ကိုသိလိုပါသည်။

**ပညာရေးကဏ္ဍအတွက် တိုးတက်သုံးစွဲရန် အစီအမံများ နှင့်စပ်လျဉ်းသည့်မေးခွန်း**

(၂) မေးခွန်းကတော့ရေရှည်တွင် အခြားနိုင်ငံများနည်းတူ ပညာရေးကဏ္ဍအတွက် တိုးတက် သုံးစွဲနိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့်မည်ကဲ့သို့ အစီအမံများထားရှိသည်ကို သိလိုပါ သည်။ မေးခွန်း (၂) ခုကိုမေးမြန်းခွင့်ပြုတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကို အထူးပဲကျေးဇူးတင်ပါတယ်။ ဒီမေးခွန်း (၂) ခုနဲ့ ပတ်သက်ပြီးတော့ ကျွန်မအနေနဲ့ လေးမိနစ်ခန့်ရှင်းလင်းခွင့်ပြုပါ။ ဥက္ကဋ္ဌကြီးရှင့်။ မြန်မာနိုင်ငံမှာ C S O ဗဟိုစာရင်းအင်းအဖွဲ့ကနေ ထုတ်ဝေတဲ့ Statistical Year Book 2008 ကနေပြီတော့ ပြည်သူ့ဘဏ္ဍာငွေရှင်းတမ်းမှာကဏ္ဍအလိုက် အသုံးစရိတ်တွေကိုဇယားတွေနဲ့ ဖော်ပြ ထားရှိသော်လည်း ကျန်မာရေးနဲ့ပညာရေးအသုံးစရိတ်တွေကို တိကျစွာဖော်ပြထားခြင်း မတွေ့ရပါ ဘူး။ အစိုးရအဖွဲ့ ဘဏ္ဍာငွေခွဲဝေချထားရေးနဲ့ပတ်သက်၍ ကမ္ဘာ့နိုင်ငံအများစု ကျင့်သုံးနေသည်များ ကို လေ့လာကြည့်ရှုပါက အထူးအားဖြင့် ကျန်းမာရေးနှင့်ပညာရေးကဏ္ဍကို အထူးဦးစားပေးပြီး အသုံးပြုတာကို တွေ့မြင်ကြရပါတယ်။ နိုင်ငံများကို တစ်ဦးချင်းဝင်ငွေအလိုက် အုပ်စုကြီးသုံးခုခွဲပြီး

ကြည့်လို့ရပါတယ်။ ပထမအုပ်စုကတော့ ဝင်ငွေအနိမ့်ဆုံးနိုင်ငံဖြစ်ပြီး တစ်ဦးချင်းပျမ်းမျှတစ်နှစ်ဝင်ငွေအမေရိကန်ဒေါ်လာ ၂၀၀၀ အောက်ရှိတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒုတိယအလယ်အလတ်အုပ်စုမှာ ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀၀၀ ကနေ ၉၀၀၀ ကြားရှိတဲ့အုပ်စုဖြစ်ပြီး၊ တတိယအမြင့်ဆုံးအုပ်စုကတော့ အမေရိကန်ဒေါ်လာ ၁၇၀၀၀၀ အထက်မှာရှိတဲ့နိုင်ငံများဖြစ်ကြောင်း တွေ့ရပါတယ်။ အဲဒီတော့ ဒီနိုင်ငံအသီးသီးရဲ့ အစိုးရရဲ့အသုံးစရိတ်ငွေ စုစုပေါင်းမှာ ပညာရေးကဏ္ဍအတွက်ခွဲဝေ သုံးစွဲမှုပမာဏဟာဆိုရင် အနည်းဆုံးခုနှစ်ရာခိုင်နှုန်းကနေပြီးတော့ ၃၀ ရာခိုင်နှုန်းထိသုံးစွဲတာကို တွေ့ရပါတယ်။ နမူနာအနေနဲ့ ကြည့်မယ်ဆိုရင် ဝင်ငွေအနိမ့်ဆုံးနိုင်ငံများအုပ်စုမှ အီသီယိုးပီးယား နိုင်ငံရဲ့ ပညာရေးအသုံးစရိတ်က အစိုးရအသုံးစရိတ်စုစုပေါင်းရဲ့ ၁၃ ရာခိုင်နှုန်းရှိပါတယ်။ လူတစ်ဦးချင်းအတွက် အသုံးစရိတ်အမေရိကန်ဒေါ်လာက ၉.၉၅ ဒေါ်လာရှိပါတယ်။ အဲဒီတော့ ပထမအုပ်စုက ဒုတိယအုပ်စုကို ကူးပြောင်းနေတဲ့ အာဆီယံနိုင်ငံဖြစ်တဲ့ အင်ဒိုနီးရှားနိုင်ငံရဲ့ ပညာရေးအသုံးစရိတ်မှာ တစ်ဦးချင်းစီအတွက် အမေရိကန်ဒေါ်လာက ၂၇ ဒေါ်လာရှိပြီးတော့ ဒုတိယအဆင့်အုပ်စုမှာ မြန်မာနိုင်ငံရဲ့ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းနဲ့မလေးရှားမှာဆိုရင် တစ်ဦးချင်းအသုံးစရိတ် ၂၃၅ ဒေါ်လာ ကနေ ၄၀၅ ဒေါ်လာ အသီးသီးဖြစ်တာကို တွေ့ရပါတယ်။ အဲဒီတော့ ပြန်ကြည့်မယ် ဆိုလို့ရှိရင် ကျွန်မတို့အဆင့်သုံးစာရင်းဝင်နိုင်ငံများထဲမှာ အမေရိကန်ဒေါ်လာ ၂၅၀၀ အထိ သုံးစွဲထားတာကို တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံရဲ့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကို ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့စွဲနဲ့ ထုတ်ပြန်ထားပြီး ဖြစ်ပါတယ်။ အဲဒီဥပဒေအရဆိုရင် ၉/၂၀၁၁ အရဆိုရင် မြန်မာနိုင်ငံရဲ့ ပညာရေးကဏ္ဍအတွက် လူတစ်ဦးကျအသုံးစရိတ် ကျွန်မအတိအကျတွက်ကြည့်တာ ကတော့ ၅၄၁၃ ကျပ်ပဲရှိပါတယ်။ အဲဒီတော့ ခုန ကျွန်မပြောပြထားတဲ့ အီသီယိုးပီးယားနိုင်ငံရဲ့ ၂၀၀၈ ရဲ့ အမေရိကန်ဒေါ်လာ အသုံးစရိတ်ကဆိုရင် ၉.၉၅ ဒေါ်လာ တစ်နည်းအားဖြင့်တွက်ကြည့်ရင် ၁၀၀၀၀ လောက် ရှိတယ်။ ၁၀၀၀၀ ကျော်ရှိတယ်။ မြန်မာငွေက မြန်မာပြည်ကကျတော့ ၅၄၁၃ ကျပ်ပဲ ရှိတာတွေ့ရ ပါတယ်။ အဲဒီတော့ ဒီအသုံးစရိတ်မှာဆိုလို့ရှိရင် တစ်ဦးချင်းဝင်ငွေ ဒေါ်လာ ၂၀၀၀ အောက်ရှိတဲ့ ပထမအုပ်စုဝင်နိုင်ငံဖြစ်တဲ့ အီသီယိုးပီးယားနိုင်ငံကဲ့သို့ နိုင်ငံထက် ထက်ဝက်နီးပါး နိမ့်ကျတာကို တွေ့ရပါတယ်။ အဲဒီတော့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရအဖွဲ့ကို ဖြေကြားပေးပါရန် ခုန ကျွန်မတင်ပြထားတဲ့ မေးခွန်းများနှစ်ခုကို မေးမြန်းလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာမြဒေး (ပြည်ထောင်စုဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ပဏာမအနေနဲ့ ကျွန်တော် နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဒေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီး လေးဦးမေးထားတဲ့ မေးခွန်းငါးခုကို တစ်ဆက်တည်း ဖြေကြားခွင့်ပြုပါခင်ဗျား။ ပထမမေးတဲ့မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုးရဲ့ပညာရေးကဏ္ဍဆိုင်ရာမေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို ကျွန်တော့်အနေနဲ့ ဖြေကြားရမယ်ဆိုရင် ပညာရေးဌာန အဆောက်အအုံများ တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပုံစနစ်ကို ကျွန်တော့်အနေနဲ့ ရှင်းလင်းခွင့်ပြုပါခင်ဗျား။ ငွေလုံးငွေရင်းအသုံးစရိတ် တည်ဆောက်ပြုပြင်ရေးရန်ပုံငွေအဖြစ် အဆောက်အအုံများ အသစ်ဆောက်လုပ်မှုအားလုံးကို နိုင်ငံတော်က သတ်မှတ်ခွင့်ပြုပေးသည့် PAE စံနှုန်းဖြင့်ပဲ ကန်ထရိုက်စနစ်နဲ့ အပ်နှံဆောင်ရွက်လျက်ရှိပါတယ်ခင်ဗျား။ နောက်သဘာဝဘေးအန္တရာယ် ခံရသော ကျောင်းဆောင်ဆောက်လုပ်မှုအားလုံးကို သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ကျခံပြီး ကန်ထရိုက်စနစ်ဖြင့်ပင် နိုင်ငံတော်ကသတ်မှတ်ခွင့်ပြုပေးသည့် PAE စံနှုန်းအရပေးချေ ဆောင်ရွက် ပါတယ်။ ဝန်ကြီးဌာနအစီအစဉ်ဖြင့် ဥပဓိရုပ်မကောင်းသောကျောင်းများအတွက် အချိုးကျစရိတ်များ ကို သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ပေးသွင်း၍ သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကွပ်ကဲမှုအစီအစဉ်တို့ဖြင့် ကျောင်းဆောင်သစ်များကိုဆောက်လုပ် လျက်ရှိပါတယ်။ ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်းမဟုတ်သည့်အသေးစား ပြင်ဆင်ထိန်းသိမ်းခြင်း၊ မိဘပြည်သူထည့်ဝင်ငွေဖြင့် ဆောက်လုပ်ဆဲကျောင်းများ အပြီးသတ်ဆောက်လုပ်ခြင်း၊ ကျောင်းဆောင် သစ်ဆောက်လုပ်ရန် ဌာနမှသင့်လျော်သော ရန်ပုံငွေများကိုခွဲဝေပေး၍ ဆောက်လုပ်စစ်ဆေးခြင်းတို့ကို သာမန်အသုံးစရိတ် Current တည်ဆောက်ပြုပြင်ရေးရန်ပုံငွေဖြင့်ပင် သက်ဆိုင်ရာကျောင်း ဆောက်လုပ်ရေးကော်မတီများက ဆောက်ရွက်ကြပါတယ်။ နံပါတ်(၂) သို့ပါ၍ ပညာရေးဝန်ကြီးဌာန၏ လက်ရှိဆောင်ရွက်ကျင့်သုံးသည့်စနစ်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်နှင့် ကိုက်ညီမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စနစ်ပြောင်းလဲကျင့်သုံးရန် သီးခြားအစီအစဉ်မလိုအပ်ပါ ကြောင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမေးခွန်းကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်၏ ပညာရေးကဏ္ဍဆိုင်ရာ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ် အတွင်းရှိ ဆောက်လုပ်မပြီးစီးသေးသည့် ပြီးစီးမှု ၈၀ ရာခိုင်နှုန်း အခြေခံပညာကျောင်း ငါးကျောင်း ကိုလည်းကောင်း၊ စာသင်ခန်းနှင့် ကျောင်းသားအချိုးမညီသဖြင့် တိုးချဲ့ဆောက်လုပ်ရန်လိုအပ်နေသော အခြေခံပညာကျောင်း လေးကျောင်း ကိုလည်းကောင်း၊ ဥပဓိရုပ်မကောင်းသဖြင့် အသစ်ဆောက်လုပ် ရန်လိုအပ်နေသော အခြေခံပညာကျောင်း နှစ်ကျောင်းကိုလည်းကောင်း ပြုပြင်ဆောက်လုပ်နိုင်ရေး အတွက် စိစစ်၍ လိုအပ်ချက်ပေါ်မူတည်ပြီး ဦးစားပေးအဆင့်အလိုက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်၍ အမှတ် (၂) အခြေခံပညာဦးစီးဌာန၏ ငွေလုံးငွေရင်းတည်ဆောက်ရေးအသုံးစရိတ်ရန်ပုံငွေနဲ့ သာမန်အသုံးစရိတ်တည်ဆောက်ပြုပြင်ရေး ရန်ပုံငွေများမှ ခွဲဝေချထားပေးနိုင်ရန်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။

မေးခွန်းနံပါတ်(၃)ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန်းစိန်၏ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပါရဂူဘွဲ့သင်တန်းသား၊ သင်တန်းသူများသည် ဘာသာရပ်ဆိုင်ရာ အထူးပြု နယ်ပယ်အလိုက် သုတေသနလုပ်ငန်းများကို ဆောင်ရွက်၍ရရှိလာသော သုတေသနရလဒ်များဖြင့် Ph.D Dissertation များတင်သွင်းရပါတယ်။ Ph.D Dissertation များတွင် ဘာသာရပ်ဆိုင်ရာ အထူးပြုနယ်ပယ်အလိုက် ရရှိလာသောသုတေသန တွေ့ရှိချက်များပေါ်မူတည်၍ (၁)ဘာသာရပ် အကျိုးပြုသုတေသနလုပ်ငန်းများ၊ (၂) ဒေသအကျိုးပြု သုတေသနလုပ်ငန်းများ၊ (၃) နိုင်ငံအကျိုးပြု သုတေသနလုပ်ငန်းများဟူ၍ သုံးပိုင်းသတ်မှတ်ထားပါသည်။

**နိုင်ငံတော်နှင့်ပြည်သူများအတွက် အကျိုးပြုနိုင်အောင် ဆောင်ရွက်ထားရှိမှုအခြေအနေ**

Ph.D Dissertation များနဲ့ အခြားဘာသာရပ်ဆိုင်ရာ အထူးပြုနယ်ပယ်အလိုက်ရရှိလာသော သုတေသနတွေ့ရှိချက်များအပေါ်မူတည်၍ (၁) နိုင်ငံအကျိုးပြုသုတေသနစာတမ်း စုစုပေါင်း ၆၇၁ စောင်ကို ပညာရေးဝန်ကြီးဌာမှ ထုတ်ဝေသောတက္ကသိုလ်များ၊ သုတေသနဂျာနယ်များတွင် လည်းကောင်း၊ (၂)ဒေသအကျိုးပြုသုတေသနစာတမ်းစုစုပေါင်း ၁၁၇၃ စောင်ကို တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ထုတ်ဝေသောတက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် သုတေသနဂျာနယ်များတွင် လည်းကောင်း(၃) ဘာသာရပ်အကျိုးပြုသုတေသနစာတမ်းစုစုပေါင်း ၁၄၅၃ စောင်ကိုမြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့မှ ထုတ်ဝေသော သုတေသနဂျာနယ်များတွင်လည်းကောင်း ထည့်သွင်း ဖော်ပြ၍ ပြည်သူများကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် ဖြန့်ဝေလျက်ရှိပါတယ်။ ဘာသာရပ်အကျိုးပြု

သုတေသနလုပ်ငန်းများ၊ ဒေသအကျိုးပြုသုတေသနလုပ်ငန်းများ၊ နိုင်ငံအကျိုးပြုသုတေသနလုပ်ငန်းများကိုဆောင်ရွက်၍ ရရှိလာသောသုတေသနရလဒ်များဖြင့် သုတေသန ပိုစတာများပြုလုပ်ပြီး ပညာရေးဆိုင်ရာပြပွဲများတွင် အများပြည်သူများသိရှိနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ပြသလျက်ရှိပါတယ်။

**ပြင်ပစီးပွားရေးလုပ်ငန်းရှင်များနဲ့ ပေါင်းစပ်ဆောင်ရွက်နိုင်မှုအစီအစဉ်**

သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လက်တွေ့နယ်ပယ်၌ စီးပွားရေး၊ ကုန်ထုတ်လုပ်ရေး၊ စီမံခန့်ခွဲရေး၊ စိုက်ပျိုးမွေးမြူရေး၊ ဝန်ဆောင်မှုလုပ်ငန်းများစသည့်လုပ်ငန်းများတွင် တိုက်ရိုက်အသုံးချနိုင်သော အသုံးချသုတေသနများ ပိုမိုဆောင်ရွက်ခြင်းကို အားပေးလျက်ရှိပါတယ်။ ထိုသုတေသနလုပ်ငန်းများဆောင်ရွက်၍ ရရှိလာသောသုတေသနရလဒ်များနှင့် သုတေသနတွေ့ရှိချက်များအား သုတေသနစာတမ်းများအဖြစ်ပြုစုပြီး သုတေသနဂျာနယ်များတွင် ထည့်သွင်းဖော်ပြခြင်းနှင့် သုတေသနပိုစတာများ ပြသခြင်းတို့ဖြင့် သုတေသနရလဒ်များနှင့် သုတေသနတွေ့ရှိချက်များပါ အသုံးချနယ်ပယ်တွင် ပေါင်းစပ်ဆောင်ရွက်ရန်နှင့် အသုံးချနယ်ပယ်သို့ ပြောင်းလဲပေးရေးတို့ကို ဦးတည် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ထိုသို့ဆောင်ရွက်ရာမှ သုတေသနရလဒ်များနှင့် သုတေသနတွေ့ရှိချက်များအား စိတ်ဝင်စား၍ ဆက်သွယ်လာသူများရှိပါက သုတေသနလုပ်ငန်းဆိုင်ရာပညာရှင်များအား လွှဲပြောင်းပေးလျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။

နောက်မေးခွန်းနှစ်ခုကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး၏ ပညာရေးကဏ္ဍဆိုင်ရာမေးမြန်းခြင်းဖြစ်ပါတယ်။ အဲဒီမေးခွန်းကိုတော့ တစ်ဆက်တည်း ဖြေကြားခွင့်ပြုပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အဲဒီမေးခွန်းကို (၁)အနေနဲ့ဖြေရမယ်ဆိုရင် ပညာရေးကဏ္ဍတွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍဟူ၍ နှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းအားလုံးကို လည်းကောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်၊ ဒီကရီကောလိပ် ၆၄ ကျောင်းကိုလည်းကောင်း တာဝန်ယူပြီးကျန်ရှိသည့် တက္ကသိုလ်၊ ဒီဂရီကောလိပ် ၉၇ ကျောင်းကို သက်ဆိုင်ရာဝန်ကြီးဌာန ၁၂ ခုက တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ (၂)ပညာရေးဝန်ကြီးဌာနနှင့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများတာဝန်ယူသော ဝန်ကြီးဌာန ၁၂ ခုရှိ ပညာရေးအသုံးစရိတ်စုစုပေါင်းမှာ ကျပ်သန်းပေါင်း ၃၅၂၅၈၄ ရှိသဖြင့် ပညာရေးကဏ္ဍစုစုပေါင်းသည် ၄.၄၂ ရာခိုင်နှုန်းဖြစ်ပါသည်။ (၃)နိုင်ငံတော်သမ္မတကြီးက ပညာရေးဆိုင်ရာမူဝါဒ ၁၀ ရပ်ကိုချမှတ်ပေးခဲ့ရာ အောက်ပါလုပ်ငန်းသုံးရပ်တို့ကို တိုးချဲ့

အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ (က) မသင်မနေရမူလတန်းကျောင်းပညာရေးစနစ်ကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစ၍ အစပျိုးအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မူလတန်းကျောင်းသား/ ကျောင်းသူ ၅.၃ သန်းကျော်သို့ ကျောင်းသုံးစာအုပ်များအခမဲ့ ထောက်ပံ့ပေးခဲ့ပါတယ်။ မူလကခွင့်ပြုထားသည့် သာမန်အသုံးစရိတ်အပြင်ငွေကျပ် ၂၀၈၇ သန်းကျော်ကို ထပ်ဆောင်းခွင့်ပြုခဲ့ပါတယ်။ (ခ) ပညာသင်ဆုနဲ့ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ပေးရေး အစီအစဉ်အရ တက္ကသိုလ်ပညာသင်ဆု၊ အခြေခံပညာသင်ဆုနဲ့ ပညာသင်ထောက်ပံ့ကြေးများအဖြစ် ၁၀၈၉.၆ သန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ စတင်ချီးမြှင့်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ (ဂ) အခြေခံပညာကဏ္ဍတွင် ပုဂ္ဂလိကပညာကဏ္ဍမှာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေနှင့် နည်းဥပဒေများထုတ်ပြန်နိုင်ရန် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲခဲ့ပြီး ကိုယ်ပိုင်ကျောင်း မှတ်ပုံတင်ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတရုံး၏ခွင့်ပြုချက်အရ ဆက်လက်စိစစ်ဆောင်ရွက်နိုင်ရန် လွှတ်တော်ရုံးသို့ တင်ပြဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ (ဃ) ကျန်ရှိသည့်ပညာရေးဆိုင်ရာမူဝါဒလမ်းညွှန်ချက်ခုနှစ်ရပ်ကိုလည်း အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါတယ်။ (င) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းစဉ်ရှစ်ရပ်နဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ၏ လုပ်ငန်းစီမံချက်အရ ကျေးလက်ဒေသများတွင် ပညာရေးဆိုင်ရာလုပ်ငန်းစဉ် ၁၃ ရပ်ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ (စ) အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ရပ်လုံးတွင် ပညာသင်ယူမှုအခွင့်အလမ်းများ တိုးတက်ရရှိရေး၊ ပညာရေးအရည်အသွေးမြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရအဖွဲ့သစ်၏ ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ ပညာရေးကဏ္ဍအသုံးစရိတ်များကို နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေပေါ်မူတည်၍ နှစ်စဉ်တိုးမြှင့်သုံးစွဲသွားရန် အစီအမံများရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**စက်ရုံ၊ အလုပ်ရုံများတည်ထောင်ဖွင့်လှစ်ခြင်းကို ခွင့်ပြုပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦးမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းဦး(မြဝတီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ မင်္ဂလာအပေါင်းနဲ့

ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ မြဝတီမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကရင်ပြည်နယ်အတွင်း စက်ရုံ၊ အလုပ်ရုံများ တည်ထောင်ဖွင့်လှစ်ခြင်းကို ခွင့်ပြုပေးရန် အစီအစဉ် ရှိ၊ မရှိနဲ့ပတ်သက်ပြီးမေးမြန်းလိုပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကရင်ပြည်နယ်အတွင်းနေထိုင်လျက်ရှိကြတဲ့ ဒေသခံအချို့ဟာတစ်ဖက်နိုင်ငံကိုသွားရောက်ပြီးအလုပ် လုပ်ကိုင်လျက်ရှိကြပါတယ်။ ဒေသခံအချို့ဟာ အထည်ချုပ်စက်ရုံ၊ ပရိဘောဂစက်ရုံနဲ့ အခြားစက်ရုံ များမှာ သွားရောက်အလုပ်လုပ်ကိုင်ကြသူဟာအများစု ဖြစ်ကြောင်းလည်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့ဒေသအတွင်းမှာအထူးသဖြင့် ဘားအံ၊ မြဝတီတို့ကဲ့သို့ ၂၄ နာရီလျှပ်စစ်ဓာတ်အားရရှိမှု အားသာချက်ရှိတဲ့မြို့နယ်များမှာ အလားတူစက်ရုံ၊ အလုပ်ရုံများတည်ထောင်ပေးနိုင်လျှင် ဒေသခံ ပြည်သူများအခြားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရန်မလိုအပ်တော့ပဲ မိမိဒေသအတွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာပြီး အိုးမကွာ၊ အိမ်မကွာနဲ့ သာယာအေးချမ်းစွာနေထိုင် လုပ်ကိုင်နိုင်ကြမှာဖြစ်ပါတယ်။ ဒေသတွင်းလုပ်ငန်းများအား တိုင်းရင်းသားလုပ်ငန်းရှင်များကို သော်လည်းကောင်း၊ တိုင်းရင်းသားနှင့် နိုင်ငံခြားသားလုပ်ငန်းရှင်များဖက်စပ်၍ ကုန်ကြမ်းပေး ကုန်ချောယူစနစ်၊ ဥပမာ- CMP စနစ်ကိုဥပဒေနဲ့အညီ တည်ထောင်ခွင့်ပြုပေးခြင်းဖြင့် ဒေသခံ အလုပ်သမားများအတွက် အာမခံချက်ရှိပြီး အထူးအခွင့်ကောင်းများ ရရှိနိုင်မည်ဟု လေ့လာတွေ့ရှိရပါ တယ်။ သို့ဖြစ်ပါ၍ ဘားအံ မြို့နယ်၊ မြဝတီမြို့နယ်များတွင် အထည်ချုပ်စက်ရုံ၊ ပရိဘောဂစက်ရုံများ နှင့် အလားတူစက်ရုံများ တည်ထောင်ဖွင့်လှစ်ခြင်းကိုခွင့်ပြုပေးနိုင်ရန်အစီအစဉ် ရှိ၊ မရှိကို သိလိုပါ ကြောင်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ထန်းတပင်မြို့နယ်တွင် စက်ရုံ၊အလုပ်ရုံများ တည်ဆောက်ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီမေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းရီ(ထန်းတပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ မင်္ဂလာပါလို့ နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့တွင် စက်ရုံ၊ အလုပ်ရုံများတည်ထောင်ပေးရန်နှင့်ပတ်သက်၍ ရှင်းလင်းသွားမှာ ဖြစ်ပါ တယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ထန်းတပင်မြို့နယ်သည် တက်သစ်ကျွန်း၊ ဘောလယ် ကျွန်းဆိုပြီး ကျွန်းနှစ်ကျွန်းရှိပါတယ်။ ကျေးရွာအုပ်စုပေါင်း ၅၉ အုပ်စုရှိပါတယ်။ ကျေးရွာပေါင်း ၂၃၀

ရှိပါတယ်။ တက်သစ်ကျွန်းမှာ ကျေးရွာပေါင်း ၁၀၀ ကျော်ရှိပါတယ်။ တက်သစ်ကျွန်းနဲ့ လှိုင်သာယာ စက်မှုဇုန်တို့ဟာ တစ်ဆက်တစ်စပ်တည်းရှိတဲ့အတွက်ကြောင့်မို့ တက်သစ်ကျွန်းမှာရှိတဲ့ အလုပ်သမား မိသားစုများဟာ လှိုင်သာယာကိုသွားပြီးတော့ အလုပ်လုပ်ကိုင်ရတဲ့အတွက် မိသားစုများရဲ့ စားဝတ် နေရေးဟာ အဆင်ပြေချောမွေ့လျက်ရှိပါတယ်။ အလားတူပဲ ရေပတ်လည်ဝိုင်းပြီးတော့ ချောင်း၊ မြောင်းတွေနဲ့ဝိုင်းရံလျက်ရှိတဲ့ ဘောလယ်ကျွန်းမှာလည်း ကျေးရွာပေါင်း ၁၀၀ ကျော်ရှိပါတယ်။ အဲဒီ ၁၀၀ ကျော်မှာရှိတဲ့ အလုပ်သမားမိသားစုများဟာ လယ်ယာလုပ်ငန်းခွင်လုပ်တဲ့အချိန်ပြီးလျှင် လေးလ၊ ငါးလလောက်အလုပ်လက်မဲ့နဲ့ နားနေရပါတယ်။ အဲဒီလိုနားနေရတဲ့အတွက်ကြောင့်မို့ ထန်းတပင်မြို့ပေါ်မှာ အလုပ်ရုံ၊ စက်ရုံများအားတည်ပေးမယ်ဆိုရင် ဒီဘောလယ်ကျွန်းမှာရှိတဲ့ အလုပ်သမားမိသားစုများရဲ့ စားဝတ်နေရေးဟာ အဆင်ပြေချောမွေ့လာမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ဘောလယ်ကျွန်းရဲ့ အလုပ်သမားမိသားစုများ၏ လိုလားတောင့်တချက်အရ တောင်းဆိုရခြင်း ဖြစ်ပါတယ်။

သို့သော်လည်း နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချ ရေးစီမံချက်များ အကောင်အထည်ဖော်ပေးမယ်ဆိုတာရှိတဲ့အတွက်ကြောင့် ထန်းတပင်မြို့ပေါ်မှာ အလျဉ်းသင့်လို့ ဆောင်ရွက်နိုင်မယ်၊ အခွင့်အရေးရှိမယ်ဆိုရင် ထန်းတပင်မြို့ကြီး၌ အလုပ်သမားများ လည်းပေါပါတယ်။ မြေလည်းရှိပါတယ်၊ လျှပ်စစ်သွယ်တန်းတဲ့ အနေအထားနဲ့လည်း နီးပါတယ်။ ဒါ့ကြောင့်မို့လို့ စက်ရုံ၊ အလုပ်ရုံများ အခွင့်သာလို့တည်ပေးမယ်ဆိုရင်တော့ တည်ပေးပါလို့ တင်ပြရင်းနဲ့ယုံကြည်စွာဖြင့်ပဲ ကျွန်တော့်ရဲ့မေးခွန်းကို ဆက်လက်မမေးမြန်းတော့ဘဲနဲ့ ပြန်လည် ရုပ်သိမ်းခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။သက်ဆိုင်ရာဝန်ကြီးက ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးစိုးသိန်း(ပြည်ထောင်စုဝန်ကြီး၊အမှတ် (၂)စက်မှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြဝတီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းဦးရဲ့မေးခွန်းကို ဦးစွာဖြေကြားပါမယ်။ ကရင်ပြည်နယ်၊ ဘားအံမြို့အနီးတစ်ဝိုက်မှာ စက်မှုဇုန်တည်ထောင်သွားဖို့အတွက် နိုင်ငံတော်သမ္မတကြီးရဲ့ လမ်းညွှန် ချက်ဖြင့် ဘားအံ-လှိုင်းဘွဲကားလမ်း၊ ဘားအံမြို့မှ ခုနှစ်မိုင်အကွာရှိမြေဧရိယာ ၉၆၉ ဧက အကျယ်အဝန်းမှာ စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီး ဖြစ်ပါကြောင်း အသိပေးတင်ပြအပ် ပါတယ်။ အဲဒီစက်မှုဇုန်မှာ အထူးသဖြင့် စက်ကိရိယာနည်းနည်းနဲ့ လူရဲ့လုပ်အားကို အဓိက

အသုံးပြုရတဲ့စက်မှုလုပ်ငန်းဖြစ်တဲ့ Labour Intensive Industry များကို အကောင်အထည်ဖော် တည်ဆောက်သွားမှာ ဖြစ်ပါတယ်။ အဲဒီစက်မှုဇုန်အနေနဲ့ လူဦးရေ ၅၀၀၀ မှ ၁၀၀၀၀ ခန့်အထိ အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးရရှိစေမှာဖြစ်ပါတယ်။ အချိန်ကာလအားဖြင့် ခြောက်လက ကိုးလအတွင်းမှာ အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပြီး၊ ဘားအံစက်မှုဇုန်မှာတော့ မော်တော်ယာဥ် ထုတ်လုပ်ရေးလုပ်ငန်းတွေကို ခွင့်ပြုမှာမဟုတ်ကြောင်းလည်း ဖော်ပြအပ်ပါတယ်။ မြဝတီမြို့နယ်အတွင်းမှာ နယ်မြေအေးချမ်းမှု မရှိသေးတဲ့အတွက်ကြောင့် လတ်တလော အခြေအနေအရ စက်မှုဇုန်တည်ထောင်ရန် အစီအစဥ်မရှိသေးပါကြောင်းနဲ့ နယ်မြေအေးချမ်းလာတဲ့ အခါမှာ စက်မှုဇုန်တည်ထောင်နိုင်ရေးအတွက် ဦးစားပေးစဥ်းစားသွားမယ် ဖြစ်ကြောင်းလည်း ပြန်ကြားအပ်ပါတယ်။ အခြားပြည်နယ်များဖြစ်တဲ့ မွန်ပြည်နယ်၊ ဘုရားသုံးဆူဒေသ၊ ရှမ်းပြည်နယ်၊ သိန္နီမြို့နယ်၊ နမ့်ဖတ်ကာဒေသ၊ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်အနီးတို့မှာ မကြာမီကာလ အတွင်းမှာ စက်မှုဇုန်များ တည်ထောင်သွားရန် စီစဥ်လျှက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

နောက်မေးခွန်းတစ်ခုဖြစ်တဲ့ ထန်းတပင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ ရဲ့မေးခွန်းကို ဖြေကြားပါမယ်။ ထန်းတပင်မြို့နယ်မှာ စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်ရန်နဲ့ ပတ်သက်လို့ အစီအစဥ်မရှိပါကြောင်း ပြန်ကြားအပ်ပါတယ်။ လာမည့်အနာဂတ်မှာ နိုင်ငံတော်အနေနဲ့ နိုင်ငံတော် အစိုးရပိုင်စက်ရုံ၊ အလုပ်ရုံများ State Own Enterprise များကို တိုးချဲ့တည်ဆောက် သွားရန် မဟုတ်တော့ဘဲနဲ့ ပုဂ္ဂလိကရဲ့ရင်းနှီးမြှုပ်နှံမှု အခန်းကဏ္ဍတွေကို တိုးမြှင့် ဆောင်ရွက် သွားဖို့သာ စီမံသွားကြရမှာဖြစ်ပါတယ်။ ပုဂ္ဂလိက သို့မဟုတ် ဖက်စပ်လုပ်ငန်းရှင်များ အနေနဲ့သာ လိုအပ်တဲ့ အနေအထားနဲ့ အခွင့်အလမ်းများပေါ် မှာမူတည်၍ စဥ်းစားဆောင်ရွက်သွားမှာဖြစ်ကြောင်း ပြန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီက သူရဲ့မေခွန်းကို ရုပ်သိမ်းသွားသော်လည်း သက်ဆိုင်ရာဝန်ကြီးက အားလုံးရှင်းလင်းအောင် ဖြေကြားလိုက်တဲ့အတွက် ထူးခြားတဲ့ကိစ္စတစ်ခု ဖြစ်ပါတယ်။

**ရွှေစာရေးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းနှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ကနီမဲဆန္ဒနယ်မှ ဦးကျန်ထွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျန်ထွန်း(ကနီမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါ စေလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီ

မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ မေးခွန်းတစ်ခုကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့ မေးခွန်းကို စာဖြင့် ဖတ်ကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ချင်းတွင်းမြစ်၏ ရေဝေရေလဲ ဒေသများတွင်အလွန်အကျွံ တွင်းထွက်ပစ္စည်းများတူးဖော်ခြင်းနှင့် သစ်တောများပြုန်းတီးလာခြင်းတို့ကြောင့် သဲသောင်ဖြစ်ထွန်းမှု များလာခဲ့ပါတယ်။ ဆောင်းရာသီနဲ့ နွေရာသီများမှာ မြစ်ကြောင်းတိမ်ပြီး ကျဉ်းမြောင်းသွားတဲ့အတွက် မြစ်အတွင်းသွားလာသော ရေယာဉ်များ၊ စက်လှေများသွားလာရေး ခက်ခဲခဲ့ပါတယ်။ ယာဉ်စီးခ နှုန်းထားများမြင့်မားခဲ့ပြီး ခရီးသည်များပင်ပန်းစွာဖြင့် အချိန်ကြာမြင့်စွာ သွားလာနေကြရပါတယ်။ ချင်းတွင်းမြစ်ကမ်းနံဘေးကျေးရွာများမှာ ချင်းတွင်းမြစ် ကောလာတဲ့အတွက် နှစ်စဉ်ရေကြီးမှုဒဏ်ခံစား ခဲ့ရပြီး၊ မြစ်ရေဝင်သော သီးနှံစိုက်ခင်းများလည်း ပျက်စီးမှုများကြုံတွေ့နေကြရပါတယ်။ မြစ်ရေ နှစ်စဉ်ဝင်တဲ့အတွက် မြစ်ကမ်းပါးများပြိုခဲ့ပြီး အချို့ကျေးရွာများမှာ အဆောက်အဦများ ပြောင်းရွှေ့ခဲ့ ကြရပါတယ်။ မြစ်ကြောင်းရာသီမရွေးသွားလာနိုင်ရေးအတွက် မြစ်ကြောင်းထိန်းသိမ်းရေး ဆောင်ရွက် ရန် ရွှေစာရေးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းနဲ့ စီမံဆောင်ရွက်မယ်လို့ သိရှိရပါတယ်။ စီမံကိန်းဆောင်ရွက်လျှင် ရေဝပ်ဧရိယာမှာ ပါဝင်နိုင်တဲ့ကျေးရွာများမှ ပြည်သူများကလည်း ပြောင်းရွှေ့ရေးဒုက္ခများကို စိုးရိမ်ပူပန်လျက်ရှိနေကြပါတယ်။ လက်ရှိအနေအထားမှာလည်းအခိုင်အမာ အဆောက်အဦသစ်များ ဆောက်လုပ်ရန် မဝံ့မရဲဖြစ်နေကြရပါတယ်။ ဒါ့ကြောင့် မြစ်ကြောင်း ထိန်းသိမ်းရေးဆောင်ရွက်ရန် အခြားနည်းလမ်း ရှိ၊ မရှိ။ ရွှေစာရေးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်း မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည် သို့မဟုတ် မဆောင်ရွက်မည်နှင့်စီမံကိန်း ရေဝပ် ဧရိယာတွင်ပါဝင်သော ကျေးရွာများကို သိရှိလိုပါကြောင်း မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူး တင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇော်မင်း(ပြည်ထောင်စုဝန်ကြီး၊အမှတ် (၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်း တိုင်းဒေသကြီး၊ ကနီမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျန်ထွန်း မေးမြန်းသော မေးခွန်း တွင်အချက်နှစ်ချက်ပါဝင်ပါတယ်။ ပထမတစ်ချက်မှာ ရွှေစာရေးလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး စီမံကိန်း မည်သည့်အချိန်တွင် စတင်ဆောင်ရွက်မည်နဲ့ ဒုတိယအချက်မှာ စီမံကိန်းရေဝပ်ဧရိယာ များတွင်ပါဝင်သော ကျေးရွာများကို သိရှိလိုကြောင်းဆိုတဲ့ အချက်နှစ်ချက်ဖြစ်ပါတယ်။ ချင်းတွင်း

မြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများအနက် တတိယမြောက်စီမံကိန်းတစ်ခုဖြစ်တဲ့ ရွှေစာရေးရေအား လျှပ်စစ်စီမံကိန်း ခန့်မှန်းစက်တပ်ဆင်အား ၆၆၀ မဂ္ဂါဝပ်ဆိုင်ရာ ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု Feasibility Study ဆောင်ရွက်နိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ Memorandum Of Understanding ကို အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အိန္ဒိယနိုင်ငံအစိုးရပိုင် NHPC Ltd. တို့အကြားမှာ ၁၆-၉-၂၀၀၈ ရက်နေ့မှာလက်မှတ်ရေးထိုးခဲ့ကြပါတယ်။ ရွှေစာရေးစီမံကိန်းဟာ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု Foreign Direct Investment-FDI ၊ စနစ်ဖြင့် J.V/B.O.T စနစ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမယ့် စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ NHPC Ltd. အနေနဲ့ စီမံကိန်းစူးစမ်းလေ့လာမှုဆိုင်ရာ ကြားဖြတ်အစီရင်ခံစာ Interim Report ကို ၂၇-၅-၂၀၁၁ မှာ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ NHPC Ltd. အနေနဲ့ ဆက်လက်ပြီးတော့ စီမံကိန်းဆိုင်ရာအသေးစိတ် အစီရင်ခံစာ Detail Project Report-DPR ကို ၂၀၁၂ ခုနှစ်၊ မတ်လမှာတင်ပြနိုင်ရေး စူးစမ်း လေ့လာမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းတို့တင်ပြလာမယ့် Detail Project Report-DPRကို ဝန်ကြီးဌာနအနေနဲ့ အသေးစိတ်လေ့လာသုံးသပ်မှာ ဖြစ်ပါတယ်။ လေ့လာသုံးသပ်ရာ မှာလည်း စီမံကိန်းအမှန်တကယ်ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ အပါအဝင် စီမံကိန်းတည်ဆောက်မှု ကြောင့် မြစ်ကြောင်းဆိုင်ရာ၊ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုအခြေအနေများကိုပါ အသေးစိတ်လေ့လာ သုံးသပ်သွားမှာ ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ စိစစ်သုံးသပ်ချက်အစီရင်ခံစာ Environmental Impact Asseessment Report-EIA ကိုလည်း ဆွစ်ဇာလန်နိုင်ငံ၊ Colenco Power Engineering Ltd. က (၂၀၀၇) ခုနှစ်တွင် စူးစမ်းလေ့လာပြုစုခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းအပြင် Biodiversity ကိစ္စရပ်များစူးစမ်းလေ့လာမှုများကိုလည်း မြန်မာနိုင်ငံ Biodiversity And Nature Conservation Association (BANCA)က ၂၈-၈-၂၀၀၆ မှ ၅-၁၀-၂၀၀၆ အထိ စူးစမ်း လေ့လာမှုပြုစုခဲ့ပြီး ဖြစ်ပါတယ်။ ယခုအချိန်ဟာ စီမံကိန်းဆိုင်ရာစူးစမ်းလေ့လာမှုများ ဆောင်ရွက်ဆဲ ကာလဖြစ်တဲ့အတွက် ရေဝပ်ဧရိယာတွင် ပါဝင်မယ့်ကျေးရွာများကိုလည်း မသတ်မှတ်နိုင်သေးပါဘူး။ စီမံကိန်းတမံ တည်ဆောက်မည့်အောက်ပိုင်း Environmental Impact နှင့်ပတ်သက်ပြီးတော့လည်း အသေးစိတ်သိရှိနိုင်ခြင်း မရှိသေးပါဘူး။

NHPC Ltd. မှတင်ပြလာတဲ့ DPR အရ စီမံကိန်းအကောင်အထည်ဖော်နိုင်ရေးအတွက် ဖြစ်မြောက်နိုင်စွမ်းရှိကြောင်းသေချာရင်၊ စိစစ်တွေ့ရှိရရင် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ စိစစ် သုံးသပ်ချက် Environmental Impact Asseessment-EIA နဲ့ လူမှုဘဝထိခိုက်မှုဆိုင်ရာ စိစစ်သုံးသပ်ချက် Social Impact Assessment-SIA များကို ပြည်တွင်းနှင့် ပြည်ပအဖွဲ့အစည်းများ

စုပေါင်းပြီးတော့ လေ့လာဆန်းစစ်ဆောင်ရွက်သွားပြီးတဲ့အခါမှာ မိမိတို့အစိုးရနဲ့ အိန္ဒိယအစိုးရ နှစ်ဦးနှစ်ဖက် စီးပွားရေးဆိုင်ရာတွက်ချေကိုက်မှုကို စိစစ်ပြီးတော့ အသေးစိတ်ဆွေးနွေးလျက် လက်ခံနိုင်သောခြေအနေရှိလျှင် သဘောတူညီမှုစာချွန်လွှာ Memorandum Of Agreement –MOA နှင့် ဖက်စပ်သဘောတူစာချုပ် Joint Venture Agreement-JVA များချုပ်ဆိုသွားနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိတယ်ဆိုရင် Foreign Direct Investment-FDI စနစ်နဲ့အခြေခံပြီး ဆောင်ရွက်တဲ့စီမံကိန်းဖြစ်သည့်အတွက် NHPC Ltd. အနေနဲ့ အိန္ဒိယအစိုးရရဲ့ခွင့်ပြုထောက်ပံ့ရန်ပုံငွေ အပေါ်မူတည်ပြီး စီမံကိန်းကာလသတ်မှတ်ပြီးတော့ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားရာမှာလည်း မြစ်ထဲမှာအဆင့်ဆင့်စီမံကိန်းများ ဆောင်ရွက်တာဖြစ်တဲ့အတွက် ချင်းတွင်းမြစ်အထက်ပိုင်းမှာ တည်ဆောက်မယ့် ထမံသီရေအားလျှပ်စစ်စီမံကိန်းအကောင်အထည်ဖော်ပြီးစီးမှသာ ယခုစီမံကိန်းကို ဆက်လက်တည်ဆောက်သွားမှာဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**အစ္စလာမ်ဘာသာဝင်များအတွက် ဗလီဝတ်ပြုကျောင်းအများစု ပြင်ဆင်ခွင့်နှင့် အသစ်ဆောက်လုပ်ခွင့်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။မောင်တောမဲဆန္ဒနယ်မှ ဦးအောင်ဇော်ဝင်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဇော်ဝင်း(မောင်တောမဲဆန္ဒနယ်)**။ ။ရိုသေလေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ရခိုင်ပြည်နယ်၊ မောင်တောမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဇော်ဝင်း ဖြစ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်တော်ဖတ်ပြတင်ပြခွင့်ပြုပါရန်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄(ဃ)တွင် ဘာသာ၊ သာသနာရေးနဲ့ပတ်သက်၍ လွတ်လပ်စွာဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသော်လည်း ရခိုင်ပြည်နယ်၊ မောင်တောခရိုင်ရှိ ပြည်ထောင်စုဖွားဒေသခံမဲဆန္ဒရှင် ၉၀ ရာခိုင်နှုန်းခန့်ဖြစ်သော အစ္စလမ်ဘာသာဝင် ကိုးကွယ်ဝတ်ပြုရာ ရပ်ကွက်၊ ကျေးရွာများရှိ ဗလီဝတ်ပြုကျောင်းများ ဟောင်းနွမ်းပျက်ဆီးနေသော်လည်း သက်ဆိုင်ရာဒေသ အာဏာပိုင်များက ပြင်ဆင်ခွင့်အသစ် ပြန်လည်ဆောက်လုပ်ခွင့်မပြုသဖြင့် ဒေသခံပြည်သူများအနေဖြင့် ဝတ်ပြုရန်အခက်အခဲများနှင့် ကြုံတွေ့နေရပါသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဒေသခံပြည်သူများရဲ့ဆန္ဒအရ နိုင်ငံတော်မှမည်ကဲ့သို့ ကူညီဆောင်ရွက်ပေးနိုင်မည်ကိုသိလိုပါ၍ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုသည့် မေးခွန်းမှာ ရခိုင်ပြည်နယ်၊ မောင်တောခရိုင်ရှိ ပြည်ထောင်စုဖွားဒေသခံမဲဆန္ဒရှင် ၉၀ ရာခိုင်နှုန်းခန့်သည် အစ္စလာမ်ဘာသာဝင်များ ဖြစ်ပါသည်။ ထိုဒေသ၏ ရပ်ကွက်၊ကျေးရွာများရှိ ဗလီဝတ်ပြုကျောင်းများ အများစုမှာ ဟောင်းနွမ်းပျက်စီးနေပါသော်လည်း ဒေသဆိုင်ရာ အာဏာပိုင်များက ပြင်ဆင်ခွင့်နှင့် အသစ်ဆောက်လုပ်ခွင့်မပြုသည့်အတွက် အခက်အခဲနှင့်ကြုံတွေ့နေရသဖြင့် နိုင်ငံတော်က မည်ကဲ့သို့ ဆောင်ရွက်ပေးနိုင်မည်ကိုသိလိုပါကြောင်း မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**သူရဦးမြင့်မောင်(ပြည်ထောင်စုဝန်ကြီး၊သာသနာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေလို့ ဆုတောင်းမေတ္တာပို့သရင်းနဲ့နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် မောင်တောခရိုင်ရှိ ပြည်ထောင်စုဖွားဒေသခံမဲဆန္ဒရှင် ၉၀ ရာခိုင်နှုန်းခန့်သည် အစ္စလာမ်ဘာသာဝင်များဖြစ်ကြောင်း ထိုဒေသ၏ ရပ်ကွက်၊ ကျေးရွာများရှိ ဗလီဝတ်ပြုကျောင်းအများစုမှာ ဟောင်းနွမ်းပျက်စီးနေပါသော်လည်း ဒေသဆိုင်ရာအာဏာပိုင်များက ပြင်ဆင်ခွင့်နှင့် အသစ်ဆောက်လုပ်ခွင့်၊ ခွင့်မပြုသည့်အတွက် အခက်အခဲနှင့်ကြုံတွေ့နေရပါသဖြင့် နိုင်ငံတော်က မည်ကဲ့သို့ကူညီဆောင်ရွက်ပေးနိုင်မည်ကို သိလိုပါကြောင်း ရခိုင်ပြည်နယ်၊ မောင်တော မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ကိရ်အာမက်(ခ)ဦးအောင်ဇော်ဝင်း၏ မေးမြန်းလာခြင်းနဲ့ပတ်သက်ပြီးတော့ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ဖြေကြားရပါလျှင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ အစ္စလာမ်ဗလီ၊ ခရစ်ယာန်သာသနာပြုကျောင်းနှင့် ဟိန္ဒူဘုရားရှိခိုးကျောင်း၊ အဆောက်အဦများ ဟောင်းနွမ်းပျက်စီးသဖြင့် ပြန်လည်မွမ်းမံပြင်ဆင်ရန်လိုအပ်၍ ပြင်ဆင်ခွင့်လျှောက်ထားသည့်အခါ ဒေသအာဏာပိုင်အဖွဲ့အစည်း အဆင့်ဆင့်၏ ထောက်ခံချက်၊ ပြင်ဆင်မည့်ပုံစံ ပျက်စီးယိုယွင်းနေသော ဓာတ်ပုံမှတ်တမ်းများနှင့် တင်ပြလာသည့်အခါတွင် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းဒေသကြီး သာသနာရေးမှူးများ ပါဝင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီး သာသနာရေးဦးစီးဌာနမှ သာသနာရေးဝန်ကြီးဌာနသို့ တင်ပြသောအခါ ဝန်ကြီး၏စီမံခန့်ခွဲမှု

ကော်မတီအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ပြီး သာသနာရေးရှုထောင့်မှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက် ပြန်ကြားပါတယ်။ ယင်းသဘောထားမှတ်ချက်အရ သက်ဆိုင်ရာပြည်နယ်တိုင်းဒေသကြီး၊ စည်ပင်သာယာရေးအဖွဲ့က ပြင်ဆင်ဆောက်လုပ်ခွင့်ပြုပါတယ်။ အလားတူ ဗုဒ္ဓဘာသာနှင့်ပတ်သက်၍ စေတီ၊ ပုထိုး၊ ဆင်းတုတော်၊ ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံစသည့် သာသနိကအဆောက်အအုံများ ဟောင်းနွမ်းပျက်စီးသဖြင့် ပြင်ဆင်မွမ်းမံလိုသည့်အခါ သက်ဆိုင်ရာဒေသ၊ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်နှင့် သံဃာ့နာယကအဖွဲ့အစည်းအဆင့်ဆင့်တို့က ထောက်ခံချက်များဖြင့် သက်ဆိုင်ရာပြည်နယ်တိုင်းဒေသကြီး၊ သာသနာရေးမှူး ပါဝင်သောအဖွဲ့က ကွင်းဆင်းစစ်ဆေးပြီးသာသနာရေးဦးစီးဌာန၊ သာသနာရေးဝန်ကြီးဌာနသို့ တင်ပြသည့်အခါ ဝန်ကြီးဌာန၏ စီမံခန့်ခွဲရေးအစည်းဝေးတွင် ဆွေးနွေးဆုံးဖြတ်ပြီး သာသနာရေးရှုထောင့်မှ ကန့်ကွက်ရန်မရှိကြောင်း သဘောထားမှတ်ချက်ပြန်ကြားပေးပြီး ယင်းသဘောထားမှတ်ချက်အရ ပြည်နယ်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့က ပြင်ဆင်ခွင့်ပြုပါတယ်။ ၂၀၀၈ ခုနှစ်၊ နာဂစ်မုန်တိုင်းတိုက်ခတ်ပြီး နောက်ပိုင်းတွင် ပြင်ဆင်ခွင့်ပြုခဲ့သော အစ္စလာမ်ဗလီအရေအတွက်မှာ ၆၆ ခု၊ ခရစ်ယာန်ဘာသာသာသနာပြုကျောင်း ၅၆ ကျောင်းနှင့် ဟိန္ဒူဘုရားရှိခိုးကျောင်း ၁၈ ကျောင်းတို့ ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလမှ ယခုအထိပြင်ဆင်ခွင့်ပြုသော ဗလီအရေအတွက်မှာ ၁၄ ခု၊ ခရစ်ယာန်သာသနာပြုကျောင်း ၁၃ ကျောင်းဖြစ်ပြီး ဟိန္ဒူဘုရားရှိခိုးကျောင်း ၆ ကျောင်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မောင်တောမြို့နယ်မှ ဗလီပြင်ဆင်မွမ်းမံခွင့်ပြုရန်ကိစ္စများကို သာသနာရေးဝန်ကြီးဌာနသို့ တင်ပြလာခြင်းမရှိသေးပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြလာသောအခါ သာသနာရေးဝန်ကြီးဌာနအနေဖြင့် ကူညီဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း ပြန်ကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများမေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးပါပြီ။ အစည်းအဝေးကို နာရီဝက်ခန့်ရပ်နားပါမယ်။

**အချိန်၊ ၁၁ း ၁၅ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အစည်းအဝေးကို ၁၁း၄၅ နာရီမှာ ပြန်လည်စတင်ပါ့မယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[အစည်းဝေးကို ၃၀ မိနစ်ခန့်ရပ်နားပါသည်။]**

**အချိန်၊ ၁၁ း ၄၅ ။**

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း"ကို ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍အတည်ပြုရန် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၃၁-၈-၂၀၁၁ ရက်က တင်သွင်းခဲ့တဲ့ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုနိုင်ရန် ပြင်ဆင်ချက်တင်သွင်းထားမှုအလိုက် ဆွေးနွေးပြီး အဆုံးအဖြတ်ရယူတဲ့ အစီအစဉ်ဆောင်ရွက်မှာဖြစ်ပါတယ်။ တင်ပြပါဥပဒေကြမ်းမှာ အပိုဒ်နှစ်ပိုဒ် ပါဝင်ပါတယ်။ ကျွန်တော်က အပိုဒ်၊ အပိုဒ်ခွဲအလိုက်ခေါ်ပြီး ဒီဥပဒေကြမ်းရဲ့အစိတ်အပိုင်း ဖြစ်သင့်သည်လို့ အဆိုတင်သွင်းပြီးချိန်မှာ သက်ဆိုင်ရာ အပိုဒ်၊ အပိုဒ်ခွဲနှင့်ပတ်သက်လို့ ပြင်ဆင်ချက်အဆို တင်သွင်းလိုကြောင်း အမည်စာရင်းတင်သွင်းထားသူက အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။ အခြား ကိုယ်စားလှယ်တစ်ယောက်က ထောက်ခံရန်လိုအပ်ပါတယ်။ အပိုဒ် ၁ နှင့်ပတ်သက်လို့ ပြင်ဆင်ချက် တစ်စုံတစ်ရာမရှိတဲ့အတွက် အတည်ပြုရန်အဆိုကို တင်သွင်းပါမယ်။ အဆိုမှာ အပိုဒ် ၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် အဆိုအတည် ဖြစ်ပါတယ်။ ဆက်လက်ပြီး အပိုဒ် ၂ ကို ဆွေးနွေးရန် ဖြစ်ပါတယ်။ အပိုဒ် ၂၊ အပိုဒ်ခွဲ(က)ပါ ပုဒ်မ ၄၉ ကို မူလဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်ပြီးပြင်ဆင်ရန် မသင့်ကြောင်း လွှတ်တော်ဥပဒေကြမ်းကော်မတီက သုံးသပ်တင်ပြထားပါတယ်။ ဒီတင်ပြချက်နှင့် စပ်လျဉ်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ သဘောထားကိုသိလိုပါတယ်။

**ဦးညွန့်တင်(အဖွဲ့ဝင်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များခင်ဗျား။ ကျွန်တော်ကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးအပ်တဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင် ဖြစ်ပါတယ်။ ကျွန်တော်တို့ ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်တဲ့ဥပဒေမူကြမ်း အပိုဒ်၄၉(က)ကို ပြည်သူ့လွှတ်တော်ဥပဒေမူကြမ်းကော်မတီက မူလပြင်ဆင်ချက်အတိုင်း ထားရှိသင့်တယ်လို့ သဘောထားပေးထားတာကို သဘောတူကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုမှာအပိုဒ် ၂၊ အပိုဒ်ခွဲ(က)ပါ ဥပဒေပုဒ်မ ၄၉(က)ကို မူလဥပဒေပါ ပြဋ္ဌာန်းချက်အတိုင်းသာ ထားရှိသင့်သည်။ ဒါနဲ့ပတ်သက်လို့ လွှတ်တော်ကိုယ်စားလှယ်အသီးသီးရဲ့ လက်ထဲမှာလည်း ဒီအကြောင်းအရာတွေ ဖော်ပြထားတဲ့ စာသား၊ ဇယားများလည်း ရောက်ရှိပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအဆိုကိုလွှတ်တော်ရဲ့သဘောထားရယူပါမယ်။လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိသဖြင့် အဆို အတည်ဖြစ်ပါတယ်။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)အတွက် ပြင်ဆင်ဆွေးနွေးရန် တင်ပြချက် မရှိပါ။ ဒါ့ကြောင့် အဆိုမှာ အပိုဒ် ၂ ၊ အပိုဒ်ခွဲ(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုနှင့်စပ်လျဉ်းပြီး လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် အဆိုအတည်ဖြစ်ပါတယ်။ အဆိုမှာ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ပေသည်။ ပြင်ဆင်ချက် တင်သွင်းလိုသူရှိပါက အဆိုတင်သွင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးညွန့်တင်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ အခုဥပဒေက ပုဒ်မ ၈၈(က)ပါလား။

**ဥက္ကဋ္ဌ**။ ။ (က)၊ ဒီမှာတင်ထားတာလည်း ပုဒ်မ ၈၈(က)အား ပယ်ဖျက်ပေးပါရန် တင်ပြပါသည်လို့ ရေးထားပါတယ်။

**ဦးညွန့်တင်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ကျွန်တော်ကောင်းကောင်းနားမကြားရလို့ပါ။ နားမလည်လို့ပါ။

**ဥက္ကဋ္ဌ**။ ။ အခု ရပြီလားခင်ဗျား။

**ဦးညွန့်တင်(အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ဟုတ်ကဲ့။ ပုဒ်မ ၈၈(က) အဆိုနဲ့ပတ်သက်လို့ ကျွန်တော် ကန့်ကွက်ဆွေးနွေးရန် တင်ထားတာရှိပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ချက် တင်သွင်းလိုသူရှိက အဆိုတင်သွင်းဆွေးနွေးရန် ဖြစ်ပါတယ်။ ဒါကြောင့် ဦးစိုးဝင်းက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့ပါခင်ဗျား။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး ကျွန်တော် ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်က စမ်းချောင်းမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်း ဖြစ်ပါတယ်။ ကျွန်တော် ဒီဥပဒေနဲ့ ပတ်သက်ပြီး ပုဒ်မ ၈၈(က)မှာပါတဲ့ အပိုဒ်ကို နိုင်ငံတော်ပုန်ကန်မှုနှင့်ဖြစ်စေ၊ တစ်သက်တစ်ကျွန်း သေဒဏ်နဲ့ကျခံနေရပြီးတော့ ဒီအပြစ်နဲ့၊ ဒီဥပဒေနဲ့ အရေးယူခံရတဲ့သူဟာ နောင်မှာ ရွေးကောက်ပွဲတွေမှာ လုံးဝပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရဆိုတဲ့ ဥပဒေနဲ့ပတ်သက်ပြီးတော့ ကျွန်တော် ဒီဥပဒေကို ပယ်ပေးဖို့ ကျွန်တော် တင်ချင်ပါတယ်ခင်ဗျား။ ဘာဖြစ်လို့လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ် တစ်ယောက်အနေနဲ့ ကျွန်တော်တို့ဟာ သာမန်ပြည်သူတစ်ယောက်ကနေ ပြီးတော့ပဲ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ဖြစ်တော့ ပုထုဇဉ်တစ်ယောက်အနေနဲ့ ပြစ်မှုတစ်ခုကို ကျူးလွန်တယ်ဆိုရင် ပြစ်မှုတစ်ခုကို ကျူးလွန်တဲ့အပိုင်းမှာ ကျွန်တော်တို့ ဥပဒေရဲ့ မူလဘူတဆိုတာလည်း အပြစ်ပေးတာ အဓိကမဟုတ်ဘဲ ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ကာကွယ်ရန်သာဖြစ်သည်ဟု ဥပဒေဆိုင်ရာ ခံယူချက်ဖြင့် ဥပဒေပညာရှင်အပေါင်းက ကမ္ဘာတစ်ဝန်းမှာ လက်ခံထားကြပါတယ်။ သို့ပါ၍ ပြစ်မှုကျူးလွန်မိရင် ယင်းအပြစ်အတွက် တစ်ကြိမ်သာ ပြစ်ဒဏ်ကျခံရခြင်း၊ ပြစ်မှုအကျိုးဆက်တို့ကို ခံရခြင်းစတဲ့ကာလအတွင်းမှာသာ သက်ရောက်စေရိုးထုံးစံရှိပါတယ်။ ထို့ကြောင့် ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေပုဒ်မ ၄၃ မှာလည်း မည်သည့်ပြစ်မှုမဆို ဥပဒေပါ တစ်ခါတည်း နောက်ကြောင်းပြန်အာဏာများ သက်ရောက်စေမှုမရှိဘူး။ နောက်တစ်ခုကလည်း အခြေခံဥပဒေပုဒ်မ ၃၇၃ မှာ ပြစ်မှုကျူးလွန်သူသည် မည်သူ့ကိုမဆို ယင်းပြစ်မှုကျူးလွန်သည့်အချိန်က အတည်ဖြစ်လျက်ရှိသော သက်ဆိုင်ရာဥပဒေအရသာ ပြစ်မှုထင်ရှားစီရင်ရမည်။ ထို့အပြင် ယင်းဥပဒေအရ ချမှတ်နိုင်သော ပြစ်ဒဏ်ထက်ပို၍ ချမှတ်ခြင်းမပြုရဟု အလေးအနက်ပါရှိပါတယ်။ သို့ပါ၍ နိုင်ငံတော် ပုန်ကန်မှုတွင်ဖြစ်စေ၊ တစ်ကြိမ်ပြစ်ဒဏ်ကျခံပြီးပါက အထက်ဖော်ပြပါပုဒ်မနဲ့ ပုဒ်မဖွင့်ဆိုချက်အတိုင်း ယင်းပြစ်ဒဏ်မှ လွတ်မြောက်ပြီး ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီပြစ်ဒဏ်ကျခံပြီးတဲ့လူကို နောင်ကျင်းပမယ့် ရွေးကောက်ပွဲတွေမှာ တစ်သက်လုံး ပါဝင်ယှဉ်ပြိုင်ခွင့်မရှိစေရဆိုတဲ့ဟာက ကျွန်တော်တို့ အများကြီးပြန်စဉ်းစားဖို့ သင့်ပါတယ်လို့ ကျွန်တော်တင်ပြချင်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော် ကန့်ကွက်လွှာ ကိုတင်ထားတာဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်ရှိပါသလား။ အထွေအထူး ဖော်ပြစရာ မလိုပါဘူး။ ထောက်ခံမယ့် ကိုယ်စားလှယ်က ထောက်ခံပါတယ်လို့ ပြောရင်လုံလောက်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ဦးစိုးဝင်းရဲ့ အဆိုကိုထောက်ခံပါကြောင်း ပြောကြားပါတယ်။ ကျွန်မကတော့ မြောက်ဒဂုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် တင်နွယ်ဦးပါ။

**ဥက္ကဋ္ဌ**။ ။ကောင်းပါပြီ။ အဆိုမှာ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(က)ကို ပယ်ဖျက်ရန် ဖြစ်ပါတယ်။ ကော်မရှင်ရဲ့ သဘောထားကို ပြောပေးပါ။

**ဦးညွန့်တင်(အဖွဲ့ဝင်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ဦးစိုးဝင်းတင်သွင်းတဲ့အဆိုနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က သဘောမတူ၊ လက်မခံကြောင်းကို ကျွန်တော်ဆွေးနွေး တင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လက်ရှိတည်ဆဲ အခုပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၈ မှာ ပြစ်ဒဏ်ခံရတဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်း လေးမျိုးနဲ့ပတ်သက်ပြီးတော့ ရွေးကောက်ပွဲဝင်ခွင့် ကို အကန့်အသတ်နဲ့ တားမြစ်ပိတ်ပင်ထားတာ ရှိပါတယ်။ အဲဒါကတော့ ရွေးကောက်တင်မြှောက် ခံရပြီးတဲ့နောက် ရွေးကောက်တင်မြှောက်ခံရခြင်း ပျက်ပြယ်တယ်လို့ ကော်မရှင်ကကြေညာတဲ့ ကိုယ်စားလှယ်၊ နောက်တစ်ခုက ရွေးကောက်ပွဲ ငွေစာရင်းတင်သွင်းရန် ပျက်ကွက်လို့ ကိုယ်စားလှယ်လောင်းရဲ့ အရည်အချင်း ပျက်ယွင်းကြောင်း ကော်မရှင်က ကြေညာခြင်းခံရတဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်နဲ့ ၎င်းတို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်နဲ့ ၎င်းတို့ရဲ့ ရွေးကောက်ပွဲ ကိုယ်စားလှယ်၊ နောက်တတိယက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရလို့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်ကနေပြီးတော့ အရည်အချင်းပျက်ယွင်းတယ်လို့ သတ်မှတ်တဲ့ကိုယ်စားလှယ်၊ နောက်နံပါတ်လေးက ကျွန်တော်တို့ ရွေးကောက်ပွဲဥပဒေ အခန်း (၁၃)မှာ ပြဋ္ဌာန်းထားတဲ့ ရွေးကောက်ပွဲ ဆိုင်ရာ ပြစ်မှုတစ်ရပ်ရပ်နဲ့ ထောင်ဒဏ်ကျခံရတဲ့အခါမှာ ရွေးကောက်တင်မြှောက်ခံရခြင်းဟာ ပျက်ပြယ်တယ်လို့ ကော်မရှင်ကကြေညာတဲ့ ကိုယ်စားလှယ် ဒီလိုလေးမျိုးရှိပါတယ်။ ဒီလေးမျိုးကို ကျွန်တော်တို့ ပုဒ်မ ၈၈ မှာ ဒီလို ကော်မရှင်ကကြေညာခြင်းခံရလို့ရှိရင် ကြေညာခြင်းခံရတဲ့နေ့ကနေ စပြီးတော့ လက်ရှိလွှတ်တော်သက်တမ်းနဲ့ နောက်လာမယ့် လွှတ်တော်သက်တမ်းအတွက်ကျင်းပတဲ့ ရွေးကောက်ပွဲမှာ လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ပါဝင်ယှဉ်ပြိုင်ခွင့် မရှိစေရလို့ ပြဋ္ဌာန်း ထားပါတယ်။ အတန်းအစားအားဖြင့် တစ်တန်းတစ်စားတည်း သတ်မှတ်ထားပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ထောင်ဒဏ်ဆိုတာကတော့ နှစ်အကန့်အသတ်မရှိကနေ တစ်သက်တစ်ကျွန်းကနေ ပြီးတော့ တစ်ရက်အထိပါဝင်ပါတယ်။ ဒီလို ခွဲခြားထားတာ မရှိတဲ့အတွက်ကြောင့် အမှုအကြီး၊ အသေး၊

အတိမ်အနက်ကို စဉ်းစားသင့်တယ်လို့ ကျွန်တော်တို့ ရွေးကောက်ပွဲကော်မရှင်ကနေပြီးတော့ ဒီလို သုံးသပ်ပါတယ်။ ဒါ့ကြောင့် အတန်းအစားအဖြစ် ကျွန်တော်တို့ဟာ ပြန်ပြီးတော့ ခွဲခြားသင့်တယ်လို့ သုံးသပ်ရရှိတဲ့အတွက်ကြောင့် နံပါတ်တစ်ကတော့ ၈၈(က)က နိုင်ငံတော်သစ္စာ ဖောက်ဖျက်မှု တစ်သက်တစ်ကျွန်းထောင်ဒဏ်၊ တစ်သက်တစ်ကျွန်းဒဏ်ခံထိုက်တဲ့ ပြစ်မှုတွေမှာ ပြစ်မှုထင်ရှားလို့ ထောင်ဒဏ်ကျခံရရင် ဒီလိုကြီးလေးတဲ့ အမှုတွေမှာတော့ဖြင့် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်၊ ရွေးချယ်ခံပိုင်ခွင့်မရှိစေရဟု အတန်းအစား နံပါတ်တစ်သတ်မှတ်ထားပါတယ်။ နောက် ဒုတိယ အတန်းအစားကတော့ ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)မှာ ပြဋ္ဌာန်းထားတဲ့ ပြစ်မှုနဲ့ ပြစ်ဒဏ်၊ ဒါက ဘာဖြစ်လို့လဲဆိုတော့ ဒီရွေးကောက်ပွဲနဲ့ဆိုင်တဲ့ ပြစ်မှုတွေကို လွှတ်တော်ကိုယ်စားလှယ်တွေက ကျူးလွန်ပြီး ထောင်ကျရင်တော့ဖြင့် ကျွန်တော်တို့ အခု ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲသက်တမ်း အပြင် နောက်ထပ်ကျင်းပမယ့် သက်တမ်းတစ်ရပ်အတွက် ရွေးကောက်ခံပိုင်ခွင့်မရှိစေရဘူးလို့ သက်တမ်းနှစ်ရပ်ကို သတ်မှတ်ထားပါတယ်။

နောက်တတိယသက်တမ်းကတော့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက် တင်မြှောက်ခြင်းကို ကန့်ကွက်လို့ ကော်မရှင်ကနေပြီးတော့ ရွေးကောက်တင်မြှောက်ခြင်း ပျက်ပြယ်တယ်လို့ဆုံးဖြတ်ခံရတဲ့ ကိုယ်စားလှယ် နောက် ရွေးကောက်ပွဲမှာ ကုန်ကျတဲ့ ကုန်ကျစရိတ်ငွေစာရင်းကို တင်သွင်းဖို့ ပျက်ကွက်တဲ့ ကိုယ်စားလှယ်နဲ့ ၎င်းတို့ရဲ့ ရွေးကောက်ပွဲကိုယ်စားလှယ်၊ နောက်ပြီး ခုန ပြစ်မှုကြီးတွေဖြစ်တဲ့ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ တစ်သက်တစ်ကျွန်းထောင်ဒဏ်ထိုက်တဲ့ အမှုတွေကလွဲပြီးတော့ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထောင်ဒဏ်ကျခံရတဲ့အမှု၊ ဒီလိုအမှုမျိုးတွေ ကျရင် အခုလက်ရှိကတော့ ဒီရွေးကောက်ပွဲသက်တမ်းအပြင် နောက်လာမယ့်သက်တမ်းမှာ ရွေးချယ် ပိုင်ခွင့်မရှိစေရဘူးလို့၊ ယှဉ်ပြိုင်ခွင့်မရှိစေရဘူးလို့ သတ်မှတ်ထားတာကို ကျွန်တော်တို့က လက်ရှိ လွှတ်တော်သက်တမ်းမှာ ယှဉ်ပြိုင်ခွင့်မရှိစေရဘူးလို့ ဒီလိုပြန်ပြီးတော့ လျှော့ပေါ့ပြီးတော့ ပေးထား ပါတယ်။ ကျွန်တော်တို့ တင်ပြတာကတော့ ပြစ်မှုရဲ့အတိမ်အနက်ကိုကြည့်ပြီး အတန်းအစား ခွဲခြား ထားခြင်း ဖြစ်ပါတယ်။ အားလုံးကို တစ်ပြိုင်တည်းပေးမယ့်အစား ကျွန်တော်တို့ ဒီလိုအတန်းအစား ခွဲထားတာတော့ဖြစ်ရင် သင့်လျော်မှန်ကန်တယ်လို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သုံးသပ် ယူဆတဲ့အတွက် ဦးစိုးဝင်းတင်ပြတဲ့အဆိုကို ပြန်လည်ရုပ်သိမ်းပေးပါရန် မေတ္တာရပ်ခံ တင်ပြအပ် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးစိုးဝင်းရဲ့ သဘောထားသိလိုပါတယ်။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ကျွန်တော် ဒီအဆိုနဲ့ပတ်သက်ပြီးတော့ တင်ခဲ့တဲ့ ကိစ္စကလည်း ဥပဒေအရ ပြောထားတဲ့ဟာမှာလည်း ၂၀၀၈ ခုနှစ်၊ အခြေခံဥပဒေရေးရာ ပြဋ္ဌာန်းထားတဲ့ နောင်ကျင်းပမည့် ရွေးကောက်ပွဲအဆက်ဆက်တို့တွင် ကြီးလေးသောပြစ်ဒဏ်ကျခံခဲ့တဲ့သူကို ပါဝင်ခွင့်မပြုရေးအဆိုပြုချက် အခြေခံဥပဒေပုဒ်မ ၄၄ ပါ လူ့သိက္ခာညှိုးနွမ်းသေးသိမ်စေသည့် ပြစ်ဒဏ် ပြဋ္ဌာန်းခွင့်မရှိစေရဆိုတဲ့ ပုဒ်မနဲ့ ဆန့်ကျင်နေပါတယ်။ ဒါဟာလည်း ဘာဖြစ်လို့လဲဆိုတော့ သာဓကအနေနဲ့ ကျွန်တော်တို့ ပြန်ပြရရင်လည်း ကြီးလေးတဲ့ ပြစ်ဒဏ်တွေဆိုပြီးတော့ ကျွန်တော်တို့ ကျခံခဲ့ရတဲ့၊ နိုင်ငံတော်ပုန်ကန်မှုနဲ့ ကျခံခဲ့ရတဲ့သူတွေ အခု ကျွန်တော်တို့ရဲ့ ဒီပြည်သူ့လွှတ်တော်ထဲမှာတောင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ပါနေတဲ့ဟာ ရှိပါတယ်။ သာဓကအနေနဲ့လည်း ကျွန်တော်တို့ အခုလက်ရှိ လွှတ်တော်ထဲမှာကို တစ်ချိန်တုန်းက နိုင်ငံတော် ပုန်ကန်မှုနဲ့ ကျခဲ့တာပါ။ တစ်ခါလည်း ဒါတင်မကဘူး။ နိုင်ငံတော်သစ္စာဖောက်ဖျက်မှုတို့၊ ပုန်ကန်မှုတို့နဲ့ ကျခဲ့ပြီးတော့ လက်နက်ကိုင်တော်လှန်ခဲ့တဲ့ အဖွဲ့အစည်းတွေမှာ ပါပြီးတော့တောင်မှပဲ အခု လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြနိုင်ပါတယ်။ နောက်တစ်ခု ကမ္ဘာမှာပြန်ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့ တောင်အာဖရိကရဲ့ခေါင်းဆောင် သမ္မတဖြစ်တဲ့ နယ်ဆင်မယ်ဒဲလား တို့ဆိုရင် ထောင်ဒဏ်အနေနဲ့ ၂၇ နှစ်ကျပြီးတဲ့အခါကျရင် နိုင်ငံတော်သမ္မတအဖြစ်တောင်မှပဲ သူပြန်ပြီးတော့ခေါင်းဆောင်ဖြစ်ခဲ့ပါတယ်။ အဲ့ဒီတော့ လူတစ်ဦးတစ်ယောက်ဟာတစ်ကြိမ်တစ်ခါမှာ ဒီပြစ်မှုတစ်ခုကို ကျူးလွန်ပြီးတော့ ဒီပြစ်မှုအရ ခံစားရပြီးရင် သူ့ကိုရာသက်ပန် ဒီကနေပိတ်ပင်တယ်ဆိုတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ကျွန်တော်က ဒါကိုပဲ စဉ်းစားစေချင်တာပါ။ ကျွန်တော်တို့က အခု ပြန်ပြီးတော့ ဘာပဲဖြစ်ဖြစ် စနစ်သစ်၊ ခေတ်သစ်နဲ့ ကျွန်တော်တို့ အမြင်သစ်နဲ့ ရှေ့ဆက်လျှောက်သွားနေတဲ့ခေတ်ပါ။ ကျွန်တော်တို့ သွားနေရပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေ အားလုံးနဲ့လည်း ဒီပုဒ်မက သက်ဆိုင်ပါတယ်။ ကျွန်တော်တို့က တစ်ကြိမ် တစ်ခါမမှားဘူးလို့ မပြောပါဘူး။ ဒါပေမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အဖြစ် ရွေးချယ်ခံရတဲ့အခါမှာလည်း ကျွန်တော်တို့ စည်းမျဉ်းစည်းကမ်း သတ်မှတ်ချက်တွေ၊ အရည်အချင်းသတ်မှတ်ချက်၊ ကန့်သတ်ထားပြီးသားတွေ ရှိပြီးသားပါ။ ပါပြီးသားပါ။ အဲဒါကြောင့်မို့လို့ ဒီပုဒ်မနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်က ဒီအပိုဒ်လေးကို အများကြီးစဉ်းစားစေချင်ပါတယ်။ အားလုံး နိုင်ငံတော်အကျိုးစီးပွား ဘာပဲဖြစ်ဖြစ် ဒီလူတွေဟာ လူကောင်းတွေဟာ တစ်ကြိမ်မှားမယ်ဆိုတာနဲ့ပဲ တစ်ကြိမ်မှားတယ် ဆိုတာလည်း အကြောင်းအမျိုးမျိုးပေါ့၊ ယုံကြည်မှုကြောင့်လို့ ဘာလို့ဆိုတာမျိုးတွေလည်း ခုအများကြီး ဖြစ်နေတာတွေရှိပါတယ်။ ဒါကြောင့်မို့လို့

ကျွန်တော် ဒီဥပဒေကိုတော့ လွှတ်တော်ရဲ့အဆုံးအဖြတ်ကို ခံချင်ပါတယ်။ ဟုတ်ကဲ့ပါခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ရဲ့အဆုံးအဖြတ် ခံယူလိုပါတယ်လို့ ဦးစိုးဝင်းက တင်သွင်းတဲ့အတွက် လွှတ်တော်ရဲ့ အဆုံးအဖြတ်ခံယူဖို့ ရှိပါတယ်။ ဒါကြောင့် အဆိုနဲ့စပ်လျဉ်းပြီး မတ်တတ်ရပ်၍ ဆန္ဒပြုတဲ့ နည်းလမ်းဖြင့် မဲခွဲဆုံးဖြတ်ပါမယ်။ ဦးစိုးဝင်းတင်သွင်းတဲ့အတိုင်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပါပုဒ်မ ၈၈(က)ကို ပယ်ဖျက်ရန်အဆိုအား ထောက်ခံသူများ မတ်တတ်ရပ်ဆန္ဒပြုပါရန် ဖြစ်ပါတယ်။ ကဲ ဒီဘယ်ဘက်တန်းက စပြီး ဦးခိုင်မောင်ရည် ဒီဘက် Roll မှာရှိတဲ့ ဦးစိုးဝင်းအဆိုကို ထောက်ခံတဲ့ စာရင်းရေတွက်ပေးပါ။ နောက်ဒီဘက်က ဦးမောင်ညိုလို့ထင်တယ်။ ဟုတ်မဟုတ်တော့မသိဘူး။ ဦးစိုးဝင်း အဆိုကို ထောက်ခံတဲ့ မတ်တတ်ရပ်တဲ့ပုဂ္ဂိုလ်များ အရေအတွက်ရေပြီးတော့ မှတ်တမ်းတင်ပါ။ ကဲ နန်းဝါနု ညည်းပဲတာဝန်ယူလိုက်။ နောက်လှည့်ပြီးရေလိုက်။ အားလုံး ဘယ်နှစ်ယောက်ရှိတယ်ဆိုတာတင်ပြ။ နောက်ညာဘက်တန်းက ဦးသိန်းညွန့်တာဝန်ယူပြီးရေ။ ရေပြီးတဲ့အခါမှာ အရေအတွက်အားလုံးကြားအောင်တင်ပြ။ ဦးသိန်းညွန့် ဘယ်နှစ်ယောက်ရှိလဲ။ ကျွန်တော့်ညာဘက် ထောက်ခံတာ အားလုံး ဘယ်နှစ်ယောက် ရှိလဲ။ ညာဘက်အစွန်တန်း ၁၁ ယောက်၊ နောက်ညာအလယ် ၁၂ ယောက်၊ ဘယ်အလယ် ၈ယောက်၊ မှန်လား။ ဒါထောက်ခံသူ ထိုင်နိုင်ပါပြီ။ ကြားနေသူများ မတ်တတ်ရပ်ပေးဖို့ ဖြစ်ပါတယ်။ ညာဘက်တန်းက ၂ ယောက်၊ အလယ်တန်းမှာ ၆ ယောက်၊ ဘယ်အလယ်မှာ ၃ ယောက်၊ အားလုံး ဘယ်လောက်လဲ ၁၁ ယောက်၊ ကဲ အားလုံး ထိုင်နိုင်ပါပြီ။ ဒါကြောင့်မို့လို့ ကျန်တဲ့လူက ကန့်ကွက် တယ်လို့ပဲ သဘောထားပါတယ်။ အချိန်ကိုငဲ့ညှာသောအားဖြင့် ဒါကြောင့် အားလုံးပေါင်း ဒီနေ့ လွှတ်တော်ကိုယ်စားလှယ် အားလုံး ဘယ်နှစ်ယောက်တက်သလဲ။ မိမိမပါ။ ဘယ်လောက်လဲ။ ၃၈၂ ယောက်။ အဲဒီမှာ ထောက်ခံ ၃၁ ယောက်၊ ကြားနေ ၁၁ ယောက်၊ ဒါကြောင့်မို့လို့ ကြားနေနဲ့ ထောက်ခံနှစ်ခုပေါင်းရင် ၄၂ ယောက်၊ ၃၄၀ က ကန့်ကွက်တယ်။ ၃၈၂ အဲဒီမှာမှ ထောက်ခံက ၃၁ ယောက်၊ ကြားနေ ၁၁ ယောက်၊ ထောက်ခံနဲ့ကြားနေနှစ်ခုပေါင်းရင် ၄၂ ယောက်၊ ရှိတဲ့အင်အား ၃၈၂ ယောက်ဖြစ်တဲ့အတွက် ၄၂ ယောက်နုတ်မယ်ဆိုရင် ၃၄၀ ယောက်၊ ဦးစိုးဝင်း အရေအတွက် ပေါင်းတာ၊ နုတ်တာမှန်ပါသလား။

**ဦးစိုးဝင်း(စမ်းချောင်းမဲဆန္ဒနယ်)**။ ။အဆုံးအဖြတ်ကို ကျွန်တော် လေးစားစွာနဲ့၊ ကျေနပ်စွာ ခံယူပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ဒါအရေအတွက် မှတ်တမ်းတင်ထားဖို့ ဖြစ်တယ်။ ကန့်ကွက်သူများတဲ့အတွက် ဦးစိုးဝင်းရဲ့အဆို အတည်မဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒါ့ကြောင့် အတည်ပြုနိုင်ရန် အဆိုထပ်မံ တင်သွင်းပါမယ်။ အဆိုမှာ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိသဖြင့် အဆို အတည်ဖြစ်ပါတယ်။ နောက်တစ်ခုက အဆိုမှာ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သင့်သည်။ ဒီအဆိုကို သဘောတူရင် တူပါတယ်လို့ပြောပြီး မတူရင် မတူပါဟု ပြောရန်ဖြစ်ပါတယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆိုအတည် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(ဂ)စာသားအစတွင် အထက်အပိုဒ်ခွဲ(က)နှင့်(ခ)မှအပ ဟူသောစကားရပ်ဖြည့်စွက်သင့်ကြောင်း ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြထားပါတယ်။ဒီတင်ပြချက်နဲ့စပ်လျဉ်းလို့ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ သဘောထားသိလိုပါတယ်။

**ဦးညွန့်တင်(အဖွဲ့ဝင်၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်တဲ့ဥပဒေမူကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(ဂ) မှာ အထက်အပိုဒ်ခွဲ (က)နှင့်(ခ)မှအပ ဆိုတာကို ဥပဒေကြမ်းကော်မတီက အဆိုပြုထားတာနဲ့ ပတ်သက်ပြီးတော့ အနှစ်သာရပြောင်းလဲတာ မရှိတဲ့အတွက်ကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သဘောတူကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် အဆိုမှာ အပိုဒ် ၂၊ အပိုဒ်ခွဲ(ဂ)ပါ ပုဒ်မ ၈၈(ဂ) စာသားများ၏အစတွင် အထက်အပိုဒ်ခွဲ(က)နှင့်(ခ)မှအပ ဟူသောစကားရပ် ထည့်သွင်းခြင်းဖြစ်သည်။ ထိုအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း အဆိုအတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌကတာဝန်ပေးအပ်ထားသူက "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း" ကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကထောက်ခံခြင်း

**ဥက္ကဋ္ဌ**။ ။ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆက်လက်ပြီး ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(က)အရ ဤလွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အတည်ပြုရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌကိုယ်စား တာဝန်ပေးအပ် ထားသူက အဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးညွှန့်တင် (အဖွဲ့ဝင်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်)**။ ။လေးစားအပ်တဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ ကျွန်တော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးညွှန့်တင်က ပြည်ထောင်စုကော်မရှင်က တင်သွင်းထားတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ကို ပြင်ဆင်သည့်ဥပဒေကြမ်းကို အတည်ပြုပေးပါရန် အဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဖို့ ဖြစ်ပါတယ်။

**ဦးမြသိန်း(မုဒုံမဲဆန္ဒနယ်)**။ ။လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဖိတ်ကြား ထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မွန်ပြည်နယ်၊ မုဒုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြသိန်း ဖြစ်ပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က တင်သွင်းတဲ့ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း အတည်ပြုပါရန် အဆိုကို ထောက်ခံအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက" ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"ကို အတည်ပြုရန်လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုမှာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။ ယခု ပြည်သူ့

လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်ရဲ့သဘောထားရယူပါမယ်။ လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အထက်ပါအတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှအတည်ပြုချက်ဖြင့်ပေးပို့သော "အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"နှင့် "တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း"တို့ကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးခြင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၇ အရ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်း၍ အတည်ပြုပြီးသော အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းများကို လွှတ်တော်က ၃-၉-၂၀၁၁ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ယင်းဥပဒေကြမ်းများရဲ့ မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီထံ စိစစ်နိုင်ရန်နှင့် ကိုယ်စားလှယ်များထံ လေ့လာနိုင်ရန် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

ဒီဥပဒေကြမ်းကို ယခုအပတ်အတွင်းမှာပဲ ဆွေးနွေးရန် လျာထားပါတယ်။ ဥပဒေကြမ်းကော်မတီအနေနှင့် ယင်းဥပဒေကြမ်းများကိုစိစစ်ပြီး ကော်မတီ၏အစီရင်ခံစာနှင့်အတူ လွှတ်တော်တွင် ဆွေးနွေးတင်သွင်းရန် ဖြစ်ပါတယ်။ ဆွေးနွေးလိုတဲ့ ကိုယ်စားလှယ်များရှိပါက ဆွေးနွေးလိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက် တိကျစွာဖော်ပြ၍ ၇-၉-၂၀၁၁ ရက်နေ့ (ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**ဥက္ကဋ္ဌ**။ ။နေ့လယ်စာ သုံးဆောင်ရန် အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၂း ၃၀ ။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို နေ့လယ် ၁၃း၃၀ နာရီတွင် ပြန်လည် စတင်ပါမယ်။ အားလုံးထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**အစည်းအဝေးကို ၁ နာရီခန့် ရပ်နားပါသည်။**]**

**အချိန်၊ ၁၃ း ၃၀ ။**

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးဆားမူ့လဟယ်မဲဆန္ဒနယ်၏ ''နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊လဟယ်၊နန်းယွန်း) မြို့နယ်များအတွင်း နေထိုင်လျက်ရှိသည့် နာဂတိုင်းရင်းသားများဆင်းရဲနွမ်းပါးမှုလျှော့ချရေး'' အဆိုကိုလွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အစည်းအဝေး နဝမနေ့မှာ တင်သွင်းထားတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊ လဟယ်၊ နန်းယွန်း)မြို့နယ်များအတွင်း နေထိုင်လျက်ရှိတဲ့ နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဆိုနှင့် စပ်လျဉ်းပြီး ဆွေးနွေးလိုကြောင်း လွှတ်တော်ကိုယ်စားလှယ်လေးဦးက အမည်စာရင်းတင်သွင်းထားပါတယ်။ ပထမဦးစွာ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းအား ဆွေးနွေးရန် ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်းမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးရဲ့ နဝမနေ့မှာ တင်သွင်းခဲ့တဲ့ လဟယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူရဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များတွင် နေထိုင်လျက်ရှိသည့် နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဆိုနဲ့ ပတ်သက်ပြီးတော့ အပြုသဘောဖြင့် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ဟာ စီးပွားရေးပညာရှင်မဟုတ်တဲ့အတွက် ကျွန်တော်ရဲ့ ဆွေးနွေးချက်ကို ဖတ်ပြီးဆွေးနွေးတင်ပြခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ ကျွန်တော်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ထဲမှာ ချောင်အကျဆုံးဒေသပဲလို့ ဆိုရမလောက် ဖြစ်ပါတယ်။ မနေ့က ကိုယ်စားလှယ်တော် ဦးဆားမူရဲ့ တင်ပြချက်အထဲမှာ လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ ဆေးရုံတွေမှာ ဆရာဝန်များ လစ်လပ်လျက်ရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်း၊ ဆင်းရဲနွမ်းပါးသူများလှတဲ့အတွက်ကြောင့် ပညာရေးဖက်မှာ နိမ့်ကျခြင်းဆိုတဲ့ အချက်များပါရှိနေတာသိရှိခဲ့ရတဲ့အတွက် ကိုယ်ချင်းစာဂရုဏာသက်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တောင်ပေါ်နဲ့ မြေပြန့်၊ တောနဲ့မြို့ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များ နည်းနိုင်သမျှနည်းပါးစေရေးဆိုတဲ့ နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုမူဝါဒနှင့်အညီ ဖွံ့ဖြိုးမှုနိမ့်ကျနေသေးတဲ့ တောင်ပေါ်ဒေသများကို ဦးစားပေးဆောင်ရွက်ပေးခြင်းဟာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာရေးအတွက် ပုံရိပ်ကို ပိုမိုပြီးတော့ ထင်ဟပ်စေပါတယ်လို့ ကျွန်တော်အနေနဲ့ ယူဆပါတယ်။ ဒါကြောင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ အထူးလိုအပ်နေတဲ့ လမ်းပန်းဆက်သွယ်မှုကောင်းအောင် ဆောင်ရွက်ပေးခြင်း၊ ဆေးရုံမှာဆရာဝန်များအပြည့်အဝ ခန့်ထားပေးခြင်း၊ ပညာသင်ကျောင်းတွေမှာလည်း စေတနာ၊ ဝါသနာ၊ အနစ်နာ နာသုံးနာကို ဦးထိပ်ပန်ဆင်ထားတဲ့ ဆရာ၊ ဆရာမများကို ခန့်အပ်ပေးခြင်း၊ အသေးစားငွေစုငွေချေးသမဝါယမအသင်းများ ဖွင့်လှစ်ပေးပြီး နှစ်တိုနှစ်ရှည်ချေးငွေများထုတ်ပေးခြင်း၊ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်သော်လည်းကောင်း၊ သိပ္ပံနည်းကျ သစ်ခွပန်းများ၊ ပန်းသီးနှင့် လိမ္မော်သီးများ စိုက်ပျိုးနည်းပညာများ၊ သိပ္ပံနည်းကျလျှေးကားထစ်တောင်ယာစပါးစိုက်ပျိုးခြင်းနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်သော် လည်းကောင်း၊ ခေတ်မီတဲ့ သိပ္ပံနည်းကျ ပျားမွေးမြူရေးနှင့် တိရစ္ဆာန်မွေးမြူရေးနည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက်သော်လည်းကောင်း အလုပ်ရုံဆွေးနွေးပွဲများ မကြာခဏပြုလုပ်ပေးခြင်း၊ ကုန်ကြမ်းမှကုန်ချောထုတ်စက်ရုံလေးများ တည်ဆောက်ပေးခြင်းစသည်များကို ပြုလုပ်ဆောင်ရွက် ပေးသွားမယ်ဆိုရင် နာဂဒေသတောင်ပေါ်ပန်းများ ဝေဆာစွာ ဖူးပွင့်လန်းဆန်းလာနိုင်မှာဖြစ်သလို နိုင်ငံတော်ရဲ့ GDP တန်ဖိုးလည်း အထိုက်အလျောက် ပိုမိုပြီးတော့ တိုးပွားလာစေမှာဖြစ်ပါတယ်။

ဒီအတွက်ကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ လဟယ်မဲဆန္ဒနယ်က ဦးဆားမူရဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များအတွင်း နေထိုင်လျက်ရှိသည့် နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဆိုဟာ နာဂတိုင်းရင်းသားများအတွက်သာမက နိုင်ငံတော်အတွက်ပါ အကျိုးသက်ရောက်မှုရှိစေသည့်အတွက်ကြောင့် ၎င်းအဆိုကို ထောက်ခံကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။တပ်မတော်သားကိုယ်စားလှယ်ဗိုလ်မှူးကြီးဒွေးနိုင်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဗိုလ်မှူးကြီးဒွေးနိုင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးကြီးဒွေးနိုင် ဖြစ်ပါတယ်။ ကျွန်တော့် အနေနဲ့ အဆိုရှင်ဦးဆားမူ လဟယ်မဲဆန္ဒနယ်ရဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(လေရှီး၊ လဟယ်၊ နန်းယွန်း)မြို့နယ်များအတွင်း နေထိုင်လျက်ရှိတဲ့ နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အဆိုကို ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဟာ မြန်မာနိုင်ငံ အနောက် မြောက်ဒေသမှာ တည်ရှိပြီး လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ တောတောင်ထူထပ်ခြင်း၊ စီးပွားရေးအခွင့်အလမ်းများ နည်းပါးခြင်းတို့ကြောင့် မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနောက်ကျသော ဒေသများမှာတစ်ခုအပါ အဝင်ဖြစ်ပါတယ်။ ဒေသရဲ့ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဖက်ဖက်မှ ဖွံ့ဖြိုးမှုနောက်ကျခဲ့တာကြောင့် ဒေသခံပြည်သူအများစုဟာ ဆင်းရဲနွမ်းပါးသူများ ဖြစ်ကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆင်းရဲနွမ်းပါးမှုနှင့် ပတ်သက်ပြီး အနည်းငယ်တင်ပြ လိုပါတယ်။ ဆင်းရဲခြင်း၊ ချမ်းသာခြင်းဆိုတာဟာ လောကဓမ္မတရားတစ်ခု ဖြစ်ပါတယ်။ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ကဲ့သို့သော မြို့တော်များမှာလည်း ဆင်းရဲနွမ်းပါးတဲ့ အခြေခံလူတန်းစားများ ရှိသလို နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာလည်း ရှိမှာဖြစ်ပါတယ်။ ဒါပေမယ့် နာဂကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသမှာတော့ တောတောင်ထူထပ်ပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲခြင်း၊ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုမရှိခြင်းတို့ကြောင့် ဆင်းရဲနွမ်းပါးသူ ပိုမိုများပြားတယ်ဆိုတာ လက်ခံရမှာဖြစ်ပါတယ်။ ကျွန်တော်ဆိုလိုချင်တာကတော့ ဆင်းရဲနွမ်းပါးမှုဆိုတာ အရပ်ဒေသ၊အခြေအနေတွေတို့ထက် တစ်ဦး တစ်ယောက်၊ မိသားစုတစ်ခုနဲ့ ပိုမိုသက်ဆိုင်တယ်လို့ ယူဆမိပါတယ်။ ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက် ရန်ဆန္ဒနည်းပါးခြင်း၊ တင်းတိမ်ရောင့်ရဲစွာ နေထိုင်တတ်ခြင်း၊ ဗဟုသုတနှင့် အတတ်ပညာ၊ အသိပညာ နည်းပါးခြင်း စတဲ့အကြောင်းတရားများဟာ လူ့အဖွဲ့အစည်းတစ်ရပ်ကို ဆင်းရဲနွမ်းပါးမှုမှ ရုန်းမထွက် နိုင်သော အကြောင်းတရားများ ဖြစ်ပါတယ်။ စိတ်ပိုင်းဆိုင်ရာအရ တင်ပြရရင် ဆင်းရဲခြင်းမှ လွတ်မြောက်ရန် ချမ်းသာချင်စိတ်မွေးမြူပြီး အလုပ်ကို ထိထိရောက်ရောက် အောင်မြင်အောင် လုပ်ကိုင်ကြရန် လိုအပ်ပါတယ်။ နိုင်ငံတော်နဲ့ လူ့အဖွဲ့အစည်းပေါင်းစုံက ကူညီပံ့ပိုးမှုများသည်

ကာယကံရှင်အနေဖြင့် ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်လိုသော ဆန္ဒရှိခြင်းနှင့်အတူ ကြိုးစားမှသာ ထိထိရောက်ရောက် တိုးတက်မှုကို ရရှိမယ်လို့ ယုံကြည်ပါတယ်။ မိမိနေရာဒေသနှင့် ကိုက်ညီပြီး ရှိပြီးသော အလုပ်အကိုင်အခွင့်အလမ်းများအား ထိထိရောက်ရောက် အသုံးချမှုသည် ဆင်းရဲနွမ်းပါးမှု လျှော့ချမှုကို အဓိကကျတဲ့ အကြောင်းရင်းလို့ ယူဆပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုး တိုးတက်ရန် စိုက်ပျိုးရေးအတွက် ဒေသနဲ့ကိုက်ညီတဲ့ ကုန်းမြင့်လယ်ယာစနစ်၊ ဘက်စုံပေါင်းစည်း လယ်ယာစနစ်နှင့် နှစ်ရှည်သီးနှံစိုက်ပျိုးရေးနည်းစနစ်များကို စီစဉ်ပေးခြင်း၊ မျိုးကောင်းမျိုးသန့်နှင့် သွင်းအားစုများ အပြည့်အဝ ရရှိအောင် စီစဉ်ပေးခြင်း၊ စိုက်ပျိုးရေရရှိအောင်စီမံပေးခြင်းတို့ကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ဒေသနဲ့ကိုက်ညီတဲ့ နွားနောက်မွေးမြူရေး ကဲ့သို့သောမွေးမြူရေးလုပ်ငန်းများကို အရင်းအနှီးနဲ့ နည်းပညာဖြန့်ဖြူးပေးခြင်းများ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ လူနေမှုဘဝမြှင့်တင်ပေးရေးအတွက် လျှပ်စစ်ဓာတ်အားရရှိရေးနှင့် တယ်လီဖုန်း ဆက်သွယ်မှုများ စီစဉ်ပေးခြင်း၊ စာသင်ကျောင်းများနှင့် ဆေးရုံများဆောက်လုပ်ပေးခြင်း၊ ဆရာ၊ ဆရာမများ၊ ဆရာဝန်များ၊ သူနာပြုများ ဖြည့်ဆည်းပေးခြင်း၊ ဒေသနဲ့ကိုက်ညီတဲ့ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖန်တီးပေးခြင်းနဲ့ ဆက်လက်ပြီး စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အခြေခံအဆောက်အအုံများကို ဒေသခံကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အစိုးရအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ပြည်ထောင်စု အစိုးရအဖွဲ့တို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒေသခံပြည်သူများဟာ အစိုးရက စီစဉ်ဆောင်ရွက် ပေးမှုများအပေါ် တစ်ခုတည်းမှီခိုအားထားခြင်းမပြုဘဲ မိမိတို့ကိုယ်တိုင် စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာသစ်များ ရှာဖွေဆည်းပူးလေ့လာအသုံးချခြင်း၊ ဒေသအတွင်းလမ်းများ ဖောက်လုပ်ခြင်း၊ တစ်ဦးတည်း ဆောင်ရွက်ခြင်းထက် စုပေါင်းလုပ်ဆောင်တတ်သည့် အလေ့အကျင့်များရရှိစေရန် ပညာပေးစည်းရုံးခြင်း၊ ၎င်းတို့၏ ရင်သွေးငယ်များအား ခေတ်နဲ့အညီ အသိပညာ၊ အတတ်ပညာများ စည်းရုံးသင်ကြားစေခြင်းနှင့် သင်ကြားခွင့်ရရှိရန် ကူညီအားပေးခြင်းတို့ကိုလည်း ထိရောက်စွာ လုပ်ဆောင်စေခြင်းဖြင့် အောင်မြင်မှုရရှိအောင် ကြိုးစားကြရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးရဲ့ ၂၃-၈-၂၀၁၁ ရက်နေ့မှာ နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်၊ တောင်သူ ပညာပေး ဧက ၅၀၀ စိုက်ကွင်း ရှင်းလင်းဆောင်မှာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ်စိုက်ပျိုးရေးဝန်ကြီးများ၊ စိုက်ပျိုးရေး အထူးပြုကုမ္ပဏီများမှ လုပ်ငန်းရှင်များအား မှာကြားခဲ့တာ တချို့ကိုထုတ်နုတ် တင်ပြလို

ပါတယ်။ သမ္မတကြီးက ပညာမတတ်၍ လယ်လုပ်သည်ဟု ယူဆချက်အစား ပညာတတ်ပြီးသူများ လယ်လုပ်သည်ဟူသော အယူအဆဖြင့် ပြောင်းလဲရန်လိုကြောင်း၊ လယ်လုပ်သူများ စိုက်ပျိုးရေး ပညာတတ်ရန်လိုကြောင်း၊ စက်မှုလယ်ယာစနစ် ကူးပြောင်းရာမှာ ကုန်ထုတ်လုပ်ငန်းနှင့် လယ်ကွင်းများ ပြုပြင်ခြင်းသည် တစ်ကြိမ်တည်း အပင်ပန်းခံရုံဖြင့် နောင်တစ်သက်တာ အကျိုးရှိကြောင်း၊ ကျေးရွာ ကုန်ထုတ်အသင်း၊ ငွေစုငွေချေးအသင်းများ ဖွဲ့စည်းခြင်းဖြင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခက်အခဲများ ဖြေရှင်းရာတွင် များစွာအကူအညီရနိုင်ကြောင်း၊ အသင်းအဖွဲ့ကို ငယ်သည်ဟု သဘောမထားဘဲ လက်ချောင်းဥပမာကဲ့သို့ အများစုပေါင်းလိုက်လျှင် တစ်နိုင်ငံလုံးရဲ့ အားဖြစ်လာ နိုင်ကြောင်း၊ သီးနှံမပေါ်မီကာလအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ခြင်းဖြင့် နေ့စဉ်ဝင်ငွေရရှိပြီး မိသားစုအခက်အခဲများ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ ပါတယ်။ သမ္မတကြီးရဲ့ လမ်းညွှန်ချက်ကိုကြည့်ရင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ဘက်စုံပေါင်းစည်းလယ်ယာစနစ် အကောင်အထည်ဖော်ရန်နှင့် ခေတ်နှင့် ရင်ဘောင်တန်းနိုင်သည့် အသိပညာ၊ အတတ်ပညာများ ဆည်းပူးသင်ယူကြဖို့လိုကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ တင်ပြလိုသည်မှာတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဖွံ့ဖြိုးတိုးတက်ရန်၊ ဒေသခံပြည်သူများ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင် ရန်အတွက် နိုင်ငံတော်နှင့်ဒေသခံအစိုးရတို့မှ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ အခြေခံ အဆောက်အအုံများ ဖွံ့စည်းတည်ထောင်ပေးရန် နယ်စပ်ရေးရာဝန်ကြီးဌာနအား ဖွဲ့စည်းပေးထားပြီး ဖြစ်ပါတယ်။ ဒေသခံပြည်သူများကလည်း တစ်ဦးချင်းတစ်ယောက်ချင်းသော်လည်းကောင်း၊ အစုအဖွဲ့သော် လည်းကောင်း အစိုးရရဲ့ အခွင့်အလမ်းဖန်တီးဆောင်ရွက်ပေးမှုများကို အင်အားအဖြစ်ရယူပြီး စုစည်း ညီညာစွာဖြင့် ထိထိရောက်ရောက် ကြိုးစားလုပ်ကိုင်ခြင်း၊ ဒေသအခြေအနေနှင့်ကိုက်ညီသော ရှိပြီးသော အလုပ်အကိုင် အခွင့်အလမ်းများအား ထိရောက်စွာ အသုံးချခြင်းဖြင့် မိမိတို့၏ဘဝ မြင့်မား တိုးတက်အောင် ဆောင်ရွက်သင့်ပါကြောင်း တိုက်တွန်းရင်း နိဂုံးချုပ်တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရှိုသီး၊ လေရှီးမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရှိုသီး(လေရှီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ တက်ရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ပါး

ကျန်းမာရွှင်လန်းပြီး လွှတ်တော်အကျိုး၊ လူထုအကျိုး ဆတက်ထမ်းပိုး သယ်ပိုးနိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ လေရှီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိသီးဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ တင်သွင်းသွားတဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များအတွင်းရှိ တိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရှေ့မှာ ထောက်ခံဆွေးနွေးသွားတဲ့ နမ့်ခမ်းမြို့နယ်က ဒေါက်တာ စိုင်းကျော်အုန်းနဲ့ တပ်မတော်သား ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်မှ ဗိုလ်မှူးကြီးဌေးနိုင်တို့ရဲ့ ဆွေးနွေးချက်၊ အကြံပြုချက်များကိုလည်းပဲ ကျေးဇူးတင်ရှိပါကြောင်း နာဂတိုင်းရင်းသားများကိုယ်စား ကျွန်တော် တင်ပြလိုပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ နိုင်ငံတော်အခြေခံမူများပုဒ်မ ၂၂(ဂ)မှာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေသေးသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေးစသည်တို့ပါဝင်သော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်မည်ဟု ပြဋ္ဌာန်းထားခြင်းဟာ နာဂတိုင်းရင်းသားများကဲ့သို့ ဖွံ့ဖြိုးမှုနောက်ကျနေသေးတဲ့ တိုင်းရင်းသားများအတွက် အထူးဝမ်းမြောက်ဖွယ်ရာဖြစ်ပါတယ်။

လေးစားအပ်တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ခေတ်အဆက်ဆက်က ဖွံ့ဖြိုးမှုနောက်ကျကျန်ရစ်ခဲ့တဲ့ ကျွန်တော်တို့ နာဂတိုင်းရင်းသားများကို ၁၉၈၈ ခုနှစ်နောက်ပိုင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ များစွာပြုပြင်ပြောင်းလဲပေးခဲ့တယ်ဆိုတာ နာဂတိုင်းရင်းသားအားလုံး သဘောပေါက်နားလည်ထားကြပြီးသား ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းအတွင်းရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ကို စုစည်းပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအခန်း(၂)၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံပုဒ်မခွဲ ၅၆(က)မှာ အတည်ပြုပြဋ္ဌာန်းပေးခဲ့မှု၊ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို နှစ်စဉ် အခမ်းအနားဖြင့် ကျင်းပပေးပြီး လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးကဏ္ဍများ တိုးတက်လာအောင် လုပ်ပေးခဲ့တာ အသိသက်သေဖြစ်ပါတယ်။ ကျွန်တော်တို့ နာဂတိုင်းရင်းသားများအနေနဲ့လည်းပဲ နိုင်ငံတော်၏ ကျေးဇူးမေတ္တာကို တုံ့ပြန်သောအားဖြင့် နိုင်ငံတော်ရဲ့ တစ်ခုတည်းသော အလံတိုင်အောက်မှာ အခြားတိုင်းရင်းသား ညီအစ်ကိုများနဲ့အတူ ငြိမ်းချမ်းစွာအတူလက်တွဲ နေထိုင်လိုစိတ်ရှိကြောင်း။ ၂၀ဝ၈ ခုနှစ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေ

အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နာဂဒေသ သုံးမြို့နယ်မှ ပြည်သူများ အနေဖြင့် ၉၈.၇ ရာခိုင်နှုန်းဖြင့် ထောက်ခံမှုပြုခဲ့ခြင်း၊ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့ ပါတီစုံ အထွေထွေရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိသူလူထု၏ ၉၇.၈ ရာခိုင်နှုန်းဖြင့် မဲလာရောက်ပေးခြင်းတို့က သက်သေထူလျက်ရှိပါတယ်။

လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နာဂဒေသ သုံးမြို့နယ်ကို နိုင်ငံတော်အစိုးရအနေဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် လုပ်ပေးခဲ့၊ လုပ်ပေးဆဲ ဖြစ်သော်လည်းပဲ အခြားဒေသများနှင့် နှိုင်းယှဉ်လျှင် များစွာနောက်ကျနေဆဲဖြစ်ပါတယ်။ နာဂ တိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရေးအတွက် မြှင့်တင်ရာတွင် တစ်ဦးချင်းဝင်ငွေတိုးတက် လာရေး၊ ရုပ်ဝတ္ထုပစ္စည်းများပေါ်များပြီး ဈေးနှုန်းချိုသာရေး၊ လူတစ်ဦးချင်းစွမ်းဆောင်ရည် မြင့်မားလာ ရေးတို့သည် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်လာမှုတို့အပေါ်မှာ များစွာ မူတည်နေပါတယ်။ သို့ဖြစ်ပါ၍ လဟယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ တင်သွင်းထားသလို လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များမှ ပြည်မနှင့်ဆက်သွယ်ထားသော လမ်းမကြီးများကို သုံးရာသီသွားလာနိုင်ရေးအတွက် လုပ်ဆောင်ပေးရန်၊ ကျန်းမာရေး စောင့်ရှောက် မှုအတွက် ဆရာဝန်များ အချိန်ပြည့်ခန့်ထားပေးနိုင်ရေး၊ လူတစ်ဦးချင်း ဝင်ငွေတိုးတက် မြင့်မားလာရေး အတွက် ရွှေ့ပြောင်းတောင်ယာစနစ်မှ အခြေချတောင်ယာလှေကားထစ်လယ်ယာ ဖော်ထုတ်နိုင်ရေး အတွက် ပံ့ပိုးပေးခြင်းတို့ကို နိုင်ငံတော်မှ အရှိန်အဟုန်မြှင့်လုပ်ဆောင်ပေးနိုင်ရေးအတွက် ထောက်ခံ ဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံလျက် တိုင်းပြည်ရဲ့တာဝန်၊ လွှတ်တော်ရဲ့တာဝန်များကို ဆတက်ထမ်းပိုး ထမ်းရွက်သယ်ပိုးနိုင်ကြပါစေလို့ မေတ္တာပို့သဂါရဝပြုရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယ ပုံမှန်အစည်းအဝေး နဝမနေ့မှာ လဟယ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ တင်သွင်းထားတဲ့ နာဂဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအဆိုနဲ့ပတ်သက်လို့ ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လက်လှမ်းမီစေရန်အတွက် နိုင်ငံတော်အစိုးရကနေပြီးတော့

နန်းယွန်းမြို့နယ်မှာ ပန်ဆောင်မြို့နယ်ခွဲနှင့် ဒုံဟီးမြို့နယ်ခွဲကိုလည်းကောင်း၊ လဟယ်မြို့နယ်မှာ ထန်ပါခွေမြို့နယ်ခွဲကိုသော်လည်းကောင်း၊ လေရှီးမြို့နယ်မှာ မိုဝိုင်းလွတ်မြို့နယ်ခွဲကိုသော်လည်းကောင်း တိုးချဲ့ပြီးတော့ အုပ်ချုပ်ရေးလက်လှမ်းမီစွာဖြင့် စီမံခန့်ခွဲအုပ်ချုပ်နေတာကို ကျေးဇူးတင်ဝမ်းမြောက်စွာဖြင့် ဂုဏ်ယူရမှာ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနဲ့ သောက်သုံးရေရရှိရေး၊ မီးလင်းရေးကဏ္ဍတွေမှာလည်း ၁၉၈၈ ခုနှစ်၊ မတိုင်မီနှင့် နှိုင်းစာလျှင် များစွာတိုးတက်နေပြီဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ(လေရှီး၊လဟယ်၊နန်းယွန်း)မြို့နယ်များဟာ မြန်မာနိုင်ငံရဲ့ အနောက်မြောက်ဘက် အိန္ဒိယနယ်စပ်မှာတည်ရှိတဲ့ဒေသတစ်ခု ဖြစ်ပါတယ်။ ကျောက်တိုင်အမှတ် ၁၁၂၊ တမူးနယ်စပ်ကနေပြီးတော့ ကျောက်တိုင်အမှတ် ၁၈၂၊ ပူတာအို ခရိုင်အထိ မိုင်အားဖြင့် ၂၈၆ မိုင်၊ ကီလိုမီတာအားဖြင့် ၄၆၀ ခန့်ရှည်လျားစွာအိန္ဒိယနိုင်ငံနဲ့ နယ်နိမိတ် ထိစပ်လျက်ရှိတာကိုတွေ့ရမှာဖြစ်ပါတယ်။ လေးစားရပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး ခင်ဗျား။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များရဲ့ တစ်ဦးချင်းဝင်ငွေကို လေ့လာသုံးသပ်ကြည့်တဲ့အခါမှာ လေရှီးမြို့နယ်အနေနဲ့ ၁၇၉၂၉၇ ကျပ်၊ လဟယ်မြို့နယ်အနေနဲ့ ၁၃၂၅၄၈ ကျပ်နှင့် နန်းယွန်းမြို့နယ်မှာ ၁၁၀၁၄၇ ကျပ်အသီးသီးမျှသာရှိနေတာကို တွေ့ရမှာဖြစ်ပါတယ်။ နယ်စပ်ဒေသမှာ နေထိုင်ပြီး ဤကဲ့သို့ဝင်ငွေနည်းသော်လည်း နာဂတိုင်းရင်းသားများအနေနဲ့ နိုင်ငံတော်၏အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ နယ်စပ်ဒေသရဲ့ သမိုင်းပေးတာဝန်ကို နယ်မြေလုံခြုံရေးကို တာဝန်ယူပြီးတော့ ထမ်းဆောင်နေကြသူများ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နာဂဒေသဆင်းရဲနွမ်းပါးမှုများ လျှော့ချနိုင်ရေးအတွက် နံပါတ်တစ်အနေနဲ့ကတော့ မြို့နယ် အသီးသီးကိုဆက်သွယ်ထားတဲ့ လမ်းကြောင်းများ အမာခံရာသီမရွေးသွားလာနိုင်တဲ့ လမ်းတွေဖြစ်ဖို့လိုအပ်ပါတယ်။ နံပါတ်နှစ်အနေနဲ့ကတော့ ဒေသအတွင်းမှာ ပညာသင်ကြားနိုင်မှု အပြည့်အဝရရှိနိုင်ရေးအတွက် ကျောင်းတွေကိုအဆင့်လိုက် တိုးချဲ့ပြီးတော့ ဖွင့်လှစ်သွားဖို့လိုအပ်နေပါတယ်။ နံပါတ်သုံးအနေနဲ့ကတော့ မြို့နယ်တွေ၊တိုက်နယ်တွေမှာ ဆရာဝန်တွေ မရှိတဲ့အတွက်ကြောင့်မို့လို့ အခြားမြို့နယ်တွေမှာဆေးဝါးစရိတ် အကုန်အကျများစွာဖြင့် သွားရောက်ကုသခြင်းကနေ ဆရာဝန်များ အပြည့်အဝခန့်ထားခြင်းအားဖြင့် ဒါတွေကို ကာကွယ်ပေးဖို့ လိုအပ်နေပါတယ်။ နံပါတ်လေးအနေနဲ့တော့ ဝမ်းစာဖူလုံရေးအတွက် ရွှေ့ပြောင်းတောင်ယာစနစ်ကနေ လှေခါးထစ်လယ်ယာကို ကူးပြောင်းလုပ်ကိုင်နိုင်ဖို့အတွက် လိုအပ်တဲ့ပံ့ပိုးမှုတွေ နည်းစနစ်တွေ ဖြန့်ဖြူးနိုင်ဖို့ လိုအပ်နေပါတယ်။ နံပါတ်ငါးအနေနဲ့တော့ တစ်ဦးချင်းဝင်ငွေ တိုးပွားရေးအတွက် တစ်ပိုင်၊တစ်နိုင် မွေးမြူရေး၊ နွားနောက်မွေးမြူရေးစနစ်ကနေပြီးတော့ စီးပွားဖြစ်မွေးမြူရေးစနစ်သို့ ကူးပြောင်းလုပ်ကိုင်နိုင်ဖို့အတွက် ပံ့ပိုးဖို့ လိုအပ်နေပါတယ်။ နံပါတ်ခြောက်အနေနဲ့တော့ လက်ဖက်နှင့် ဒေသအလိုက် ရာသီဥတုနှင့်ကိုက်ညီတဲ့

နှစ်ရှည်သီးနှံပင်တွေ စိုက်ပျိုးနိုင်ဖို့အတွက် ကူညီပံ့ပိုးဖို့ လိုအပ်နေပါတယ်။ နံပါတ်ခုနှစ်အနေနဲ့တော့ နယ်စပ်ဒေသတွေဖွံ့ဖြိုးတိုးတက်လာဖို့အတွက် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို သင့်တော်တဲ့နေရာတွေမှာ ဆောင်ရွက်ပေးနိုင်မယ်ဆိုလို့ရှိရင် တစ်ဦးချင်းဝင်ငွေ၊ စီးပွားရေးများ ဖွံ့ဖြိုးတိုးတက်လာပြီး နာဂတိုင်းရင်းသားများရဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချသွားနိုင်မှာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ လဟယ်မြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူတင်သွင်းထားတဲ့ နာဂဒေသဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဆိုကို ထောက်ခံဆွေးနွေးရင်းဂါရဝပြု အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ဦးဆားမူ၊လဟယ်မဲဆန္ဒနယ်၏အဆိုကိုသက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုအဆင့် ကိုယ်စားလှယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး (ပြည်ထောင်စုဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာပါစေကြောင်း ဆုမွန်ကောင်း တောင်းရင်းနဲ့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သိန်းဌေး ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ တင်သွင်း ခဲ့တဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များအတွင်းမှာ နေထိုင်ကြတဲ့ နာဂတိုင်းရင်းသားများရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီအဆိုကို ကျွန်တော် ခွဲခြမ်းစိတ်ဖြာကြည့်တဲ့ အခါမှာတော့ အဆိုပြုတင်ပြချက် သုံးချက်ပါဝင်တာတွေ့ရှိရမှာဖြစ်ပါတယ်။ပထမအချက်ကတော့လမ်းပန်းဆက်သွယ်ရေးနဲ့ပတ်သက်လို့ ဖြစ်ပြီးတော့ ဒုတိယကတော့ ရွှေ့ပြောင်းတောင်ယာစနစ်အစား ပိုမိုသင့်လျော် ကောင်းမွန်တဲ့ စီးပွားရေးစနစ်များဖြစ်ထွန်းဖို့နဲ့ တတိယအချက်ကတော့ ကျန်းမာရေးနဲ့ ပညာရေးဆိုင်ရာ၊ လူမှုရေးရာဖြည့်ဆည်းပေးဖို့အချက်များပဲ ဖြစ်ပါတယ်။ အဲဒီတော့ အဆိုပြုတင်ပြချက် တစ်ခုချင်းအလိုက် ကျွန်တော့် အနေနဲ့ ရှင်းလင်းတင်ပြခွင့်ပြုဖို့ တောင်းဆိုအပ်ပါတယ်။ အဲဒီတော့ အဆိုပြုတင်ပြချက် တစ်မှာ တော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်ကနေပြီးတော့ ပြည်မကို ထွက်ပေါက်တွေဖြစ်တဲ့ လေရှီး-ထမံသီလမ်း ၄၁ မိုင် ဖြစ်ပါတယ်။ လဟယ်-ဆင်သေလမ်း ၅၆မိုင် ဖြစ်ပါတယ်။ နောက်တစ်ခါ နန်းယွန်း-ရှင်ဗွေယန်လမ်း ၃၂ မိုင်၊ ဒီလမ်းတွေကို ရာသီမရွေး

သွားလာနိုင်တဲ့ လမ်းဖြစ်အောင် ဆောင်ရွက်ပေးဖို့နဲ့ လေရှီး-ပန်ဆန်း-ဆွမ်ပရာလမ်း ၄၂ မိုင်၊ လဟယ်-လောင်ငေါက်-ထံပါခွေလမ်း ၄၂ မိုင်နဲ့ နန်းယွန်း-ပန်ဆောင်လမ်း ၃၆ မိုင်တို့ကိုလည်း ရာသီမရွေးသွားလာနိုင်တဲ့ လမ်းများအဆင့်ရောက်အောင် ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ စုစုပေါင်းလမ်း ခြောက်လမ်း ဖြစ်ပါတယ်။ အဲဒီတော့ လမ်းတစ်ခုချင်း ဆောင်ရွက်မှုအခြေအနေ များကို တင်ပြပါမယ်။ လေရှီး-ထမံသီလမ်း ၄၁ မိုင်ကိုတော့ ကျွန်တော်တို့ ၂၀၁၀ -၂၀၁၁ ခုနှစ်အထိ ကတ္တရာလမ်း ၁၈ မိုင် ၃ ဖာလုံ၊ ကျောက်လမ်း ၆ မိုင် ၇ ဖာလုံနဲ့ မြေလမ်း ၁၅ မိုင် ၆ ဖာလုံအထိ လုပ်ပြီးဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်ကနေပြီးတော့ ၆၉၄.၃၄ သန်း ကျခံသုံးစွဲခဲ့ပါတယ်။ သို့သော် လက်ရှိအခြေအနေမှာ ရာသီမရွေးသွားလာနိုင်တဲ့ လမ်းအဆင့်အတန်း ကို ရောက်ဖို့အတွက် ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်နေသေးကြောင်းလည်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ အခု ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ပွင့်လင်းရာသီမှာလည်း ဆက်လက်ဆောင်ရွက်ဖို့ အစီအမံများ ရှိပါတယ်။ ယင်းအစီအမံများအရ ကတ္တရာလမ်းကို ၁၉ မိုင် ၂ ဖာလုံအထိ ကျောက်လမ်းကို ၁၂ မိုင် ၂ ဖာလုံအထိ တိုးမြှင့်ဆောင်ရွက်ပြီးတော့ ရာသီမရွေးသွားလာနိုင်တဲ့ အဆင့်အတန်းရောက်အောင် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ ကျန်ရှိတဲ့မြေလမ်း ၉ မိုင် ၄ ဖာလုံ ကိုတော့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းအဖြစ် အဆင့်တိုးမြှင့် ဆောင်ရွက်သွားမှာ ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လဟယ်-ဆင်သေလမ်း ၅၆ မိုင်ကို တင်ပြမှာ ဖြစ်ပါတယ်။ ၂၀၁၀-၂၀၁၁ခုနှစ်အထိ နိုင်ငံတော်ရဲ့ဘဏ္ဍာငွေ ၇၇၂.၈၄ သန်းသုံးစွဲပြီးတော့ ကတ္တရာလမ်း ၂၀ မိုင် ၄ ဖာလုံ၊ ကျောက်လမ်း ၉ မိုင် ၆ ဖာလုံနဲ့ မြေလမ်း ၂၄ မိုင် ၆ ဖာလုံ ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ ရာသီမရွေး သွားလာနိုင်တဲ့ အဆင့်ဖြစ်အောင်လို့ ယခု ဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၁၁-၂၀၁၂ ခုနှစ်မှာလည်း ကတ္တရာလမ်း ၃၁ မိုင်၊ ကျောက်လမ်း ၁၁ မိုင်တို့ကို ရာသီမရွေးသွားလာနိုင်အောင် ဆောင်ရွက်ပေးမှာ ဖြစ်ပြီးတော့ ကျန်တဲ့မြေလမ်း ၁၄ မိုင်ကိုတော့ လာမယ့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ကျောက်ချောလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ နန်းယွန်း-ရှင်ဗွေယန်လမ်း ၃၂ မိုင်နဲ့ ပတ်သက်ပြီးတော့ တင်ပြပါမယ်။ ဒီလမ်းအတွက်တော့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေကနေပြီးတော့ ၂၀.၅၅၇ သန်း ကျခံသုံးစွဲခဲ့တာ ဖြစ်ပါတယ်။ အဲဒီမှာတော့ ကျွန်တော် တို့ ကျောက်ချောလမ်း ၃၆ မိုင်နဲ့ တံတား ၄၃ စင်း ဆောင်ရွက်ပေးနိုင်တာ ဖြစ်ပါတယ်။ ဒီလမ်းတွေဟာ ရာသီမရွေးသွားလာနိုင်တဲ့ အဆင့်ရောက်ဖို့ဆိုလို့ရှိရင် ဆက်လက်တိုးမြှင့်ဆောင်ရွက်ရန် လိုအပ်သေးကြောင်း တွေ့ရှိရပါတယ်။ ဒီအဆင့်အတန်းရောက်ရှိဖို့အတွက်တော့ လာမယ့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ နိုင်ငံတော် ဆောက်လုပ်ရေးရန်ပုံငွေနဲ့ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေကနေပြီးတော့ တောင်းခံပြီးတော့

ဆက်လက်ဆောင်ရွက် ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ လေရှီး-ပန်ဆန်း-ဆွမ်ပရာလမ်း ၄၂ မိုင်နဲ့ ပတ်သက်ပြီးတော့ တင်ပြမှာ ဖြစ်ပါတယ်။ ဒီလမ်းအတွက်လည်း နိုင်ငံတော်ကနေ ငွေကျပ်သန်း ၆၀ ကျခံသုံးစွဲ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီတော့ ၂၀၁၀-၂၀၁၁ ခုနှစ်မှာတော့ တစ်ကြောင်းထိုးမြေလမ်းအဆင့်ပဲ ဆောက်လုပ်ပေးနိုင်တဲ့ အနေအထားဖြစ်ပါတယ်။ ကျန်တဲ့ရာသီမရွေး သွားလာနိုင်အောင် အဆင့်မြှင့်တိုးမြှင့်မှုများကိုတော့ လာမယ့်၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ဆောင်ရွက် ပေးသွားမှာဖြစ်ပါတယ်။ လဟယ်-လောင်ငေါက်-ထံပါခွေ လမ်း ၅၃ မိုင်ကို တင်ပြမှာဖြစ်ပါတယ်။ ဒီလမ်းနဲ့ပတ်သက်လို့လည်း ကျွန်တော်တို့ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေး နှစ်မှာ လမ်းအကျယ် ၁၈ပေနဲ့ ၃၂ မိုင်မြေသားလမ်း ဖောက်လုပ်ခြင်း နှစ်လွှာတစ်ထပ် ဘေလီတံတား တစ်စင်းနဲ့ တစ်လွှာတစ်ထပ် ဘေလီတံတားခုနစ်စင်း၊ ကွန်ကရစ်ရေပြွန်ခုနှစ်ခုနဲ့ ရေပြွန်အသေး ၁၀ ခု ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေး ရန်ပုံငွေကနေ ကျပ် ၂၁၀၁.၇၄ သန်း နှစ်ဘီလီယံကျော် ကျွန်တော်တို့ ခွင့်ပြုထားရှိပြီး ဖြစ်ပါတယ်။ နန်းယွန်း-ပန်ဆောင်လမ်း ၃၆ မိုင်ကို တင်ပြမှာဖြစ်ပါတယ်။ ဒီလမ်းဟာလည်းခုနက ကျွန်တော်တို့ ရှင်ဗွေယန်-နန်းယွန်းလမ်းနဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်ပါတယ်။ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကနေ ၂၀.၅၅၇ သန်း သုံးစွဲခဲ့ပြီးဖြစ်ပါတယ်။ လာမယ့်ဘဏ္ဍာရေးနှစ်ဖြစ်တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေ ဆက်လက်တောင်းခံပြီးတော့ ရာသီမရွေးသွားလာနိုင်တဲ့လမ်း အဆင့် ရောက်အောင်အဆင့်ဆင့် ဆက်လက်စီမံဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဒုတိယအချက်ဖြစ်တဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဒေသခံတိုင်းရင်းသားများ ဝမ်းစာ ဖူလုံရေးအတွက် ရွှေ့ပြောင်းတောင်ယာစနစ်ဆိုး ပပျောက်ရေးအတွက် ဆောင်ရွက်ပေးဖို့ တင်ပြထား တာရှိပါတယ်။ အဲဒါတွေနဲ့ပတ်သက်ပြီးတော့ တင်ပြသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ မြန်မာနိုင်ငံ တစ်ဝန်းလုံးမှာ ရွှေ့ပြောင်းတောင်ယာဧက ၃.၆ သိန်းရှိပါတယ်။ ၂၀၀၃-၂၀၀၄ ခုနှစ်၊ ဘဏ္ဍာရေးနှစ် ကနေစပြီးတော့ ၁၀ နှစ်စီမံကိန်းနဲ့ ပြည်နယ်၊ တိုင်းဒေသကြီးအသီးသီးမှာ ကြီးကြပ်မှုအဖွဲ့တွေ ဖွဲ့ပြီးတော့ ဆောင်ရွက်ခဲ့ပါတယ်။ လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနရဲ့ ရန်ပုံငွေနဲ့ ဆောင်ရွက်ခြင်းဖြစ်ပြီးတော့ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်တို့နဲ့ ရှမ်းပြည်နယ်တို့မှာ ဧက ၃၁၉၄၀ ဖော်ထုတ်ပြီးဖြစ်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာတော့ ဒီစီမံကိန်းဧရိယာမှာ ပါဝင်ခြင်း မရှိသေးကြောင်း တွေ့ရပါတယ်။ ဒါကြောင့် လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ လာမယ့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှာ ဖြစ်မြောက်နိုင်စွမ်း ရှိ၊ မရှိ ကွင်းဆင်းလေ့လာမှု ရန်ပုံငွေ

လိုအပ်ချက်နဲ့ လူ၊ ယန္တရားလိုအပ်ချက်တွေကို စိစစ်တွက်ချက်ပြီးတော့ ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ တစ်ခါ လက်ဖက်စိုက်ပျိုးမှုနဲ့ ပတ်သက်ပြီးတော့ ချင်းပြည်နယ်မှာတော့ ၂၀၀၁ ခုနှစ် ကနေစပြီးတော့ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ ဆောင်ရွက်ခဲ့ရာမှာ ဧကပေါင်း ၂၀၄၀၀ စိုက်ပျိုးနိုင်ပြီ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း လယ်ယာစိုက်ပျိုးရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ကျပ် ၁၂၃.၇၆၂ သန်းဖိုး ကျွန်တော်တို့ လက်ဖက်မျိုးစေ့တွေအခမဲ့ ဖြန့်ဖြူးပေးခဲ့ခြင်း ရှိပါတယ်။ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာ လာမယ့်နှစ်အတွက် လက်ဖက်၊ ကော်ဖီနဲ့ တစ်ခြားနှစ်ရှည်သီးနှံများ စီမံချက်ချမှတ် စိုက်ပျိုးနိုင်ရေးအတွက်ရာသီဥတုနဲ့ ကိုက်ညီမှု ရှိ၊ မရှိ ကွင်းဆင်းလေ့လာမှုများ ရန်ပုံငွေလိုအပ်ချက်များကို တွက်ချက်ပြီးတော့ အမျိုးသားစီမံကိန်းမှာ ပါဝင်လာအောင် ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အလားတူ နွားနောက်မွေးမြူရေးချေးငွေရရှိရေးနဲ့ ပတ်သက်ပြီးတော့ မွေးမြူရေးနဲ့ရေလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာ့ မွေးမြူရေးနဲ့ ရေလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်လီမိတက်ကနေပြီးတော့ ချေးငွေများကို လုပ်ထုံးလုပ်နည်းနဲ့အညီ ချေးပေးလျက် ရှိပါတယ်။ ဒီချေးငွေရဲ့ သက်တမ်းဟာ သုံးနှစ်ဖြစ်ပြီးတော့ ဘဏ်အတိုးနှုန်းဟာ တစ်နှစ်ကို ၁၇ ရာခိုင်နှုန်း ဖြစ်ပါတယ်။ အရင်းရဲ့ ၁၀ ရာခိုင်နှုန်းကိုတော့ ပထမနှစ်ကုန်၊ အရင်းရဲ့ ၂၅ ရာခိုင်နှုန်းကိုတော့ ဒုတိယနှစ်ကုန်၊ ကျန် ၆၅ ရာခိုင်နှုန်းကိုတော့ တတိယနှစ်ကုန်မှာ အပြီးပေးဆပ်ရမှာ ဖြစ်ပါတယ်။ ခန္တီးခရိုင်၊ လေရှီးမြို့နယ်နဲ့ လဟယ်မြို့နယ် များအတွက် ၂၀၀၆ ခုနှစ် ကနေစပြီးတော့ ကျွန်တော်တို့ ကျပ်သိန်း၄၀ စီနှစ်စဉ်တစ်ဦးလျှင် ထုတ်ချေးခဲ့တဲ့အခါမှာ ဒီအစဉ်အလာအတိုင်း ဒီချေးတဲ့ပိုင်ရှင် တွေကလည်း ပြန်လည်ပေးဆပ်ပြီးတဲ့ အဆင့်ကို ရောက်ပါပြီ။ ၎င်းအစဉ်အလာ အတိုင်းပဲ ဆက်လက်ဆောင်ရွက် ပေးသွားမှာ ဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ ပညာရေးနဲ့ကျန်းမာရေး လိုအပ်ချက်များပေါ်မှာ တင်ပြသွားမှာ ဖြစ်ပါတယ်။ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသမှာ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးရန်ပုံငွေနဲ့ နန်းယွန်း-လေရှီး-လဟယ် မြို့များမှာ ၂၅ ခုတင်ဆံ့ဆေးရုံတစ်ရုံစီနဲ့ ပန်ဆောင်-ဆွမ်ပရာမှာ ၁၆ ခုတင်ဆံ့ ဆေးရုံတစ်ရုံစီ စုစုပေါင်းဆေးရုံငါးရုံနဲ့ ကျန်းမာရေးဌာန ၁၁ ခု၊ ကျန်းမာရေး ဌာနခွဲ ၄၂ ခုတို့ကို ဆောင်ရွက် ပေးထားပြီး ဖြစ်ပါတယ်။ လေရှီးမြို့နယ်ဆေးရုံမှာ အထက်တန်းသူနာပြု နှစ်ဦး၊ သူနာပြုသုံးဦးတို့ကိုလည်းကောင်း၊ လဟယ်မြို့နယ်ဆေးရုံမှာ အထက်တန်းသူနာပြု နှစ်ဦးနဲ့သူနာပြု လေးဦးတို့ကိုလည်းကောင်း၊ နန်းယွန်းမြို့နယ်ဆေးရုံမှာ အထက်တန်းသူနာပြုတစ်ဦးနဲ့ သူနာပြုလေးဦးတို့ကိုလည်းကောင်း ခန့်အပ်တာဝန်ပေးထားခြင်းရှိပါတယ်။ လေရှီးမြို့နယ်ဆေးရုံနဲ့ လဟယ်မြို့နယ် ဆေးရုံများအတွက် ဆရာဝန်တစ်ဦးကို နှစ်လလျှင်တစ်ကြိမ် အလှည့်ကျစနစ်နဲ့ တာဝန်ပေးအပ်ထားပြီးတော့ နန်းယွန်း မြို့နယ်ဆေးရုံအတွက်

ဆရာဝန်တစ်ဦးကို လေးလတစ်ကြိမ် အလှည့်ကျ တာဝန်ပေးအပ်ထားခြင်း ရှိပါတယ်။ လေရှီးမြို့နယ်၊ ဆွမ်ပရာတိုက်နယ်ဆေးရုံကို ဖွင့်လှစ်ထားပြီးတော့ အထက်တန်းသူနာပြု တစ်ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ပန်ဆောင်တိုက်နယ်ဆေးရုံမှာလည်း ဆရာဝန်တစ်ဦးနဲ့ အထက်တန်းသူနာပြုတစ်ဦး၊ သူနာပြုနှစ်ဦး တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအတွက် အခြေခံကျန်းမာရေးဝန်ထမ်း ရာထူးများကို ဒေသခံတိုင်းရင်းသူများကို တာဝန်ချထားပေးပြီးတော့ ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီအတွက် လေရှီးမြို့နယ်မှာ အမျိုးသမီးကျန်းမာရေးဆရာမနှစ်ဦး၊ သားဖွားဆရာမ ၁၃ ဦးတို့ကို လည်းကောင်း၊ လဟယ်မြို့နယ်မှာ အမျိုးသမီးကျန်းမာရေး ဆရာမနှစ်ဦးနဲ့ သားဖွားဆရာမ ၁၅ ဦး တို့ကိုလည်းကောင်း နန်းယွန်းမြို့နယ်မှာ အမျိုးသမီးကျန်းမာရေး ဆရာမတစ်ဦးနဲ့ သားဖွားဆရာမ ၁၆ ဦး တို့ကိုလည်းကောင်း ခန့်အပ်ပေးခဲ့ပြီးဖြစ်ပါတယ်။ ဒုံဟီးမြို့နယ်ခွဲ၊ ထံပါခွေမြို့နယ်ခွဲနဲ့ မိုပိုင်းလွတ် မြို့နယ်ခွဲများမှာလည်း ၁၆ ခုတင်ဆံ့ဆေးရုံအဆောက်အဦတွေကိုစတင်ဆောက်လုပ်နေပြီ ဖြစ်ပြီးတော့ ၂၀၁၄ခုနှစ်မှာ ဖွင့်လှစ်နိုင်ရေးအတွက် စီစဥ်ထားရှိပြီးဖြစ်ပါတယ်။ ပညာရေးနဲ့ပတ်သက်ပြီးတော့ ဆက်လက်တင်ပြသွားမှာ ဖြစ်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့နီးစပ်တဲ့ ဟုမ္မလင်း-ခန္တီး တစ်နေရာရာမှာ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်ကျောင်းတစ်ကျောင်းဖွင့်လှစ် ပေးဖို့တင်ပြထားခြင်း ရှိပါတယ်။ လက်ရှိကျောင်းသူ/ကျောင်းသားများကတော့ မိမိတို့သင်ယူလိုတဲ့ အထူးပြု ဘာသာရပ်ပေါ်မူတည်ပြီးတော့ ရွှေဘိုတက္ကသိုလ်၊ ကလေးတက္ကသိုလ်နဲ့ မုံရွာတက္ကသိုလ်တို့မှာ ပညာသင်ကြားလျက်ရှိပါတယ်။ ၂၀၁၀-၂၀၁၁ခုနှစ်မှာဆိုရင် မုံရွာတက္ကသိုလ်မှာ ဟုမ္မလင်း-ခန္တီး-လေရှီး-လဟယ်မြို့နယ်ကနေ ကျောင်းသား/ကျောင်းသူဦးရေ ၄၀၀ ပညာဆည်းပူးလျက် ရှိပါတယ်။ ထို့အပြင် နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်မှာရှိတဲ့ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်၊ ရန်ကုန်နဲ့မန္တလေးတို့မှာ နာဂဒေသက ၂၀၁၀-၂၀၁၁ ခုနှစ်မှာအောင်မြင်တဲ့ ဘွဲ့ရတဲ့တိုင်းရင်းသား လူငယ် ၉၃ဦးရှိပါတယ်။ အခု ၂၀၁၁-၂၀၁၂ ပညာရေးနှစ်မှာလည်း နာဂတိုင်းရင်းသားလူငယ် ၇၆ ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အဲဒီတော့ ဒေသတစ်ခုမှာ ဝိဇ္ဇာ/သိပ္ပံကောလိပ် ဖွင့်လှစ်နိုင်ဖို့ဆိုရင်တော့ သတ်မှတ်တဲ့ကျောင်းသားဦးရေ ပြည့်မီဖို့လည်းလိုအပ်ပါတယ်။ နောင်အနာဂတ်မှာ နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသက တက္ကသိုလ်ဝင်တန်းအောင်မြင်တဲ့ ကျောင်းသားဦးရေတွေဟာ တက္ကသိုလ်ဖွင့်လှစ်နိုင်တဲ့အဆင့် ပြည့်မီလာမယ်ဆိုရင်တော့ နိုင်ငံတော်ကိုတင်ပြပြီးတော့ စီမံဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ဦးဆားမူ အနေနဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မြို့နယ်များအတွင်းမှာ နေထိုင်လျက်ရှိတဲ့ နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအဆိုကို တင်သွင်းထားရှိပါတယ်။ ဒီလိုတင်သွင်းခြင်းဟာ

မိမိကိုယ်စားပြုရာဒေသနဲ့ လူထုရဲ့လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို ရှေးရှုတဲ့အတွက်ကြောင့် ယေဘူယျ အားဖြင့် ကြိုဆိုရမှာပဲ ဖြစ်ပါတယ်။ သို့ရာတွင် ဒီအဆိုမှာပါဝင်တဲ့ လုပ်ငန်းစဉ်များဟာ မူလကပင် နိုင်ငံတော်ကနယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ၁၉၉၃ နှင့် နယ်စပ် ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကိုပြင်ဆင်တဲ့ ဥပဒေ၂၀၀၆ တို့နဲ့ ပြဋ္ဌာန်းထားရှိပြီး ၎င်းဥပဒေများနဲ့အညီ နယ်စပ်ရေးရာ ဝန်ကြီးဌာနကနေပြီးတော့ ၁၉၉၀ ခုနှစ်ကနေ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်တဲ့ လုပ်ငန်းရပ်များပဲ ဖြစ်ပါတယ်။ နာဂဒေသကိုလည်း အထူးဖွံ့ဖြိုးရေးဒေသအဖြစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်မှု အကောင် အထည်ဖော်ရေး ဗဟိုကော်မတီက တရားဝင် သတ်မှတ်ထားရှိပြီးတော့ နှစ်စဉ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများဖြင့် ခွင့်ပြုလျက်ရှိပါတယ်။ ဒီလမ်းပန်းဆက်သွယ်ရေးနဲ့ ပတ်သက်လို့ ပြန်ပြီးတော့ ခြုံငုံသုံးသပ်ရင် တင်ပြပါလမ်း ၆ လမ်းရဲ့ စုစုပေါင်းအလျားမိုင်ဟာ ၂၆၀ မိုင်နဲ့ ၃ ဖာလုံရှိပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုလမ်းမကြီး အဆင့် ဖြစ်တယ်ဆိုတာကို သတိပြုသင့်ကြောင်း တင်ပြလိုပါ တယ်။ ဒါတောင်မှ ဝင်ပေါက် သုံးပေါက်ကနေပြီးတော့ Access လုပ်တဲ့ လမ်းတွေပဲဖြစ်ပြီးတော့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တစ်ခုလုံးကိုလွှမ်းခြုံမယ်ဆိုလို့ရှိရင်တော့ လမ်းခရီးစုစုပေါင်းမိုင် ၆၀၀ ခန့် ဖောက်လုပ်ရမှာ ဖြစ်ပါတယ်။ အဲဒီတော့ နာဂဒေသဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက် ကလည်း လမ်းပန်းဆက်သွယ်ရေးပဲ ဖြစ်ပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှသာလျှင် စီးပွားရေးနဲ့ လူမှုဖွံ့ဖြိုးတိုးတက်မှုကို စွမ်းအားပြည့် ဆက်လက်ဆောင်ရွက်နိုင်မယ့် အခြေအနေ ဖြစ်ကြောင်း သုံးသပ်ရပါတယ်။ အဲဒီတော့ နယ်စပ်ဒေသအားလုံးကို ပြိုင်တူဖွံ့ဖြိုးတိုးတက် လွှမ်းခြုံ အောင် ဆောင်ရွက်တဲ့နေရာမှာ အဓိကကြုံတွေ့ရတဲ့ ကန့်သတ်ချက်တစ်ရပ်က ဘဏ္ဍာငွေ ကန့်သတ်ချက်ပဲ ဖြစ်ပါတယ်။ ဒီကန့်သတ်ချက် များကို ကျော်လွှားနိုင်ဖို့အတွက်တော့ နိုင်ငံတော်ရဲ့ အမျိုးသား ကုန်ထုတ်လုပ်မှုကို အရှိန်အဟုန်နဲ့ တိုးမြှင့်ပြီးတော့ အခွန်ဘဏ္ဍာတွေကိုလည်း ပိုမိုစုစည်း ဆောင်ရွက် ရမှာ ဖြစ်ပါတယ်။ ဒါမှသာ နယ်စပ်ဒေသများရဲ့ဖွံ့ဖြိုးတိုးတက်မှုကို တစ်နှစ်ထက် တစ်နှစ် အရှိန်အဟုန် နဲ့ ပိုမိုဆောင်ရွက်ပေးသွား နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် နာဂဒေသကို ဥပဒေအရ အထူးဖွံ့ဖြိုးရေး ဒေသအဖြစ် သတ်မှတ် ထားပြီး ဖြစ်တာကတစ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ် များကို အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ်ချမှတ်ပြီး အကောင်အထည်ဖော် လျက်ရှိတာကတစ်ကြောင်း၊ ဒီလုပ်ငန်းစဉ်နှစ်ရပ်စလုံးရဲ့ ဗဟိုကော်မတီ ဥက္ကဋ္ဌတာဝန်ကို နိုင်ငံတော်သမ္မတကိုယ်တိုင်က တာဝန်ယူ ဆောင်ရွက်နေသည် ဖြစ်ခြင်းကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူရဲ့ နာဂ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ မြို့နယ်များအတွင်း နေထိုင်လျက်ရှိသော နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအဆိုကို သီးခြား ထပ်မံတင်သွင်းရန် မလိုအပ်ပါကြောင်းနဲ့ လိုအပ်ပါက ပြည်သူ့လွှတ်တော်မှ မှတ်တမ်းတင် ထားနိုင်ရေးအတွက် စဥ်းစားပေးနိုင်ပါရန်လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဆွေးနွေးတဲ့သူများ အားရပါးရဆွေးနွေးတဲ့အချိန်မှာ တချို့လည်းအားရပါးရ ဆောင်ရွက်နေတာတွေ့ရတဲ့အတွက် အားကျပါတယ်။ လက်ခုပ်တီးလိုက်တဲ့ အခါကျတော့ ရောင်ဝါးပြီး လက်ခုပ်လိုက်တီးရတဲ့ အနေအထားလည်း ရောက်သွားတာတွေ့ရပါတယ်။ ကျွန်တော် ဒီအဆိုနဲ့ပတ်သက်လို့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး ရှင်းပြလိုက်တဲ့အခါမှာ အဆိုထက်ပိုပြီး မြင့်မားတဲ့ ဥပဒေပြဋ္ဌာန်းပြီးတော့ ဆောင်ရွက်နေတယ်ဆိုတာ အားလုံးကြားသိသွားပြီး ဖြစ်ပါတယ်။ လွှတ်တော်မှာ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်းရှိတဲ့နေရာမှာ မေးခွန်းနဲ့စာလို့ရှိရင် အဆိုကပိုပြီးတော့ ဒီဂရီအားဖြင့် မြင့်ပါတယ်။ အဆိုတွေ အောင်မြင်သွားတဲ့အခါမှာ မူဝါဒဖြစ်သွားပြီးတော့ အဲဒီကမှတစ်ဆင့်၊ မူဝါဒမှတစ်ဆင့် တိတိကျကျဆောင်ရွက်ဖို့အခါကြတော့ ဥပဒေပြဋ္ဌာန်းရတဲ့ အနေအထား ဖြစ်ပါတယ်။ ဒါ့ကြောင့် မို့လို့ ဦးဆားမူ၊ လဟယ်မဲဆန္ဒနယ်မှ တင်ပြသောအဆိုသာဖြစ်ပြီး၊ ဒီကနေ့ နိုင်ငံတော်က အဆိုထက်မြင့်မားတဲ့ ဥပဒေတစ်ရပ်အဖြစ်ဆောင်ရွက်နေခြင်းဖြစ်တဲ့အတွက် သီးခြားအဆိုတင်သွင်းရန် မလိုတဲ့ကိစ္စတစ်ခုဖြစ်တဲ့အတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီး တင်ပြသွားသလို ဒီအဆိုကိုတော့ လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ "တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံကျောင်းတို့တွင်လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ် ဖြေဆိုသည့် ရှေးရိုးစဥ်လာ ပညာရေးစနစ်အစား ထို့ထက်ပို၍ ခေတ်မီသောပညာရေးစနစ်တစ်ခုကိုဖော်ဆောင်သင့်ကြောင်း"အဆိုကို လွှတ်တော်ကိုယ်စားလှယ်များကဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ဦးရွှေမောင်တင်သွင်းခဲ့တဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ ဗိုလ်မှူးမြတ်မိုး တပ်မတော် သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဗိုလ်မှူးမြတ်မိုး (တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါးရွှင်လန်းချမ်းမြေ့ပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သ

ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း/၂၂၈၀၆ ဗိုလ်မှူးမြတ်မိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အဆိုရှင် ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ဘူးသီးတောင်မဲဆန္ဒနယ်ရဲ့ ပညာရေးဆိုင်ရာအဆိုတစ်ခု ဖြစ်တဲ့ တက္ကသိုလ်၊ကောလိပ်နဲ့ သိပ္ပံကျောင်းတို့မှာ လက်ရှိကျင့်သုံးနေတဲ့ သင်ကြားကျက်မှတ်ဖြေဆိုတဲ့ ရှေးရိုးစဉ်လာ ပညာရေးစနစ်အစား ထို့ထက်ပိုပြီးခေတ်မီတဲ့ပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သင့်ကြောင်းအဆိုကို ဖြည့်စွက်အကြံပြုဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်ရဲ့အဆိုကိုလေ့လာရင် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများဖြစ်တဲ့ အဆင့်မြင့်ပညာကဏ္ဍကို ရည်ညွှန်းထားတာကို တွေ့ရသလိုသင်ကြား ကျက်မှတ်ဖြေဆိုတဲ့ သင်ကြား၊ သင်ယူတဲ့စနစ်နှစ်ရပ်ကို အလေးပေးဖော်ပြထားတာကို လေ့လာတွေ့ရှိရပါတယ်။သို့သော်အဆင့်မြင့်ပညာကဏ္ဍသည် အခြေခံပညာကဏ္ဍနှင့်လည်း ဆက်စပ်နေတဲ့အတွက် ကဏ္ဍနှစ်ရပ်လုံးအပေါ်မှာ ယခုလက်ရှိ အကောင်အထည်ဖော်ဆောင်ရွက် နေတဲ့နည်းစနစ်များနဲ့ ပတ်သက်ပြီး အခွင့်အလမ်းများ၊ ကန့်သတ်ချက်များ၊ အားသာချက်များ၊ အားနည်းချက်များအပေါ်မှာ မူတည်ပြီး သုံးသပ်ဆွေးနွေးဖြည့်စွက် အကြံပြုသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့နိုင်ငံတော်မှာ ပညာရည်မြင့်မားတိုးတက်ရေးကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ယူပြီး ခေတ်အဆက်ဆက် စဉ်ဆက်မပြတ်ဆောင်ရွက်နေကြတာပဲ ဖြစ်ပါတယ်။ ယနေ့ ကာလမှာလည်း စည်းကမ်းပြည့်ဝပြီးစနစ်ကျတဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်တဲ့နေရာမှာ ခေတ်မီ အဆင့်မြင့်ပညာရေးအစီအစဉ်များနဲ့ ကမ္ဘာ့ထိပ်တန်းပညာရေးစနစ်တစ်ရပ်ကို တစ်ဆင့်ပြီး တစ်ဆင့် စနစ်တကျ အကောင်အထည်ဖော်ဖို့ လိုအပ်မယ်လို့ ကျွန်တော်တို့ ယုံကြည်ထားပါတယ်။ ဦးရွှေမောင်ရဲ့အဆိုဟာ ကျွန်တော်တို့ နိုင်ငံသားများရဲ့ အတွေးအခေါ် မျှော်မြင်မှုစွမ်းရည်၊ တီထွင်ဖန်တီးမှုစွမ်းရည်၊ ပါဝင်ညှိနှိုင်းမှုစွမ်းရည်များတိုးတက်ရေးကို ဦးတည်ထားတဲ့ ကမ္ဘာ့အဆင့်မီ ခေတ်မီ ပညာရေးစနစ်တစ်ရပ်ကို အကောင်အထည်ဖော်နေတဲ့ ပညာရေးကော်မတီနဲ့ ပညာရေး ဝန်ကြီးဌာနရဲ့ မူဝါဒနဲ့ရည်မှန်းချက်ကို အထောက်အကူပြုနေတယ်လို့ ကျွန်တော် တို့ယူဆပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဆင့်မြင့်ပညာကဏ္ဍအရည်အသွေးမြင့်မားတိုးတက်ရေးဟာ အခြေခံပညာကဏ္ဍအဆင့်မှာကတည်းကိုက အရည်အသွေးမြင့်မား တိုးတက်ရေးအပေါ်မှာ များစွာမူတည်ပါတယ်ဆိုတာကို ကျွန်တော်တို့သိရှိပြီး ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေဟာ အဆင့်မြင့်ပညာကဏ္ဍကို ရောက်ရှိလာတယ်ဆိုလို့ရှိရင် မိမိဘာသာရပ်ဆိုင်ရာများ၊ အသိပညာကြွယ်ဝမှုနဲ့ လေ့လာသင်ယူနိုင်မှု စွမ်းရည်တွေမြင့်မား တိုးတက်ရေးဟာ

အခြေခံပညာအဆင့် ကျောင်းသား၊ ကျောင်းသူဘဝမှာကတည်းက သင်ကြားလေ့ကျင့် ပြုစုတည်ဆောက်ထားရမှာ ဖြစ်တယ်လို့ ယုံကြည်ထားပါတယ်။ လက်ရှိကာလမှာလည်း အဆင့်မြင့်ပညာကဏ္ဍမြင့်မားတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနရဲ့ကနဦးလေ့လာဆန်းစစ်မှုများ၊ Work Shop နဲ့ Seminar ဖြင့် ဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ ကွင်းဆင်းလေ့လာဆောင်ရွက်ခြင်းများ၊ နိုင်ငံခြားသို့ပညာရေး လေ့လာရေးခရီးစဉ်များစေလွှတ်ခြင်းများစတဲ့ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန် အစီအမံများကိုလည်း လေ့လာတွေ့ရှိနေရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုအဆင့်မြင့် ပညာကဏ္ဍ မြင့်မားတိုးတက်ရေး ဆောင်ရွက်ချက်များနှင့်အတူ အခြေခံပညာအဆင့်မှာလည်းပဲ ပညာရေးဝန်ကြီးဌာနဟာ ရည်မှန်းချက် တစ်ရပ်ထားတာကို လေ့လာတွေ့ရှိရပါတယ်။ လူတိုင်းအတွက် ပညာရေးနဲ့ အခြေခံပညာ အရည်အသွေးမြင့်မားရေး ရည်မှန်းချက်များအတွက် လူတိုင်းအတွက် ပညာရေး၊ နိုင်ငံတကာအဆင့် စီမံချက်၊ နှစ် ၃၀ နှစ်ရှည်စီမံချက်ကို ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေး အေဂျင်စီ JICA နဲ့ စဉ်ဆက်မပြတ် အတူတကွပူးပေါင်း ဆောင်ရွက်မှုတွေ၊ ပြည်တွင်းနဲ့ နိုင်ငံတကာအစိုးရမဟုတ်တဲ့ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂနဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ ငွေကြေးနဲ့ နည်းပညာအကူအညီများ ရယူဆောင်ရွက်ခြင်းများနှင့် လူတိုင်းအတွက် ပညာရေး ၂၀၁၅ ရည်မှန်းချက်ကိုအောင်မြင်အောင် ဆောင်ရွက်နေကြောင်းလည်း တွေ့ရှိရပါတယ်။ တကယ်တော့ ပညာရည်တိုးတက်မြင့်မားရေးရဲ့ စနစ်တစ်ခုဖြစ်တဲ့စီမံချက်တစ်ခုဟာ အခြေခံပညာကဏ္ဍမှာ ဆိုလို့ရှိရင် ကျောင်းသား ဗဟိုပြုချဉ်းကပ်သင်ကြားရေးစနစ် Child Centred Approach Teaching System လို့ခေါ်ပြီးတော့မှ တက္ကသိုလ်၊ကောလိပ်အဆင့်မှာတော့ Student Centred Approach Learning System လို့ခေါ်တဲ့ သင်ကြားရေးစနစ်များ ဖြစ်ပါတယ်။ ၎င်းသင်ကြားရေးစနစ်များဟာ မှတ်ဉာဏ်ကို အဓိကထားပြီးတော့မှ အလွတ်ကျက်မှတ်ရေးသား ဖြေဆိုတဲ့စနစ်တွေ၊ အမှတ်အများကြီးကို အဓိကထားပြီးတော့ အကြောင်းအရာအချက်အလက်ကိုပဲ ဦးစားပေးတဲ့ ကျွန်တော်တို့ ယခင်က ရှေးရိုးစဥ်လာ သင်ကြားရေးစနစ်တစ်ခုဖြစ်တဲ့ Teachers Centred Approach Teaching System ဆရာဗဟိုပြုချဉ်းကပ်သင်ကြားရေးစနစ်ကို ပြောင်းလဲကျင့်သုံးနေတယ်ဆိုတာကို တွေ့ရှိရပါတယ်။ ယခု ကျင့်သုံးနေတဲ့ ကျောင်းသားဗဟိုပြုသင်ကြားရေးစနစ်ရဲ့ အနှစ်သာရကတော့ ကျောင်းသားတွေရဲ့စိတ်ဝင်စားမှုနဲ့ခံစားချက်၊ အကန့်အသတ်မဲ့ မွေးရာပါစွမ်းရည်တွေကို အစွမ်းကုန်ဖော်ထုတ်ထားပြီးတော့မှ လွတ်လပ်စွာတွေးခေါ်မှု၊ ဆရာနဲ့ ကျောင်းသား၊ ကျောင်းသား-ကျောင်းသား အချင်းချင်းဆွေးနွေးပြီး အမြင်ဖလှယ်မှုတွေ၊ စူးစမ်းရှာဖွေမှုတွေ လက်တွေ့ဆောင်ရွက်ချက်များကို တက်တက်ကြွကြွပါဝင်ဆောင်ရွက်စေတဲ့စနစ်ပဲ ဖြစ်ပါတယ်။ အဲဒီလိုစနစ်တွေကို လက်တွေ့ကျကျ

ဆောင်ရွက်အကောင်အထည်ဖော် သွားမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီနေ့ကမ္ဘာကြီးမှာလို အစဉ်ပြောင်းလဲရှုပ်ထွေးနေတဲ့နည်းပညာ သိပ္ပံခေတ်ကြီးမှာ သင်ခန်းစာတစ်ခုကို ကျက်မှတ်၊ ဖတ်မှတ်၊ မှတ်မိနေရုံထက်ပိုပြီးတော့မှ အရေးပါတဲ့ပြဿနာကို ဖြေရှင်းနိုင်တဲ့စွမ်းရည်တွေ၊ ဝေဖန်ပိုင်းခြားနိုင်တဲ့ စွမ်းရည်တွေ၊ တီထွင်ဖန်တီးနိုင်တဲ့စွမ်းရည်တွေ၊ ပေါင်းစပ်ညှိနှိုင်းနိုင်မယ့်စွမ်းရည်တွေကို များစွာ မြှင့်တင်ပေးနိုင်မှာပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ ၎င်းစနစ်ကိုကျင့်သုံးမယ်ဆိုလို့ရှိရင် လူငယ် အတတ်ပညာရှင်တွေကနေပြီးတော့ ပိုမိုပြီးပြည့်စုံတဲ့ အသိပညာရှင်များအဖြစ်ကိုလည်း ပြောင်းလဲသွား နိုင်သလို လူငယ်အချို့မှာ အဖြူ အမည်း နှစ်မျိုးကိုသာ ခွဲခြားတတ်တဲ့ စနစ်ကနေပြီးတော့မှ အရောင်မျိုးစုံကို ခွဲခြားစိတ်ဖြာလေ့လာ သုံးသပ်နိုင်မယ့် အခြေအနေမျိုးကို ရောက်ရှိသွားနိုင်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုအခြေခံပညာအဆင့်၊ အဆင့်မြင့်ပညာအဆင့် စီမံချက်တွေဟာအလွန်ကောင်းမွန်ပေမယ့် ခေတ်မီပညာရေးစနစ်တစ်ရပ်ကို ဖော်ဆောင်ပြီ ဆိုလို့ရှိ ရင် ကျယ်ဝန်းလှတဲ့အတွက် ပညာရေးဝန်ကြီးဌာနတစ်ခုတည်းအနေနဲ့လည်း အကောင်အထည်ဖော် ဆောင်ရွက်ဖို့ ခက်ခဲနေ့ကွေးနေလိမ့်မယ်လို့ ကျွန်တော် ယူဆပါတယ်။ အခြားဝန်ကြီးဌာန အဖွဲ့အစည်းတွေရဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်မှုတွေ လိုအပ်မယ်လို့ ကျွန်တော် မြင်ပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ခုနက ကျွန်တော်တို့ တင်ပြခဲ့တဲ့ပညာရည် တိုးတက်မှု နည်းစနစ်များဟာ ရလဒ်ကောင်းတွေ ပိုမိုပေါ်ထွက်လာဖို့အတွက် ဆရာ၊ ဆရာမများရဲ့ သင်ကြားမှုစွမ်းရည်အပေါ်မှာ အများကြီးမူတည်တာကို တွေ့ရှိရပါတယ်။ ဆရာ၊ ဆရာမတွေဟာ မိမိသင်ကြားမယ့် ဘာသာရပ်အပေါ်မှာ ကျွမ်းကျင်ပိုင်နိုင်စွာတတ်မြောက်ဖို့ အထူးလိုအပ်တဲ့ ဘာသာရပ်ဆိုင်ရာ စွမ်းရည်တွေ၊ Lesson Study လို့ခေါ်တဲ့ သင်ပြမှုပုံစံတွေ၊ ကိုယ်တိုင် ရေးဆွဲဖို့လိုအပ်တဲ့ စွမ်းရည်တွေ၊ သင်ထောက်ကူပစ္စည်းတွေကို ထိရောက်စွာ အသုံးချနိုင်တဲ့ သင်ထောက်ကူအသုံးပြုမှု စွမ်းရည်တွေ၊ သင်ပြနည်းအမျိုးမျိုးကို အသုံးပြုနိုင်တဲ့သင်ပြနည်း စွမ်းရည်တွေ၊ သင်ယူပြီးသားကို ပြန်ပြီးတော့မှ စစ်ဆေးအကဲဖြတ်နိုင်တဲ့စွမ်းရည်တွေ၊ ကျောင်းသားများ တက်ကြွစိတ်ဝင်စားလာအောင် ဆွဲဆောင်စည်းရုံးသိမ်းသွင်းသင်ပေးနိုင်တဲ့ စွမ်းရည်များ အထူးလိုအပ် လှတယ်ဆိုတဲ့ အကြောင်းကိုလည်း ကျွန်တော် လေ့လာတွေ့ရှိရပါတယ်။

လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလိုနည်းစနစ်တွေ အောင်မြင်ဖို့အတွက် ဒီ အောင်မြင်မှုတွေအပေါ်မှာ အဟန့်အတားဖြစ်စေတဲ့ လွှမ်းမိုးနေတဲ့အချက်တွေဖြစ်တဲ့ ကန့်သတ်ချက် တွေ၊ လိုအပ်ချက်တွေ၊ အားနည်းချက်တွေကိုလည်း ကျွန်တော်တို့ အများကြီးထည့်သွင်းစဉ်းစားရမှာ

ဖြစ်ပါတယ်။ ဒီအတွက် ပညာရေးနယ်ပယ်ရဲ့ရှိပြီးသား Structure နဲ့ Function တွေကို လုပ်နိုင်တဲ့ အခြေအနေတွေပေါ်မှာ မူတည်ပြီး ပြုပြင်ပြောင်းလဲဖို့လုပ်ရတော့မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ အရေးကြီးတာကတော့ Financial input နဲ့Financial Management ပဲ ဖြစ်ပါတယ်။ ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတိုးတက်ရေးအပိုင်းတွေကို ပုဂ္ဂလိကအပိုင်း၊ နိုင်ငံတော်အပိုင်း ဆိုပြီးတော့ ဆောင်ရွက်ပေးဖို့ ထည့်သွင်းစဉ်းစားရတော့မှာ ဖြစ်ပါတယ်။ ဆရာ၊ဆရာမတွေအနေနဲ့ ကလည်း၊ ကျောင်းသား၊ ကျောင်းသူအယောက် ၂၀ လောက်ကို ဆရာတစ်ယောက် နှုန်းနဲ့အစုအဖွဲ့ အငယ်တွေ ဖွဲ့စည်းပြီးတော့မှ သင်ကြားပေးရတော့မှာ ဖြစ်တဲ့အတွက်ကြောင့် ဆရာ၊ ဆရာမတွေ အများကြီး လိုအပ်ပြီး ကျောင်းဆရာ၊ ဆရာမတွေအများကြီးတိုးချဲ့ခန့်ထားဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။ တိုးချဲ့ခန့်ထားပြီး ဆရာ၊ ဆရာမများရဲ့ ကျွမ်းကျင်မှုအရည်အသွေးတွေကို ဒီစနစ်တွေက အသားပေးထားတဲ့အတွက်ကြောင့် သက်ဆိုင်ရာဘာသာရပ်တွေကို ကျွန်တော်တို့ ဆရာ၊ ဆရာမတွေက အဆက်မပြတ် လေ့လာနိုင်ဖို့အတွက် Library ဆိုတာမျိုးတွေ အများကြီး လိုအပ်လာမှာ ဖြစ်ပါတယ်။ နိုင်ငံခြားကို ပညာသင်များစွာ စေလွှတ်ဖို့ လိုအပ်လာပါတယ်။ စာသင်ခန်းတွေပိုပြီးတော့ တိုးချဲ့ရမှာ ဖြစ်သလို စာသင်ကျောင်းဆောင်တွေလည်း အများကြီး ထပ်မံဆောက်လုပ်ရမယ့် အခြေအနေ ဖြစ်ပါတယ်။ သင်ထောက်ကူပစ္စည်းတွေကို ပြည့်ပြည့်စုံစုံနဲ့ ဝယ်ယူပြီးတော့ တပ်ဆင်ရမှာ ဖြစ်ပါတယ်။ ဝယ်ယူတပ်ဆင်ပြီးသား ပစ္စည်းတွေကိုလည်း ထိထိရောက်ရောက် အသုံးချနိုင်ဖို့ လိုအပ်လာမှာ ဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေ တက်ကြွစိတ်ဝင်စားလာအောင် အစဉ်မပြတ် Motivative နှိုးဆော်မှုလုပ် နေရမှာဖြစ်ပါတယ်။ မိဘများအနေနဲ့လည်း ၎င်းစနစ်များအပေါ်မှာ နားလည် သဘောပေါက်လက်ခံနိုင်အောင် Awareness ဖြစ်စေဖို့အတွက် ဆွေးနွေးပညာပေးမှုတွေ ပိုမို လုပ်ယူရမယ်လို့ ယူဆရပါတယ်။ စာသင်ကြားတဲ့အချိန်တွေ ဒီထက်ပိုတိုးချဲ့ပြီးတော့မှ ပညာသင်ကြား ရမယ့်နှစ်များလည်း ပိုမိုလာနိုင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ကတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့အဆိုဟာ အပြုသဘောဆောင်ပြီး တော့ ထိရောက်မှုလည်း ရှိပါတယ်။ ပညာရေးနယ်ပယ်အတွက် နိုးကြားတက်ကြွစေတဲ့ အဆိုကောင်း တစ်ခုလည်း ဖြစ်ပါတယ်။ လက်ရှိနိုင်ငံတော်မှာလည်း ဆောင်ရွက်နေတဲ့ အစီအမံတစ်ခုလည်း ဖြစ်ပါတယ်။ အခွင့်အလမ်းသာစေတဲ့ Political Issue တစ်ရပ်လည်း ရှိပြီးဖြစ်ပါတယ်။ အဲဒါကတော့ ဖွဲ့စည်းပြီးပညာရေးကော်မတီရဲ့တာဝန်တစ်ခုဖြစ်တဲ့ ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရန်မှုကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်လည်း ပြဋ္ဌာန်းသတ်မှတ်ထားပြီးသား ဖြစ်ပါတယ်။ ဒီစနစ်ကို ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ အချိန်အများကြီးတော့ယူရမှာ ဖြစ်ပါတယ်။

ကန့်သတ်ချက်တွေ၊ အခွင့်အလမ်းတွေ၊အားသာချက်၊ အားနည်းချက်တွေအပေါ်မှာ ကျွန်တော်တို့ ရင်ဆိုင်ဖြေရှင်းဖို့လည်း ကြိုတင်ပြင်ဆင်ထားမှုတွေ လိုအပ်လာမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ အရှိန်အဟုန်တော့ လျှော့ချလို့တော့ မဖြစ်ပါဘူး။ အရှိန်အဟုန်လျှော့ချမယ်ဆိုလို့ရှိရင် ယခုလက်ရှိ နိုင်ငံခြားကနေပြီးတော့ ကျွန်တော်တို့နိုင်ငံမှာ လာဖွင့်နေတဲ့ ခေတ်မီပညာရေးစနစ်ကို အကောင် အထည်ဖော်နိုင်တဲ့ ကျောင်းတွေ၊ တက္ကသိုလ်တွေရဲ့ ဝါးမြိုတာခံရပြီး ကျွန်တော်တို့ နိုင်ငံရဲ့ ပညာရေးစနစ်ကြီးဟာ ခေတ်နောက်ကျပြီး ကျန်ရစ်ခဲ့မယ်လို့ ယူဆပါတယ်။ ဒီခေတ်မီ ပညာရေး စနစ်ဟာ နယ်ပယ်ကျယ်ဝန်းလှတဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ စနစ်တကျအသေးစိတ် ဆက်လက်လေ့လာဆန်းစစ်ပြီးတော့မှ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါမယ်လို့ တင်ပြရင်းကျွန်တော်ရဲ့ ဆွေးနွေးတင်ပြချက်ကို နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာစိုင်းကျော်အုန်း၊ နမ့်ခမ်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာ အပေါင်းနှင့် ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ နမ့်ခမ်း မဲဆန္ဒနယ်မှ ဒေါက်တာစိုင်းကျော်အုန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်ရဲ့ တက္ကသိုလ်၊ ကောလိပ်နဲ့ သိပ္ပံ ကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ်ဖြေဆိုသည့် ရှေးရိုးစဉ်လာပညာရေး စနစ်အစား ထို့ထက် ပို၍ခေတ်မီသော ပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သင့်ကြောင်းအဆိုနဲ့ ပတ်သက်ပြီး ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဟာပညာရေးကဏ္ဍမှာ ကျွမ်းကျင်တဲ့ပညာရှင်မဟုတ်တဲ့အတွက် ကြောင့် အပြုသဘောဖြင့် ဖတ်ကြားပြီး ဆွေးနွေးတင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။အသက်မွေးဝမ်းကျောင်းဆိုင်ရာ တက္ကသိုလ်၊ ကောလိပ်နဲ့ သိပ္ပံကျောင်းများမှအပ ရိုးရိုးဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်နှင့် ကောလိပ်များတွေမှာ ယခုလက်ရှိ ကျင့်သုံးနေတဲ့စနစ်ဟာ ကိုယ်စားလှယ်တော်ကြီး ဦးရွှေမောင် တင်ပြခဲ့သလိုပါပဲ ဖြစ်ပါတယ်။ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများဟာ နှစ်စဉ်နှစ်တိုင်း အတန်းအောင်မြင်ခဲ့ကြပြီး ဘွဲ့အသီးသီး ဆွတ်ခူးရရှိခဲ့ကြပေမယ့် ဂုဏ်ထူးတန်းဝင်များ၊ တကယ့်ထူးချွန်တတ်မြောက်တဲ့သူများ အင်မတန်နည်းပါးနေတာကို တွေ့ရှိရ ပါတယ်။ တက္ကသိုလ်စာပေး၊ စာယူနဲ့ ဘွဲ့ရခဲ့ကြတဲ့ ကျောင်းသား၊ ကျောင်းသူများဆိုရင် ပညာ

အရည်အချင်းပြည့်မီသူများပိုပြီးတောင် နည်းပါးနေတာကို တွေ့ရှိရပါတယ်။ ဒီလိုဖြစ်ရတာဟာ တက္ကသိုလ်နဲ့ ကောလိပ်များမှာ သင်ကြားပြသတဲ့ သင်ရိုးညွှန်းတမ်းကြောင့်လည်း မဟုတ်ပါဘူး။ ၎င်းသင်ရိုးညွှန်းတမ်းများဟာ ကမ္ဘာ့အဆင့်အတန်းမီတဲ့ သင်ရိုးညွှန်းတမ်းများပဲ ဖြစ်နေတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ တက္ကသိုလ်နှင့်ကောလိပ်များက ပါမောက္ခများ၊ ကထိကများနဲ့ နည်းပြဆရာများမှာလည်းတော်ကြပါတယ်။ ဒါပေမယ့် ကျောင်းသား၊ ကျောင်းသူအများစုဟာ စာသိပ်မလိုက်နိုင်ကြတာ စာမကြေနိုင်ကြတာကို တွေ့မြင်နေရပါတယ်။ အဲဒီဟာကို ကျွန်တော့်အနေနဲ့ ဆန်းစစ်ပြီးမြင်မိတာကတော့ တစ်အချက်။ ကျောင်းသား၊ ကျောင်းသူများ အင်္ဂလိပ်ဘာသာနားလည်မှု၊ တတ်ကျွမ်းမှု အားနည်းခြင်း၊ နှစ်အချက်။ ဘာသာရပ်ဆိုင်ရာ သင်ကြားမှုအထောက်အကူပြုပစ္စည်းကိရိယာများ အားနည်းခြင်းဆိုတဲ့ အချက်နှစ်ချက်ကြောင့်ပဲ ဖြစ်တယ်လို့မြင်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်အချက်ဖြစ်တဲ့ အင်္ဂလိပ်ဘာသာနားလည်တတ်ကျွမ်းမှု အားနည်းခြင်းဆိုတာနဲ့ပတ်သက်ပြီး ဆွေးနွေးရမယ်ဆိုရင်ဒီအချက်ဟာ အဓိကပိုကျတယ်လို့ ထင်မြင်ပါတယ်။ အင်္ဂလိပ်ဘာသာနားလည်တတ်ကျွမ်းမှု အားနည်းမှုတော့ ကိုယ်သင်ယူမယ့်ဘာသာရပ်ကို အပြည့်အဝ အသေးစိတ် နားလည်ဖို့ လုံးဝမလွယ်တော့ပါဘူး။ ဒီနေရာမှာ တရုတ်နဲ့ဂျပန်နိုင်ငံက တက္ကသိုလ်၊ ကောလိပ်များနဲ့ချိန်ထိုးကြည့်မယ်ဆိုရင် တရုတ်နဲ့ဂျပန်နိုင်ငံတက္ကသိုလ်များမှာ ၎င်းတို့ရဲ့မိခင်ဘာသာနဲ့ ရိုက်ထုတ်သင်ကြားပြသပေးတဲ့အတွက်ကြောင့် ပိုမိုနားလည်တတ်ကျွမ်းကြတာကို လေ့လာတွေ့ရှိခဲ့ရပါတယ်။ ဒါပေမယ့် အင်္ဂလိပ်ဘာသာရပ်တစ်ခုတည်းအနေနဲ့တော့အထူးပြုဘာသာမေဂျာတိုင်းမှာ အဓိကဘာသာရပ်တစ်ခုအနေနဲ့ တကယ်တတ်မြောက်အောင် သင်ကြားပေးနေတာကို တွေ့မြင်ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့နိုင်ငံတော်မှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်နဲ့ သိပ္ပံကျောင်းများမှာလည်း ဘာသာပြန်ရန်မလွယ်ကူတဲ့ Term အသုံးအနှုန်းများမှ လွဲပြီးတော့ မိခင်ဘာသာဖြစ်တဲ့ မြန်မာဘာသာကို ပြန်ပြီးသင်ကြားပို့ချပေးသွားမယ်ဆိုရင် ပိုပြီးသင့်တော်လေမလားလို့ ရှုမြင်သုံးသပ်မိပါတယ်။ တလောတုန်းက နိုင်ငံတော်ဒုတိယသမ္မတကြီး ဒေါက်တာစိုင်းမောက်ခမ်း မန္တလေးမြို့တွင်းမှာရှိတဲ့ စံပြ အ.ထ.ကကျောင်းများကို သွားရောက်ပြီးတော့ လေ့လာကြည့်ရှုခဲ့ရာမှာလည်း ဒီအချိန်မှာ ကျောင်းသား၊ ကျောင်းသူများ အလွတ်ကျက်၊ အာဂုံဆောင် ဖြေဆိုတဲ့စနစ်မျိုး မဖြစ်သင့်တော့ကြောင်း မိန့်မှာ ပြောကြားသွားခဲ့တာကို ကိုယ်စားလှယ်တော်ကြီးများ အားလုံးသိရှိခဲ့ပြီး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ (၂)အချက်ဖြစ်တဲ့ ဘာသာရပ်ဆိုင်ရာသင်ကြားမှု အထောက်အကူပြုပစ္စည်းကိရိယာများ ပြည့်စုံစွာနဲ့ သင်ကြားပြသပေးနိုင်မယ်ဆိုရင် ကျောင်းသား၊ ကျောင်းသူများ လွယ်ကူစွာ ပိုမိုရှင်းလင်း နားလည်နိုင်ပြီး စွဲစွဲမြဲမြဲ မှတ်သားစေနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် ငွေကုန်ကြေးကျ ပိုများလာမယ်

ဖြစ်တဲ့အတွက် အချိန်ပေးပြီး စီမံချက်ရေးဆွဲသွားရမယ် ဖြစ်ပါတယ်။ အဲဒီဟာတွေအတွက် ကျွန်တော်တို့ မျှော်လင့်အားထားရမယ့် ရောင်ခြည်ဦးတော့ သန်းလာပြီဖြစ်ပါတယ်။ အဲဒါကတော့ ၂-၉-၂၀၁၀ ရက်မှာပဲ လွှတ်တော်မှာ ပညာရေးအခန်းကဏ္ဍမှ အတွေ့အကြုံရင့်ကျက်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာချမ်းငြိမ်းဦးဆောင်ပြီး ဒေါက်တာမြဦး အတွင်းရေးမှူးအဖြစ် ပါဝင်တဲ့ ပညာရေးဖွံ့ဖြိုးတိုးတက်မှု ကော်မတီလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်တဲ့အတွက် နောင်လာမယ့် အနာဂတ်မှာ နိုင်ငံတော်ရဲ့ပညာရေးအခန်းကဏ္ဍခေတ်မီဖွံ့ဖြိုးတိုးတက်လာမှာကိုတော့ မြေကြီးလက်ခတ်မလွဲပါဘူးလို့ ကျွန်တော်တို့ တထစ်ချယုံကြည်မိပါတယ်။ သည့်အတွက်ကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်ရဲ့ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ်ဖြေဆိုသည့် ရှေးရိုးစဥ်လာ ပညာရေးစနစ်အစား ထို့ထက်ပို၍ ခေတ်မီသောပညာရေးစနစ်တစ်ခုကိုဖော်ဆောင်သင့်ကြောင်းအဆိုကို လေးလေးနက်နက် ထောက်ခံကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ဦးသန်းနွယ်၊ ဘုတလင်မဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးသန်းနွယ်(ဘုတလင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဂါရဝပြု ဆုတောင်းအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ဘုတလင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ် ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် ဘူးသီးတောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင် (ခ)ဦးအဒူရော်ဇက် တင်သွင်းသော တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ်ဖြေဆိုသည့် ရှေးရိုးစဥ်လာပညာရေးစနစ်အစား ထို့ထက်ပို၍ ခေတ်မီသော ပညာရေးစနစ်တစ်ခုကိုဖော်ဆောင်သင့်ကြောင်းအဆိုကို ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြေခံမူများအပိုဒ် ၂၈(ဃ)တွင် ဘက်စုံအတွေးအခေါ်၊ အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်မည်ဟု ပါရှိပါတယ်။ နိုင်ငံတော်အနေဖြင့် ၂၁ ရာစုအဝင်မှာ မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် အစဥ်လေ့လာ သင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်ဟူသော မြန်မာ့

ပညာရေးမျှော်မှန်းချက်ကို ချမှတ်ခဲ့ပါတယ်။ ထိုမျှော်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက် ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ စတင်ပြီးတော့ အမျိုးသားပညာရည်မြင့်မားရေး အနှစ် ၃၀ နှစ်ရှည်စီမံကိန်းကိုလည်း ချမှတ်ဆောင်ရွက်ပြီး အမျိုးသားပညာရည်မြင့်မားရေး အဆင့်မြင့်ပညာ ကဏ္ဍ နှီးနှောဖလှယ်ပွဲများကို နှစ်စဉ်ကျင်းပခဲ့ကာ တက္ကသိုလ်ပညာရေး အဆင့်မြင့်တင်မှု လုပ်ငန်းများ ကို အားသွန်ခွန်စိုက် ဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ဆောင်ရွက်ခဲ့ရာမှာ တက္ကသိုလ်များရှိ ဘာသာရပ် အသီးသီး၏ သင်ရိုးညွှန်းတမ်းများကို ကမ္ဘာ့အဆင့်မီရေးဆွဲသင်ကြားရေးလုပ်ငန်းများလည်း ပါဝင်ခဲ့ပါ တယ်ခင်ဗျား။ ကမ္ဘာ့ပညာရေးတွင် သင်ကြားသင်ယူမှုနှင့်ပတ်သက်၍ (က)တွေးခေါ်မျှော်မြင်မှုကို ရင့်သန်တိုးပွားစေသော သင်ကြားသင်ယူမှု Critical Thinking Teaching/ Learning (ခ)ကျောင်းသားဗဟိုပြု သင်ကြား/သင်ယူနည်း Student Centred Approach တို့ကို အသုံးပြု လျက်ရှိပါတယ်။ မိမိနိုင်ငံမှာရှိတဲ့ တက္ကသိုလ်များမှာလည်း နိုင်ငံတကာ ပညာရေး ပြောင်းလဲမှုများကို အစဉ်အမြဲလေ့လာပြီးတော့ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ကပင် ခေတ်မီသော ပညာရေးစနစ်ကို ဖော်ဆောင် ကျင့်သုံးလျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်ဟာ ပညာရပ်များကို ထာဝရရှင်သန်ဖွံ့ဖြိုးစေရန် အမြဲမပြတ် စူးစမ်းလေ့လာသောနေရာဆိုပြီးတော့ ကမ္ဘာ့အဆင့်မီ တက္ကသိုလ်တိုင်းက အဲဒီလိုပဲ ခံယူထားကြပါတယ်။ တက္ကသိုလ်များဟာ ပညာရပ်များကို အစဉ် ရှင်သန်ဖွံ့ဖြိုးနေရန် အားထုတ်တဲ့နေရာဖြစ်သလိုပဲ နိုင်ငံတော်တည်ဆောက်ရေးအတွက် နိုင်ငံတော် တည်ဆောက်ရာမှာ ပါဝင်ကြမယ့် လူ့စွမ်းအားအရင်းအမြစ်များဖြစ်ကြတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးရာ နေရာလည်းဖြစ်ကြပါတယ်။ ဒါ့ကြောင့် မြန်မာ့ တက္ကသိုလ် များမှာ သင်ကြားမှု၊ သင်ယူမှုနှင့် သုတေသနများကို ဆောင်ရွက်ကြရပါတယ်။ တက္ကသိုလ်များမှာ ဆရာ၏သင်ကြားမှုက ၅၀ ရာခိုင်နှုန်းပါဝင်ပြီး ကျောင်းသားရဲ့ ကိုယ်တိုင်လေ့လာမှုက ၅၀ ရာခိုင်နှုန်း ပါဝင်ပါတယ်။ ကျောင်းသား၏ ကိုယ်စွမ်းကိုယ်စကို ဆက်လက်အသုံးချနိုင်စေရန် လေ့ကျင့်ပေးခြင်း ဖြစ်ပြီး ကျောင်းသားများဟာ တက္ကသိုလ်ကျောင်းသားဘဝကို စာကြည့်တိုက်များတွင် အချိန်ကို သုံးပြီးတော့ ပညာလေ့လာရင်း ကျော်လွန်ကြရမှာ ဖြစ်ပါတယ်။ မိမိတို့နိုင်ငံမှာရှိတဲ့ တက္ကသိုလ်၊ ကောလိပ်ကျောင်းများရဲ့ ဘာသာရပ်၊ သင်တန်း အသီးသီးကို ပို့ချတဲ့အခါမှာ ဆရာက Lecture ပေးခြင်းနှင့်အတူ ကျောင်းသား၊ ကျောင်းသူများက Practical များလုပ်ဆောင်ခြင်း၊ Tutorial များ ဖြေဆိုခြင်း၊ Assignment များ ရေးသားတင်သွင်း ရခြင်း၊ ကွင်းဆင်းလေ့လာ၍ အစီရင်ခံစာများ

ရေးသားရခြင်း၊ ဘွဲ့ယူစာတမ်း Term Paper သို့မဟုတ် Project Paper များပြုစုရခြင်း၊ ရေးဖြေစာမေးပွဲများ ဖြေဆိုရခြင်း၊ နှုတ်မေးစာမေးပွဲများ ဖြေဆိုရခြင်းနှင့် မိမိပြုစုတဲ့ စာတမ်း သို့မဟုတ် သုတေသနကျမ်းကို ပညာရှင်များအလယ်တွင် ရှင်းလင်းတင်ပြရခြင်းဟူသော ကိုယ်တိုင် ဆောင်ရွက်ရတဲ့ လက်တွေ့လုပ်ငန်းများစွာ ပါဝင်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တက္ကသိုလ်၊ ကျောင်းသား၊ ကျောင်းသူ တစ်ဦးဦးဟာ ရေးဖြေစာမေးပွဲတစ်မျိုးတည်း ဖြေဆိုပြီးတော့ အောင်မှတ်ရစေကာမူ Practical များ မလုပ်ခဲ့ရင် သို့မဟုတ် Tutorial မဖြေခဲ့ရင် သို့မဟုတ် အချို့ သိပ္ပံဘာသာရပ်များမှာ ကွင်းမဆင်းဘဲနဲ့ အစီရင်ခံစာတွေ မရေးခဲ့ရင် သို့မဟုတ် Assignment များ မတင်သွင်းခဲ့ရင် ပြည့်စုံမှုမရှိဘဲနဲ့ Incomplete ဖြစ်ပြီးတော့ စာမေးပွဲအအောင် မပေးတာ တွေ့ရပါတယ်။ စာတွေ့ဖြေဆိုမှုရမှတ်နှင့် လက်တွေ့ရမှတ် နှစ်ခုစလုံး ပြည့်စုံမှ စာမေးပွဲ အောင်မည်ဖြစ်လို့ စာတွေ့ရမှတ်တစ်ခုတည်းဖြင့် စာမေးပွဲမအောင်ကြောင်း တွေ့ရပါတယ်။ ရိုးရိုးတန်း တတိယနှစ် သို့မဟုတ် ဒုတိယနှစ် ဂုဏ်ထူးတန်း ကျောင်းသား၊ ကျောင်းသူများဟာ ဘွဲ့ယူစာတမ်း ပြုစုတင်သွင်းရပါတယ်။ ဘွဲ့ယူစာတမ်းအတွက် စမ်းသပ်ချက်များပြုလုပ်ရခြင်း၊ ကွင်းဆင်း Data များ ရှာရခြင်း၊ စာကြည့်တိုက်နှင့် Internet အသုံးပြု၍ Literature များ ရှာဖွေဖတ်ရှုခြင်း၊ Data Analysis များ လုပ်ရခြင်းနှင့် စာတမ်းရေးသား ပြုစုရခြင်းများကို လက်တွေ့ဆောင်ရွက်နိုင်ဖို့ ဆရာ/ဆရာမ များက လမ်းညွှန်မှု Guide Line ပေးပြီးတော့ ကျောင်းသားများက ကိုယ်တိုင်လုပ်ဆောင်ကြရပါတယ်။ ဘွဲ့ယူစာတမ်း သို့မဟုတ် ကျမ်းတင်သွင်းပြီးသည့်အခါမှာလည်းပဲ မိမိစာတမ်းကို ပညာရှင်အဖွဲ့ ရှေ့တွင်ရှင်းပြကာ မိမိအဆိုပြုချက် မှန်ကန်ကြောင်း သက်သေပြမှု၊ ခုခံကာကွယ်မှုတွေကို ဆောင်ရွက် ကြရပါတယ်။ စာမေးပွဲစစ်ဆေးသော ပညာရှင်အဖွဲ့ကလက်ခံမှ စာတမ်း သို့မဟုတ် သုတေသန ကျမ်းကို တင်သွင်းမှုအတည်ဖြစ်ပါတယ်။ စာတမ်း သို့မဟုတ် ကျမ်းတင်သွင်းမှုမရှိခဲ့ လျှင်လည်း ရေးဖြေစာမေးပွဲအောင်သော်လည်းပဲ ဘွဲ့မရပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ တက္ကသိုလ် ပညာသင်ကြားရေးတွင် ဘွဲ့ကြိုသင်တန်းများမှာပင် အထက်တန်း ကျောင်းသား၊ ကျောင်းသူများကဲ့သို့ ဆရာသင်ကြားပေးသမျှကို အလွတ်ကျက် Memorization ပြုလုပ်ဖြေဆိုရုံနဲ့ ဘွဲ့မရနိုင်ပါ။ ဆရာရဲ့ လမ်းညွှန်မှုဖြင့် လက်တွေ့စမ်းသပ် တီထွင်မှုများ၊ Term Paper များ၊ Project Paper များ ကွင်းဆင်းလေ့လာမှုများစတဲ့ ကျောင်းသားကိုယ်တိုင်ပါဝင်ပြီး တကယ်သိ၊ တကယ်တတ်အောင် လေ့ကျင့်သင်ကြားမှု Student Centred Approach နှင့် သင်ကြားပေးလျက် ရှိပါတယ်။ ထိုသို့ သင်ကြားပေးသဖြင့် ဝေဖန်ပိုင်းခြားသုံးသပ်နိုင်မှု၊ ဆုံးဖြတ်

တတ်မှု၊ ပြဿနာကို ဖြေရှင်းနိုင်မှု စွမ်းရည်များ၊ တီထွင်ကြံဆနိုင်မှု ကိုယ်တိုင်လေ့လာနိုင်မှုနှင့် ပြောဆိုဆက်သွယ်နိုင်မှုစွမ်းရည်များ စသည့် Skill များကို ရရှိကြပါတယ်။ မြန်မာ့တက္ကသိုလ်များက လေ့ကျင့်ပေးနေတဲ့ အဆိုပါစွမ်းရည်များဟာ ယနေ့နိုင်ငံတကာ တက္ကသိုလ် အသီးသီးရဲ့ တွေးခေါ် မြော်မြင်မှုနှင့် တီထွင်နိုင်မှုမြင့်မားသော ပညာရှင်များပျိုးထောင်မှုနှင့် တစ်ထပ်တည်းကျနေပါတယ်။ သို့ပါ၍ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများတွင် လက်ရှိကျင့်သုံးနေသော ပညာရေးစနစ်သည် ရှေးရိုး အစဉ်အလာ အလွတ်ကျက်မှတ်ကာ စာမေးပွဲဖြေဆို၍ အတန်းအောင်သော ပညာရေးစနစ် မဟုတ်ပါ။ ခေတ်မမီသောပညာရေးစနစ်မဟုတ်ကြောင်းနဲ့ အလွတ်ကျက်မှတ်တဲ့ ပညာရေးစနစ်မဟုတ်ကြောင်း ကိုသာ ကျွန်တော့်အနေဖြင့် တင်ပြဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။အစည်းအဝေးကို မိနစ် ၂၀ ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၄ း ၄၀ ။**

**အခမ်းအနားမှူး**။ ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။အစည်းအဝေးကို၁၅း၀၀နာရီတိတိမှာ ပြန်လည်စတင်ပါမယ်ခင်ဗျား။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို ၂၀ မိနစ်ခန့် ရပ်နားပါသည်။]

**အချိန်၊ ၁၅ း ၀၀ ။**

**အခမ်းအနားမှူး**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြား ထားသူများခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့ လွှတ်တော်ကိုယ်စားလှယ်များ ထံဖြန့်ဝေထားတဲ့ အစီအစဉ်တွေနဲ့ ကျန်တဲ့အချိန် နှိုင်းချိန်တွက်ဆမယ်ဆိုရင် အစီအစဉ်တွေက များပြီးတော့ အချိန်ကနည်းနေကြောင်း တွေ့ရှိရမှာ ဖြစ်ပါတယ်။ တစ်ခါ ဒီအဆိုများကို နားထောင်ဖို့ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှလည်း အားလုံးရောက်ရှိနေတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီနေ့အစီအစဉ် တွေကိုတော့ ပြီးတဲ့အထိ ကျွန်တော်တို့ ဆက်လုပ်ပါ့မယ်။ နောက်ရက် နောက်ရက်တွေမှာ ဝန်ကြီးများလည်း တခြားအစီအစဉ်တွေရှိတဲ့အတွက် အစီအစဉ်ပြီးအောင် ဆက်လုပ်ပါမယ်။

ပြီးလည်းပြီးစေချင်တယ်။ အချိန်ကိုလည်း မလိုအပ်ဘဲနဲ့ ဖြုန်းတီးရာမရောက်အောင် ဆွေးနွေးတဲ့အခါမှာ အဆိုကို ထောက်ခံတာလား။ ကန့်ကွက်တာလား။ ပေါ်လွင်အောင် အတိုချုပ်ပြီးတော့ ဆွေးနွေးဖို့ ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဒါကြောင့် ဆက်လက်ပြီးတော့ ဒေါက်တာမြဦး၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဒေါက်တာမြဦး(ငါန်းဇွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြဦးဖြစ်ပါတယ်။ အဆိုရှင် ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ဘူးသီးတောင်မဲဆန္ဒနယ်ရဲ့ တက္ကသိုလ်ကောလိပ်နဲ့ သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ်ဖြေဆိုသည့် ရှေးရိုးအစဉ်အလာ ပညာရေးစနစ်အစား ထို့ထက်ပို၍ ခေတ်မီသော ပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သင့်ကြောင်းအဆိုနှင့် ပတ်သက်၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ခေတ်မီပညာရေးစနစ်တစ်ခုကို ဖော်ဆောင်နေသည့်ကိစ္စနှင့် ပတ်သက်ပြီး ကျွန်တော့်ရှေ့က ဆွေးနွေး သွားတဲ့ ဘုတလင်မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ် ဆွေးနွေးခဲ့တဲ့နှစ် ၃၀ နှစ်ရှည်စီမံကိန်းမှ ခေတ်မီပညာရေးစနစ်နဲ့ ဆက်စပ်တဲ့ အကြောင်းအရာများကို တင်ပြဆွေးနွေးသွားလို ပါတယ်။ ၂၀၀၁-၂၀၀၂ ပညာသင်နှစ်မှ စပြီး အမျိုးသားပညာရည်မြင့်မားရေး နှစ် ၃၀ နှစ်ရှည် စီမံကိန်းကို ချမှတ်ပြီး အမျိုးသားပညာရည်မြင့်မားရေး အဆင့်မြင့်ပညာကဏ္ဍ နှီးနှောဖလှယ်ပွဲများကို နှစ်စဉ် ကျင်းပခဲ့ကာ တက္ကသိုလ်ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အားသွန်ခွန်စိုက်လုပ်ခဲ့ပါတယ်။ လုပ်ဆောင်ဆဲလည်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပညာရေးဝန်ထမ်းဘဝမှာ ဒီပညာရည်မြင့်မားရေး လုပ်ငန်းနဲ့ပတ်သက်ပြီး ကျရာတာဝန်ကို ထမ်းဆောင်ခွင့်ရခဲ့တဲ့ အတွေ့အကြုံပေါ်မှာ အခြေခံပြီး တင်ပြဆွေးနွေးသွားခြင်း ဖြစ်ပါတယ်။ ဒီနှစ်ရှည်စီမံကိန်းမှာ ရည်မှန်းချက် ၁၂ ရပ်ပါဝင်ပြီး လုပ်ငန်းစဉ် ၃၆ ခုပါဝင်ပါတယ်။ ဒီဟာကို ပြန်လည်ဖော်ပြရခြင်းသည် လက်ရှိဆောင်ရွက်နေဆဲဖြစ်သလို ဆက်လက်ဆောင်ရွက်နေရဦးမယ်ဆိုတာကို သတိပြုမိစေလိုတဲ့အတွက် တင်ပြခြင်းဖြစ်ပါတယ်။ အချိန်ကို ငဲ့ညှာသောအားဖြင့် အရေးကြီးအချက်အလက်အချို့ကိုသာ ဖတ်ကြားတင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်။

ရည်မှန်းချက် ၁၂ ရပ်ထဲမှာ ရည်မှန်းချက် ၅ အနေနဲ့ ခေတ်နှင့်အညီ ဖြစ်ပေါ်လာမည့် နည်းပညာများကို အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်ပြီး အမြဲရှင်သန်နေသော အသိဉာဏ် အမြော်အမြင်တို့ဖြင့် ပြည့်စုံသည့် ပညာရေးပတ်ဝန်းကျင်ကို ဖန်တီးရန်ဆိုတဲ့အချက်လည်း ပါဝင်သလို မြန်မာနိုင်ငံ၏ပညာရေးအဆင့်သည် နိုင်ငံတကာပညာရည်အဆင့်ဖြစ်စေရန် ဆိုတာလည်း ပါဝင်ပါတယ်။ မြန်မာ့လူ့ဘောင် အဖွဲ့အစည်းဟာ စဉ်ဆက်မပြတ်လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းတစ်ခု ဖြစ်လာစေရန်ဆိုတာကိုလည်း ရည်မှန်းချက်တစ်ရပ် ထားရှိပါတယ်။ နောက်ပြီး တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှု တန်ဖိုးမြင့်တက်မှုနှင့်အတူ ပညာရေးကို မြှင့်တင်ရန်အားထုတ်သကဲ့သို့ ပုဂ္ဂလိကပိုင်းဆိုင်ရာ အရင်းအနှီးများကို ထည့်ဝင်မှုတို့ကိုလည်း စီစဉ်ရန်ဆိုပြီးတော့ မျှော်မှန်းချက် ထားရှိပါတယ်။ အခု ဖော်ပြခဲ့တဲ့ မျှော်မှန်းချက်များ အပါအဝင် မျှော်မှန်းချက် ၁၂ ရပ်ပေါ်မှာ အခြေခံပြီး ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ် ၃၆ ခု အချို့အနက်က ဆက်စပ်မှုရှိတဲ့ လုပ်ငန်းစဉ်များကို ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။ လုပ်ငန်းစဉ် ၁၁ အနေနဲ့ မျှော်မှန်းချက်၊ ရည်မှန်းချက်နဲ့ မျှော်မှန်းရလဒ်များကို ချမှတ်ပြီး အကောင်အထည်ဖော်နေသော ပညာရေးလုပ်ငန်းအစီအစဉ်၏ အမှန်တကယ်ရလဒ်များသည် မူလရည်ရွယ်ခဲ့သည့် မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် မျှော်မှန်းရလဒ်များ မည်မျှကိုက်ညီအောင်မြင်မှု ရှိသည်ကိုလည်းကောင်း၊ အားနည်းချက် များရှိပါက ထိုအားနည်းချက်များကို ဖော်ထုတ်သုံးသပ်ရန် လည်းကောင်း၊ လိုအပ်ပါက မူလသတ်မှတ်ခဲ့ သော မျှော်မှန်းချက်၊ ရည်မှန်းချက်နှင့် မျှော်မှန်းရလဒ်များကို ပြန်လည်သုံးသပ်ပြင်ဆင်ရန်လည်းကောင်း၊ ခေတ်နှင့်အညီ ပြန်လည်ထည့်သွင်း နှုတ်ပယ်ပြင်ဆင် သင့်သော အစီအစဉ်များကို ရှာဖွေဖော်ထုတ်ရန်လည်းကောင်း ပညာရေးကဏ္ဍ လုပ်ငန်းများကို အချိန်ပြည့်သုတေသနလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ပေးနိုင်သော ဌာနအဖွဲ့အစည်း တစ်ခုအဖြစ် တည်ထောင်ဖွဲ့စည်းရန်ဆိုပြီးတော့ လုပ်ငန်းစဉ်တစ်ခု ချမှတ်ခဲ့ပါတယ်။ နည်းပညာပိုင်းနဲ့ ပတ်သက်ပြီး တော့ လုပ်ငန်းစဉ်ကတော့ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲထွန်းကားလာသော သတင်းအချက် အလက်နှင့် ဆက်သွယ်ရေးနည်းပညာများ Information and Communication Technology ကို သင်ပြမှုနည်းပညာ Teaching Technology အဖြစ်သာမဟုတ်ဘဲ၊ သင်ယူမှု နည်းပညာ Learning Technology အဖြစ် အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ရန်ဆိုတဲ့ လုပ်ငန်းစဉ်လည်း ပါဝင်ပါတယ်။ နောက်ပြီး ၁၉၉၅ ခုနှစ် နောက်ပိုင်းတွင်မှ ကမ္ဘာ့ပညာရေးမှာ ရေပန်းစားလာတဲ့ တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေသော ပညာရေးနှင့်ပတ်သက်ပြီး လုပ်ငန်းစဉ်တစ်ရပ်အနေနဲ့ အနာဂတ်အဆင့်မြင့် ပညာရေးသည် အရည်အသွေးတိုးတက်မှုဆိုင်ရာပြောင်းလဲမှု Qualitative Transformationကို ဦးတည်ရန် ပညာရပ်များကို Breadth Of Learning ကျယ်ကျယ်ပြန့်ပြန့် သိရုံသာမကဘဲ ကျယ်ပြန့်မှု

နှင့်အတူနက်နဲမှုဆိုင်ရာလေ့လာခြင်း Breadth and Depth of Learning အဖြစ်သို့ ပြောင်းလဲရန် ပညာရပ်များကို ပေါင်းစပ်အသုံးပြု နိုင်စွမ်းရှိခြင်းဆိုတဲ့ Generative Synthesis လေ့လာဝေဖန် သုံးသပ်နိုင်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်းနှင့် လေ့လာစရာနယ်ပယ်သစ်များကို မြင်နိုင်စွမ်းရှိခြင်းတို့ကိုပါ စွမ်းဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန်ဆိုတာလည်း ပါပါတယ်။ သင်ရိုးညွှန်းတမ်းများနဲ့ ပတ်သက်ပြီး သင်ရိုးညွှန်းတမ်း သင်ပြနည်းနှင့် ပြန်လည်ဆန်းစစ်ခြင်းကဏ္ဍ အသီးသီးသည် လေ့လာသင်ယူသူ၏ ပင်ကိုယ်အရည်အသွေးနှင့် တီထွင်ကြံဆမှု၊ ခွဲခြားစိတ်ဖြာ သုံးသပ်တတ်မှု၊ ခေတ်မီနည်းပညာရပ်များကို ခြုံငုံအသုံးပြုတတ်မှုစသည်တို့ကို အလေးပေးနိုင်ရန် နည်းလမ်းရှာဖွေ ဆောင်ရွက်ရန်နှင့် ရင့်ကျက်မှု maturity ကို တည်ဆောက်ပေးမည့်စနစ် ထူထောင်ရန် ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်းစဉ်များအပြင် လုပ်ငန်းစဉ် ၃၆ ရပ်အနေနဲ့ နောက်ဆုံးလုပ်ငန်းစဉ်မှာ နိုင်ငံတော်အတွက် လိုအပ်တဲ့ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာမှာ မည်သို့ပင် ကမ္ဘာ့နိုင်ငံများ ဆက်စပ်ယှက်နွယ် ဖြစ်ပေါ်ပြောင်းလဲလာသော်လည်း မြန်မာနိုင်ငံ၏ အမျိုးသားရေးအကျိုးစီးပွား၊ အမျိုးသားရေးတန်ဖိုးနှင့် အမျိုးသားရေးစံနှုန်းများ လျော့ပါးပျောက်ပျက်မသွားစေရန်အတွက် သင်ရိုးညွှန်းတမ်းများတွင် လည်းကောင်း၊ သင်ကြားရေးအစီအစဉ်သစ်များတွင်လည်းကောင်း၊ သုတေသနလုပ်ငန်းများတွင် လည်းကောင်း၊ အများပြည်သူအတွက် ပညာပေးလုပ်ငန်းများတွင်လည်းကောင်း အစဉ်အမြဲ အထူး သတိပြုလျက် အကောင်အထည်ဖော်ရန်ဆိုပြီးတော့ လုပ်ငန်းစဉ်များ ပြည့်ပြည့်စုံစုံ ချမှတ်ထားပါတယ်။ ယခု ၂၀၀၈ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခြေခံမူများ ပုဒ်မ ၂၈(ဃ) မှာလည်း ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော် တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီပညာရေးစနစ်ကို ဖော်ဆောင်ရမည်ဟု ပါရှိပါတယ်။ ဒါကြောင့် ဖော်ပြခဲ့ပြီးဖြစ်တဲ့ ဆောင်ရွက်ခဲ့ပြီး၊ ဆောင်ရွက်ဆဲစီမံကိန်းပါလုပ်ငန်းများနဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ မြန်မာ့အမျိုးသား ပညာရေးမျှော်မှန်းချက်များဟာ တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေခြင်း ဟူသော ကမ္ဘာ့ခေတ်မီပညာရေး လမ်းကြောင်းနှင့်ကိုက်ညီနေပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှစ၍ မြန်မာနိုင်ငံရှိတက္ကသိုလ်ဒီဂရီကောလိပ်များတွင် တွေးခေါ်သုံးသပ်မှုကို ရင့်သန်စေသော သင်ကြား၊ သင်ယူနည်းဖြစ်တဲ့ Conceptual Teaching and Learning များဖြင့် သင်ကြားပို့ချလျက်ရှိကြောင်း လေ့လာသိရှိ ရတဲ့အတွက် မြန်မာ့တက္ကသိုလ်များရဲ့ လက်ရှိပညာရေးစနစ်မှာ အလွတ်ကျက်မှတ်မှုကိုသာ အားကိုးသော ရှေးရိုးအစဉ်အလာပညာရေးစနစ်မဟုတ်ပါကြောင်းနှင့် ယနေ့ ကမ္ဘာ့အဆင့်မီသင်ရိုး ညွှန်းတမ်းအတိုင်း နိုင်ငံတကာသင်နည်းစနစ်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသော Ongoing Process အဆင့်မြင့်ပညာရေးစနစ်ဖြစ်ကြောင်းနှင့် နောင်တွင်လည်း ပြောင်းလဲတိုးတက်နေ

သော ထို့ထက် ထို့ထက် ခေတ်မီသောပညာရေးစနစ်ကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နေရမှာ ဖြစ်ပါကြောင်း ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးရဲထွန်း၊ သံတွဲမဲဆန္ဒနယ်က ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးရဲထွန်း(သံတွဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာကြတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားတဲ့ ဧည့်သည်တော်ကြီးများကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ သံတွဲမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင် တင်သွင်းခဲ့တဲ့ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ်ဖြေဆိုသည့် ရှေးရိုးစဉ်လာပညာရေးစနစ်အစား ခေတ်မီသော ပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သင့်ကြောင်းအဆိုကို ကျွန်တော် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဒါပေမယ့်အချိန်ကို လေးစားသောအားဖြင့် ကျွန်တော် အကျဉ်းချုံးပြီးတော့ပဲ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံရဲ့ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများရဲ့ ပညာရေးစနစ်ဟာလည်းကောင်းမွန်ပါတယ်။ သင်ရိုးညွှန်တမ်းများဟာလည်း နိုင်ငံတကာစံချိန်စံနှုန်းများနဲ့ မီပါတယ်။ ဒါပေမယ့် အခု သင်ကြားရေးစနစ်တစ်ခုကို နည်းနည်းလေး ပြုပြင်ပြောင်းလဲလိုက်မယ်ဆိုရင် ပိုပြီးကောင်းမွန်မယ်လို့ ကျွန်တော်က စေတနာသန့်သန့်နဲ့ သဘောရိုးသားစွာနဲ့ပဲ အပြုသဘောတင်ပြလိုပါတယ်။ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများက ကျောင်းသားများကို သုတေသနလုပ်တဲ့ပုံစံကို ဦးစားပေးပြီး ဆောင်ရွက်စေချင်ပါတယ်။ ဆရာနဲ့ကျောင်းသားများ ပိုမိုနီးစပ်ပြီး ပွင့်ပွင့်လင်းလင်း ဆွေးနွေးလို့ရအောင် ဆရာများများ လိုပါတယ်။ ဒီလိုဆရာများများကို ခန့်ထားပေးနိုင်ခဲ့လို့ရှိရင် စာသင်ခန်းအတွင်းမှာ ဆွေးနွေးဝိုင်းငယ်လေးတွေကို ဖန်တီးပေးရပါမယ်။ ဖြစ်လာအောင် ဖန်တီးပေးရပါမယ်။ ဒါမှ ဆရာနဲ့တပည့်နဲ့ အပြန်အလှန်ဆွေးနွေးပြီးတော့ သုတေသနပြုလုပ်ချက်များကို များများလုပ်ဆောင်ပေးဖို့ လိုပါတယ်။ ဒါမှ ဆရာတွေကလည်း တပည့်တွေကို ရည်ညွှန်း စာအုပ်၊ စာတမ်းတွေကို များများညွှန်းဆိုပြီးတော့ စာကြည့်တိုက်တွေကိုလည်းများများ သုံးတတ်အောင် ဦးဆောင် လမ်းညွှန်မှုပေးရပါမယ်။ တပည့်များရရှိလာတဲ့ သုတေသနစာတမ်းတွေကိုလည်း ဆရာတွေက အကဲဖြတ်သုံးသပ်ပေးပြီးတော့ လိုအပ်ချက်များကို လမ်းညွှန်ပေးဖို့ လိုပါတယ်။ ဒီလို များများလုပ်ဆောင်ပေးနိုင်ခဲ့ရင် ကျောင်းသားတွေရဲ့ မိမိရဲ့ပင်ကိုယ်ဉာဏ်ရည်ဉာဏ်သွေးကို ထက်မြက်လာအောင် ထိုးထွင်းတီထွင်ကြံဆတတ်လာအောင် ပြုစုပျိုးထောင်ပေးရာ ရောက်မှာပါ။ ဒီလိုလုပ်ဆောင်ချက်တွေကို တက္ကသိုလ်၊

ကောလိပ်၊ သိပ္ပံများတွင်မကဘဲ အခြေခံပညာအထက်တန်းအဆင့်ကတည်းက ကျောင်းသားတွေကို ကျင့်သားရလာအောင် လေ့ကျင့်ပေးရမှာ ဖြစ်ပါတယ်။ ဒါမှသာ တက္ကသိုလ်အဆင့်ကို ရောက်လာလို့ ရှိရင်လည်း အထူးအထွေ လေ့ကျင့်ပေးစရာမလိုဘဲနဲ့ ဆက်လက်ပြီးတော့ သုတေသနအရှိန်ကိုလည်း ဆက်ပြီးမြှင့်သွားနိုင်ပါ လိမ့်မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါပေမယ့် ဒီကိစ္စကို အကောင်အထည်ဖော်ဖို့အတွက်တော့ ပညာရေး ဝန်ကြီးဌာနတစ်ခုတည်းနဲ့တော့ အကောင်အထည်ဖော်ဖို့ မလွယ်ဘူးထင်ပါတယ်။ အမျိုးသားပညာရေး စီမံကိန်းကြီးတစ်ခုအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေ၊ တိုင်းရင်းသားနိုင်ငံသားလုပ်ငန်းရှင်တွေ ပူးပေါင်း ဆောင်ရွက်မှ အဆင်ပြေမှာပါ။ နိုင်ငံတော်ဘက်ကလည်း ပညာရေးကဏ္ဍအတွက် ခွင့်ပြုငွေကို ရသလောက်တိုးပေးပြီး တစ်ဖက်မှာလည်း Privatization လုပ်ရမှာ ဖြစ်ပါတယ်။ အစိုးရတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများရှိသလို ပုဂ္ဂလိက တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများကိုလည်း ခွင့်ပြုမယ်ဆိုရင် အကောင်အထည်ဖော်ရာမှာ ပိုမိုလွယ်ကူပြီးတော့ တိုင်းရင်းသားလုပ်ငန်းရှင်တွေအတွက်ရော ဉာဏ်ရည် ထက်မြက်တဲ့ လူငယ်များအတွက် ပညာရေး၊ စီးပွားရေးအခွင့်အလမ်းများကို များစွာဖန်တီးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးရွှေမောင်ရဲ့ အဆိုဖြစ်တဲ့ တက္ကသိုလ်၊ ကောလိပ်နဲ့ သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံး လျက်ရှိသော သင်ကြားကျက်မှတ်ဖြေဆိုသည့် ပညာရေးစနစ်အစား ဆရာတပည့်ပိုမိုရင်းနှီးပွင့်လင်းသော ဆက်ဆံရေးမျိုးရှိသည့် သင်ကြားဆွေးနွေးသုတေသနပြု တီထွင်သည့် ခေတ်မီပညာသင်ကြားရေးစနစ် တစ်ခုကို အကောင်အထည်ဖော်ကာ တီထွင်ကြံဆတတ်သော ဝိဇ္ဇာ၊ သိပ္ပံပညာရှင်များ ပေါ်ထွန်းနိုင် အောင် ဆောင်ရွက်သင့်ကြောင်းကို ကျွန်တော် အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးထွန်းအောင်ကျော်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးထွန်းအောင်ကျော်(ပုဏ္ဏားကျွန်းမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြ ပါစေ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းများ ရရှိနိုင် ကြပါစေလို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး မိန့်မှာထားတဲ့ နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူတို့ရဲ့ အကျိုးအတွက် ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှာ တာဝန်ရှိတယ်ဆိုတဲ့စကားအရ နိုင်ငံတော်ကို နောက်လာမယ့်မျိုးဆက်သစ်တွေက ပခုံးပြောင်းတာဝန်ယူကြမယ့်အရေးမှာ အမှန်တကယ် ပူပန်မိတဲ့

အတွက် ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင် တင်သွင်းတဲ့ တက္ကသိုလ်၊ ကောလိပ်နဲ့ သိပ္ပံကျောင်းတို့မှာ လက်ရှိကျင့်သုံးနေတဲ့ သင်ကြားကျက်မှတ် ဖြေဆိုသည့် ရှေးရိုးအစဉ်အလာ ပညာရေးစနစ်အစား ထို့ထက်ပို၍ ခေတ်မီသော ပညာရေးစနစ် တစ်ခုကို ဖော်ဆောင်သင့်ကြောင်းအဆို ကို အပြုသဘောနဲ့ ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ခေတ်အဆက်ဆက်အစိုးရများအနေနဲ့ တိုင်းပြည်ရဲ့ပညာရေးကဏ္ဍမြင့်မားရေးအတွက် စီမံကိန်းမျိုးစုံ ရေးဆွဲချမှတ်ကြိုးပမ်းအားထုတ်ခဲ့ကြပါ တယ်။ ပုံစံများကွဲလွဲချက်ရှိပေမယ့် အနှစ်သာရအားဖြင့် ဆရာ၊ ဆရာမများက သတ်မှတ်ထားတဲ့သင်ရိုး ညွှန်းတမ်းမူများအတိုင်း တပည့်များက တစ်သွေမတိမ်းလိုက်နာကျက်မှတ်ပြီးတော့ စာမေးပွဲဖြေဆို အောင်မြင် အတန်းတက်ကြတဲ့စနစ်ကို ယခုကာလအထိ ကျွန်တော်တို့ နိုင်ငံအနေနဲ့ ကျင့်သုံးဆဲဖြစ်ပါ တယ်။ အလျဉ်းသင့်လို့ အနည်းငယ်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ပတ်ဝန်းကျင်မှာ မြို့ပြပညာရေး ကဏ္ဍနဲ့ကျေးလက်ကဏ္ဍ ကျွန်တော်တို့ပြည်နယ် နယ်စွန်၊ နယ်ဖျားကဏ္ဍတွေဟာ ကွာခြားမှုမြင့်မားပါ တယ်။ ပညာရေးသင်ယူမှုစနစ်ကလည်း ကွာခြားပါတယ်။ လက်တွေ့ ကျွန်တော်တို့ အနေနဲ့ကြုံတွေ့ နေရတဲ့ပညာရေးစနစ်က မြို့ပြမှာရော၊ ကျေးလက်မှာရော တူတာတစ်ခုရှိတယ်။ အဲဒါကဘာလည်း ဆိုလို့ရှိရင် ဝိုင်းကျူရှင်တွေတက်ကြတဲ့စနစ်ပါ။ အတန်းတက်ရရေးအတွက် စာသင်ခန်းထဲမှာ မလုံလောက်ဘဲနဲ့ အပြင်မှာငွေကြေးတတ်နိုင်ရင်တတ်နိုင်သလို ဝိုင်းတွေသင်ပြီးတော့ ဂုဏ်ထူးရရှိရေး၊ အတန်းတက်ရရေးကို ဆရာများနဲ့ ကြပ်မတ်ပြီးတော့ ကျက်မှတ်ဖြေဆိုပြီးတော့ အောင်မြင်ကြတဲ့ ကျောင်းသားလောကကို ကျွန်တော်တို့ ရင်ဆိုင်နေရပါတယ်။ အခြေခံပညာရေးအစစ်အမှန် မဟုတ်ပါဘူးခင်ဗျား။ တက္ကသိုလ်အဆင့်မှာလည်း ကျွန်တော်တို့ ကြုံတွေ့နေရတာကို ငြင်းကွယ်လို့ မရပါဘူး။ တက္ကသိုလ်အဆင့်မှာလည်း ကျောင်းသားများဟာ မိမိသင်ကြားရတဲ့စနစ်နဲ့ မလုံလောက်တဲ့ အတွက် ဆရာ၊ ဆရာမများကို ချဉ်းကပ်ပြီးတော့ ကျူရှင်ယူဖြေကြားနေရတာကို မျက်ကွယ်ပြုလို့ မရပါဘူး။ အဲဒါဟာဘာဖြစ်လို့လဲဆိုတော့ ဆရာသင်ကြားသမျှ ကျက်မှတ်ဖြေဆို အတန်းတက်ကြတဲ့ ပညာရေးစနစ်ရဲ့ ဦးတည်ချက်ဟာစာမေးပွဲအောင်မြင်ပြီး အတန်းတက်ရေးဆီသို့သာဦးတည်နေတဲ့ အတွက်အရည်အချင်းပြည့်ဝပြီး ရရှိတဲ့ပညာရည်အတိမ်အနက်ပေါ် အခြေခံထားကာတီထွင်ကြံဆနိုင် တဲ့ပညာရှင်များမွေးထုတ်နိုင်ရေးဦးတည်ချက်ကို အကျိုးကျေးဇူးမပြုတဲ့အတွက် ပညာရှင်များအပေါ် အခြေခံပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေးမှာ ထိခိုက်နစ်နာမှုတွေကြုံတွေ့ရမှာ ကိုစိုးရိမ်ပူပန်မိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးစနစ်တစ်ခုကို ဖြတ်သန်းအောင်မြင်လာတဲ့ လူငယ်မျိုးဆက်သစ်များဟာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်အားထားရတဲ့ အရေးပါတဲ့ လူသားအရင်းအမြစ်တွေဖြစ်ကြပါတယ်။ ဒီလိုလူငယ်မျိုးဆက်သစ်တွေအနေနဲ့ နိုင်ငံတော်ရဲ့အရေးအရာကို တစ်ဖက်တစ်လမ်းက ဝင်ရောက်ထမ်းရွက်ကြတဲ့အခါမှာ ပြည့်စုံတဲ့အရည်အချင်းနဲ့ မိမိရဲ့ကိုယ်ပိုင်ကြံဆရှာဖွေသိရှိနိုင်စွမ်း မရှိဘဲ သင်ကြားတဲ့ဆရာရဲ့မျှဝေမှုလောက်ကိုသာ လက်ခံပြီးရရှိတဲ့အသိနဲ့ နိုင်ငံ့တာဝန်ကိုထမ်းဆောင်ပုံဖော်ကြမယ်ဆိုရင် နိုင်ငံတော်ကြီးရဲ့ ရှေ့အနာဂတ်အောင်မြင်ရေးဟာချို့တဲ့အားနည်းမှာကိုလည်း ကျွန်တော် စိုးရိမ်ပူပန်မိပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့တင်ပြရရင် ကမ္ဘာ့ထိပ်တန်းစက်မှုနိုင်ငံကြီးတစ်နိုင်ငံရဲ့ပညာရေးစနစ်ဟာ အခြေခံအဆင့်မှာ ၁၂ တန်းအထိ မသင်မနေရထားပေးပါတယ်။ ငယ်စဉ်ကစပြီး အသက် ၁၈ နှစ်အထိ ပညာမသင်မနေရစနစ်ဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ် စာရင်းဇယားအရ အသက် ၁၈ နှစ်ကနေ ၂၄ နှစ်အထိ အဲဒီနိုင်ငံရဲ့ လူငယ်အားလုံးရဲ့ ၉၀ ရာခိုင်နှုန်းဟာ အခြေခံပညာ အထက်တန်းကို အောင်မြင်ပြီးသူများ ဖြစ်ကြပါတယ်။ သူတို့နိုင်ငံရဲ့ ပညာရေးကဏ္ဍတစ်ခုမှာ ထူးခြားတဲ့ကဏ္ဍတစ်ခုရှိပါတယ်။ အဲဒါကတော့ သင့်တော်တဲ့ အရွယ်အစားရှိ စာသင်ခန်းများ Small Size Class Room စနစ်ဖြစ်ပါတယ်။ စာသင်ခန်းထဲမှာ ဆရာက ကျောင်းသားနည်းနည်းနဲ့ စာသင်ကြားနိုင်တဲ့အတွက် ဆရာဟာငယ်ရွယ်သူတပည့်များနဲ့ ပိုမိုရင်းနှီးမှုရရှိခြင်း၊ လွတ်လပ်စွာတွေးခေါ်မှုကို လက်တွဲခေါ်ယူသင်ကြားပေးခြင်း၊ သိလိုသမျှပွင့်ပွင့်လင်းလင်း စူးစမ်းလေ့လာမေးမြန်းနိုင်ခြင်း အစရှိတဲ့ အခြေခံသင်ကြားမှုတွေကို ဦးစားပေး သင်ကြားပေးနိုင်ခဲ့တဲ့အတွက် ဒီနိုင်ငံရဲ့ လူငယ်မျိုးဆက်သစ် လူသားအရင်းအမြစ်တွေဟာ ကမ္ဘာ့စက်မှုနယ်ပယ်များနဲ့ သိပ္ပံပညာနယ်ပယ်များမှာ အခုကမ္ဘာ့အဆင့် အထိ ဦးဆောင်မှုတွေရရှိနေကြောင်း ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးကဏ္ဍတိုးတက်ကောင်းမွန်ဖွံ့ဖြိုးဖို့အတွက် ကောင်းနိုးရာရာ လေ့လာပြီး ကောင်းရာကောင်းကျိုးအတွက် ပြောင်းလဲကျင့်သုံးကြရမယ်ဆိုတာ လက်ခံပါတယ်။ ဒါပေမယ့် အမှန်တကယ်မှန်ကန်စွာကောင်းကျိုးတရားဖြစ်ပေါ်ရေးအတွက် အသိပညာရှင်များ၊ အတတ်ပညာရှင်များနှင့် စေ့စပ်သေချာ လေ့လာနှီးနှောတိုင်ပင်ပြီး အပြန်အလှန်အားဖြင့် အားနည်းချက်၊ အားသာချက်တွေကို ချိန်ဆတွက်ချက်ပြီးမှ ပြောင်းလဲစေခြင်းဖြစ်ရင် ပိုမိုသင့်တော်မယ်လို့ ထင်မြင်ယူဆပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဟာ ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ အခက်ခဲဆုံးပြဿနာများအထဲမှာ တစ်ခုဖြစ်တယ်လို့သိရှိရပါတယ်။ တချို့ဖွံ့ဖြိုးဆဲနိုင်ငံများအနေနဲ့ ပညာရေးကဏ္ဍမြင့်မားတိုးတက်ရေးအတွက် တိုးတက်တဲ့သင်ကြားမှုစနစ်တွေပြောင်းလဲကျင့်သုံးခြင်း၊ တိကျမှန်

ကန်တဲ့ ပညာရေးပေါ်လစီများချမှတ်ခြင်း၊ ပညာရေးပြုပြင်ပြောင်းလဲမှုများအတွက် ပညာရေးအသုံး စရိတ်များပိုမိုကျခံသုံးစွဲခြင်းစတဲ့စနစ်တွေကို အရှိန်မြှင့်ဆောင်ရွက်နေကြကြောင်းလည်း မှတ်သားသိရှိ ရပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ နိုင်ငံ့ခေါင်းဆောင်ကြီး များကအမြော်အမြင်ကြီးမားစွာနဲ့ ပြည်နယ်များ၊ တိုင်းဒေသကြီးများမှာ တက္ကသိုလ်များ၊ နည်းပညာ တက္ကသိုလ်များ၊ သိပ္ပံများကိုအဆင့်မီကြီးကျယ်စွာ ရုပ်ဝတ္ထုအခြေခံများအနေနဲ့ တည်ဆောက်မြှင့်တင် ပေးခဲ့ကြတာကို အားလုံးအသိဖြစ်ကြပါတယ်။ နိုင်ငံတော်အနေနဲ့ ပညာရေးကဏ္ဍကို နိုင်ငံတော်အပိုင်း အားဖြင့်ကြိုးပမ်းဆောင်ရွက်သလို ပုဂ္ဂလိကပညာရေးကဏ္ဍတွေကို ဖော်ဆောင်ခွင့်ပြုပေးခြင်းကဲ့သို့ သော ပညာရေးကဏ္ဍပြုပြင် ပြောင်းလဲပေးခြင်းအားဖြင့်လည်း မြန်မာတိုင်းရင်းသား ပညာရှင်များရဲ့ ပညာရေးကဏ္ဍအထောက်အကူပေးမှုများ ပေါ်ပေါက်ရရှိလာနိုင်မယ်လို့ ကျွန်တော်ရိုးသားစွာ ယုံကြည် ပါတယ်။ အထူးသဖြင့် ပုဂ္ဂလိကနည်းပညာတက္ကသိုလ်များအထိ တိုင်းရင်းသား၊ နိုင်ငံသား လုပ်ငန်းရှင် များကို ပေါင်းစပ်၊ ချိတ်ဆက်၊ မြေတောင်မြှောက်ပေးခြင်းအားဖြင့် ထူးချွန်ထက်မြက်တဲ့ ကျောင်းသား များအတွက် အခြေခံကောင်းသော ပညာရေးရလဒ်များ ပေါ်ထွန်းလာနိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ အချိန်တိုအတွင်းမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တည်ဆောက်ရေး အတွက်အခုတင်ပြသွားခဲ့တဲ့ ပြုပြင်ပြောင်းလဲမှုတွေ ပြောင်းလဲပေးမယ်ဆိုရင် ထူးချွန်ထက်မြက်တဲ့ လူသားအရင်းအမြစ် အင်အားစုများရရှိပြီးတော့ ထက်မြက်တဲ့ မျိုးဆက်သစ်များကိုလည်း နိုင်ငံတော်ရဲ့ တာဝန်များအတွက်ပေးအပ်ရာမှာ စိတ်ချယုံကြည်နိုင်ဖွယ်ရှိတယ်လို့ ယုံကြည်ပါတယ်။ သို့ဖြစ်တဲ့ အတွက် ပြည်ထောင်စုမြန်မာနိုင်ငံအနေနဲ့ အခြားသောတိုးတက်သည့်နိုင်ငံများနှင့် ရင်ဘောင်တန်း ကာ ပညာရေးကဏ္ဍဖွံ့ဖြိုးအောင်မြင်နိုင်ရေးအတွက် လိုအပ်တဲ့အခြေခံအကြောင်း အရာတစ်ခုဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်တင်သွင်းတဲ့ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းတို့မှာ လက်ရှိကျင့်သုံးနေတဲ့ သင်ကြားကျက်မှတ်ဖြေဆိုတဲ့ ရှေးရိုးစဥ်လာ ပညာရေးစနစ်အစား ခေတ်မီသောပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သင့်ပါကြောင်း လေးနက်စွာ ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ဒေါက်တာဒေါ်အေးမြင့်၊ ရွှေတောင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေးမြင့် (ရွှေတောင်မဲဆန္ဒနယ် )**။ ။လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင့်။ ကျွန်မက ပဲခူးတိုင်းဒေသကြီး၊ ရွှေတောင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်အေးမြင့် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင့်။

ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက်၏ တက္ကသိုလ်၊ ကောလိပ်နှင့်သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြား ကျက်မှတ်ဖြေဆိုသည့် ရှေးရိုးစဥ်လာ ပညာရေးစနစ်အစား၊ ထို့ထက်ပို၍ ခေတ်မှီသော ပညာရေးစနစ် တစ်ခုကို ဖော်ဆောင်သင့်ကြောင်းအဆိုကို ကျွန်မထောက်ခံဆွေးနွေးမှာဖြစ်ပါတယ်။ ကျွန်မသည် နည်းပြဆရာမအဆင့်မှ ပါမောက္ခ(ဌာနမှူး)အဆင့်အထိ နိုင်ငံတော်တာဝန်ကို ၃၇ နှစ်တိုင်တိုင် ထမ်းဆောင်ခဲ့တဲ့သူ ဖြစ်ပါတယ်။ လုပ်သက်တစ်လျှောက်လုံးမှာ ဆရာက ငါသင်သလိုကျက်၊ ကျက်ထားသလို စာမေးပွဲမှာပြန်ဖြေမှုကြိုက်ပြီး တပည့်ကလည်း ဆရာသင်တဲ့အတိုင်း ၏၊ သည် စကားလုံးတောင်မလွဲရအောင် အာဂုံကျက်၊ အင်္ဂလိပ်လိုသင်တဲ့ ဘာသာရပ်တွေမှာဆို The ကိုသာ The, The ဆိုပြီးတော့ ထပ်ခါထပ်ခါနဲ့ အလွတ်အာဂုံကျက်နေတဲ့ ကလေးမျိုးတွေကို တွေ့ပြီးတော့ အဲလိုဆရာသင်ထားတဲ့ သူတို့ကျက်ထားတဲ့အတိုင်း စာမေးပွဲမှာပြန်ဖြေကြတဲ့ကျင့်စဥ်မှာ ဆရာတပည့် တွေ အသားကျနေကြတာကို လက်တွေ့ကြုံခဲ့ရတဲ့သူ ဖြစ်ပါတယ်။ ယုတ်စွအဆုံး ဘွဲ့ကြို၊ ဘွဲ့လွန် သုတေသနစာတမ်းတွေမှာတောင် ကြီးကြပ်သူဆရာရဲ့အာဘော်ကို တွေးတောဆင်ခြင်ခြင်း၊ ကိုယ်ပိုင် တွေးခေါ်ကြံဆခြင်း၊ ပြန်လှန်ဆွေးနွေးခြင်းမရှိတဲ့ တပည့်အများစုကို ကြုံတွေ့ခဲ့ရပါတယ်။ တချို့ ဆရာတွေကျတော့လည်း အမှားအယွင်းမဟုတ်တဲ့ ဖြစ်နိုင်ခြေရှိတဲ့ အသစ်တီထွင်ကြံဆမှုကို တပည့် ဆီကနေပြီးတော့ လက်ခံဆွေးနွေးဖို့ ဝန်လေးတတ်ကြတာကို တွေ့ခဲ့ဖူးပါသေးတယ်။ ဒီလို အတွေ့အကြုံ တွေကြောင့် ယခု ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက်ရဲ့အဆိုကို အတိုချုပ်အားဖြင့် အချက်သုံးချက်နှင့် ကျွန်မ ဆွေးနွေးတင်ပြလိုပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ခေတ်မီသော ပညာရေးစနစ် တစ်ခုကို ဖော်ဆောင်ရာတွင် လိုအပ်မည်ဟု ယူဆသည့် ဒီသုံးချက်ကို ဖတ်ကြား တင်ပြခွင့်ပေးပါ။

(၁) မိမိသင်ကြားပို့ချရမည့်ဘာသာရပ်ကို ပိုင်နိုင်ကျွမ်းကျင်သော ဆရာများလိုခြင်း။ ဒါပထမ အချက်ဖြစ်ပါတယ်။ ဆရာသည်တပည့်များအား မိမိသင်ပြပေးရမယ့် ဘာသာရပ်၊ အကြောင်းအရာ၊ အချက်အလက်များကို နှံ့နှံ့စပ်စပ်၊ ပိုင်ပိုင်နိုင်နိုင်သိထားဖို့လိုပါတယ်။ ဒီအချက်ကို ကိုယ်သင်ပေးရမယ့်ဘာသာရပ်ကို တတ်ကျွမ်းလို့ ဆရာဖြစ်တာပေါ့လို့ တရားသေကျွန်မတို့ ယုံထားလို့မရပါဘူး။ ကျွန်မတို့ မြန်မာစာမှာ တောင်တောရယ်သာ၊ မာလာကင်ပုံဖူး ဆိုတဲ့ကဗျာကို တောထဲတောင်ထဲမှာ သာယာလိုက်တာ၊ မာလကာပင် မှာလည်း အငုံအဖူးတွေနဲ့လို့ လွဲမှားစွာရှင်းပြသင်ကြားပေးတဲ့ ဆရာမ ရှိဖူးပါတယ်။

(၂) ကိုယ်ပိုင်စွမ်းရည်ရှိသောတပည့်ကို ဆရာ့ထက်တော်အောင် လိုလိုလားလားပျိုးထောင် လမ်းဖွင့်ပေးဖို့လိုခြင်း။ ဒီအချက်မှာ အနန္တောအနန္တဂိုဏ်းဝင် အာစရိယဂုဏောဆိုတဲ့

ဂုဏ်ကို ကျွန်မ ပြစ်မှားခြင်းမဟုတ်ပါ။ ဆရာဆိုတာမှာလည်း ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ အထိုက်အလျောက်ရှိသေးတဲ့ ပုထုဇဉ်သာဖြစ်တဲ့အတွက် ဒီအချက်ကို ထည့်ရမှာ ဖြစ်ပါတယ်။ ဆရာ့ထက်တပည့် လက်စောင်းထက် ဆိုတဲ့စကားပုံဟာ ကောင်းကျိုး အထွေထွေ အတွက် လိုလားလက်ခံအပ်တဲ့ ရှေးဆိုရိုးစကားပါ။

(၃) အထောက်အကူပြုပစ္စည်းများ ပြည့်စုံဖို့လိုခြင်း။ ဆိုင်ရာဘာသာရပ်၊ ပညာရပ်အတွက် အမှန်တကယ်မရှိမဖြစ်လိုအပ်တဲ့ အထောက်အကူပြုပစ္စည်းများ လုံလုံလောက်လောက် ဖြည့်ဆည်းနိုင်ဖို့ လိုပါတယ်။ ဥပမာ-ကျွန်မကျွမ်းကျင်တဲ့ မြန်မာစာမှာဆိုရင်(သိပ္ပံလိုင်းတွေမှာ ဓာတ်ခွဲခန်းတွေ၊ လက်တွေ့ခန်းတွေလိုသလို) ကျွန်မတို့ မြန်မာစာမှာလည်း ရှေးဟောင်း မြန်မာကျောက်စာ၊ မင်စာ၊ မွန်ကျောက်စာ၊ ပျူစာစတဲ့ မင်လှိမ့်ထားတဲ့ မင်လှိမ့်ပြီးကူးယူထားတဲ့ မိတ္တူတွေ၊ ကျောက်စာကူးခန်းတွေ၊ ပေစာဖတ်ခန်းတွေ လိုခြင်းမျိုး၊ ကမ္ဘာမှာ နောက်ဆုံး လေ့လာတွေ့ရှိ ထွက်ရှိနေတဲ့ ဘာသာဗေဒ၊ သတ္တဗေဒ ဆိုင်ရာ၊ ရသစာပေ ဆိုင်ရာစာအုပ်စာတမ်းများ လိုခြင်းမျိုးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မြန်မာစာဆရာမတစ်ယောက်အနေနဲ့ ကျွန်မတွေးခေါ် ကြံဆမိသလောက်ဖြင့် တက္ကသိုလ်၊ကောလိပ်နှင့်သိပ္ပံကျောင်းတို့တွင် လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ်ဖြေဆိုသည့် သင်ကြားရေးအစား ထို့ထက်ပို၍ ခေတ်မီသောဆရာနှင့် ကျောင်းသားအချိုးအစား သင့်လျော် မျှတစွာ ဆရာတပည့် ပိုမိုရင်းနှီးပွင့်လင်းပြီး သင်ကြားဆွေးနွေး သုတေသနပြု တီထွင်မှုကို အခြေခံသည့် ပညာရေးစနစ်တစ်ခုကို ဖော်ဆောင်သင့်ကြောင်း ထောက်ခံဆွေးနွေးအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်ရည်၊ အလုံမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရည် (ခ)ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ။ ကျွန်တော် အလုံမဲဆန္ဒနယ်မှ ဦးခင်မောင်ရည်ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံမှာ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းအသီးသီးတို့မှာ လက်ရှိကျင့်သုံးနေတဲ့စနစ်မှ ခေတ်မီပညာရေးစနစ်သို့ ကူးပြောင်းနိုင်ရေးအတွက်ရည်ရွယ်ပြီးတော့ ကျွန်တော့်အနေနဲ့ ပညာရှင် တစ်ဦး မဟုတ်သော်လည်းပဲ မိမိလေ့လာသိရှိမှတ်သားမှုဖြင့် ဆွေးနွေးတင်ပြလိုပါတယ်။ ကျွန်တော် ထောက်ခံဆွေးနွေး တင်ပြသွားမှာ ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန် အစည်းအဝေး နေ့စွဲ ၁၅-၃-၂၀၁၁ ဒသမနေ့မှာ ဆွေးနွေးခဲ့တဲ့ ကျွန်တော်တင်သွင်းခဲ့တဲ့အဆိုရဲ့

ဒုတိယအပိုင်းမှာ မြန်မာနိုင်ငံအတွင်း နိုင်ငံတကာတက္ကသိုလ်များနဲ့ ချိတ်ဆက်နိုင်သော စာမေးပွဲစနစ် ပါဝင်သည့် သင်ရိုးညွှန်းတမ်းနှင့် ပညာရေးစနစ်ကို အစိုးရနှင့်ပုဂ္ဂလိကပိုင်းကပါ နှစ်ရပ်စလုံး ပါဝင် ဆောင်ရွက်နိုင်ရန် သင့်လျော်သည့် မူဝါဒများရရှိရေးဟုပါရှိခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးမှလည်း ကျွန်တော်ရဲ့အဆိုမှာ အဆိုကောင်းဖြစ်သော်လည်း နှောင်းသွားပြီဆိုတဲ့ အကြောင်းပြောပြီးတော့ ဆောင်ရွက်နေပြီဖြစ်တဲ့အကြောင်းနဲ့ နှစ် ၃၀ စီမံကိန်းများမှာလည်း အကောင်အထည်ဖော်နေပြီ ဖြစ်ကြောင်း ဝမ်းမြောက်ဖွယ်ပြောသွားခဲ့တာကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတိုင်းမှာ ပညာရေးစနစ်ကို ပိုမိုကောင်းမွန်တိုးတက်အောင် ဆောင်ရွက် နေကြတာကို တွေ့ရပါတယ်။ ပညာရည်မြင့်မားမှု အရှိန်အဟုန်တိုးတက်ခြင်းဟာ နိုင်ငံတစ်ခု တိုးတက်ခြင်းနဲ့ တိုက်ရိုက်အချိုးကျပတ်သက်နေပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံများမှာ ပညာရေးစနစ်ကို မျက်ခြေမပြတ် စိစစ်ဆောင်ရွက်၍ ပုံမှန်သမားရိုးကျ ပညာရေးများကို ပြောင်းလဲမှုများဖြင့် စဉ်ဆက်မပြတ် မြှင့်တင်ပေးလျက်ရှိကြပါတယ်။ တက္ကသိုလ်များရဲ့ ပညာရေးအုတ်မြစ်ဟာ တကယ် တော့ အခြေခံပညာရေးကနေစတာ ဖြစ်ပါတယ်။ ဂျပန်နိုင်ငံမှာ ၁၉၉၈ ခုနှစ် ဒီဇင်ဘာလမှာ ပညာရေး ဝန်ကြီးဌာနမှ တရားဝင်ထုတ်ပြန်ကြေညာပြီးတော့မှ ပညာရေးစနစ်သစ်ကို ပြဋ္ဌာန်းခဲ့တာတွေ့ရ ပါတယ်။ အသက်သုံးနှစ်မှနေခြောက်နှစ်အထိရှိတဲ့ K.G တန်းအပါအဝင် ခြောက်နှစ်သင်ရတဲ့ မူလတန်း၊ သုံးနှစ်သင်ရတဲ့ Junior High Schools တို့ကို စနစ်သစ်ပညာရေးအဖြစ် အကောင်အထည် ဖော်ပြီးတော့မှ ၂၀၀၂ ခုနှစ်မှာ အပြီးအစီးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ရည်ရွယ်ချက်အနေနဲ့တော့ အာဟာရစွမ်းရည်ပြည့်ဝတဲ့ ကလေးများမှာ ကိုယ်စွမ်းရည်၊ အတွေးအခေါ် စွမ်းရည်မြင့်မားတဲ့ ပညာဉာဏ်ရည်တို့ဖြင့် ပြဿနာများ၊ ပုစ္ဆာများ၊ အခက်အခဲများကို ကိုယ်တိုင်ဖြေရှင်းနိုင်ရန် စွမ်းရည် မြင့်မားရေးအတွက် ဖြစ်ပါတယ်။ ထိုအခြေခံစနစ်များသည် အထက်တန်း၊ သိပ္ပံကျောင်း၊ ကောလိပ် ကျောင်း၊ တက္ကသိုလ်အသီးသီးသို့ တက်ရောက်ကြမယ့် ကျောင်းသားများအား အရည်အသွေးပြည့်ဝ စေမယ့် အစီအစဉ်ဖြစ်ပါတယ်။ ထိုသူများဟာလည်း အရည်အချင်းရှိတဲ့ နိုင်ငံ့အင်အားများ ဖြစ်လာကြမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီး ခင်ဗျား။ မြန်မာနိုင်ငံလူဦးရေရဲ့ နှစ်ဆကျော်ရှိတဲ့ ဂျပန်နိုင်ငံမှာ လူဦးရေ ၁၂၇ သန်း ရှိတဲ့အထဲမှာ Fiscal Year 2001 အရ ဒီစက်မှုကောလိပ်၊ Junior College၊ တက္ကသိုလ်၊ Special Training Schools ၊ Vocational School ဆိုပြီးတော့မှ အားလုံးစုစုပေါင်း ကျောင်းသားပေါင်း လေးသန်းကျော် တက်ရောက်နေတာ တွေ့ရပြီးတော့ ကောလိပ်၊ တက္ကသိုလ်ကျောင်းများမှာ စုစုပေါင်း ကျောင်းပေါင်း ၆၉၅၁ ကျောင်းရှိတာ တွေ့ရပါတယ်။ University Only တက္ကသိုလ်သီးသန့် ၆၆၉ ကျောင်း

ပါဝင်ပါတယ်။ ထို ၆၆၉ ကျောင်း မှာ Private University က ၄၉၆ ကျောင်းဖြစ်ပါတယ်။ ထိုတက္ကသိုလ် ၆၆၉ ကျောင်းမှာ Full Time Teachers အချိန်ပြည့် ဆရာဆရာမတွေ အရေအတွက် က ၁၅၂၀၀၀ ကျော်ဖြစ်ပြီးတော့ ထိုဆရာ များထဲမှာ ပုဂ္ဂလိကကျောင်းဆရာ ၈၀၀၀၀ ကျော်ရှိပြီး နိုင်ငံပိုင်တက္ကသိုလ် ၁၆၅ ကျောင်းရဲ့ ဆရာပေါင်းဟာ ၇၀၀၀၀ ကျော်ရှိတာ တွေ့ရှိရပါတယ်။ နိုင်ငံပိုင်တက္ကသိုလ်များမှာ ပုဂ္ဂလိကကျောင်းများထက် ပိုပြီးတော့မှ ဆရာအင်အားသုံးထားတာကို တွေ့ရပါတယ်။ ဒါဟာတော့ ကျွန်တော်တို့ လေ့လာမှတ်သားဖို့လိုလိမ့်မယ်လို့ထင်ပါတယ်။ နိုင်ငံတကာ ကျောင်းတွေမှာ ကျက်မှတ်ဖြေဆိုတာ မတွေ့ရပါဘူး။ အနီးစပ်ဆုံး ကျွန်တော်ကိုယ်တိုင် လေ့လာခဲ့ ဘူးတဲ့ ထိုင်းနိုင်ငံတက္ကသိုလ်များမှာပင် စာမေးပွဲစနစ်များ ကွာခြားတာကိုတွေ့ရပါတယ်။ ဒီမြန်မာ အများဆုံး တက်ရောက်နေတဲ့ ဂျပန်နိုင်ငံ အာရှပစိဖိတ် University မှာဆိုရင် Assignment, Mid.Term Test, Work- Shop, Report , Presentation, Seminars , Activities နောက်ဆုံးမှာ Exam ပါပါတယ်စသဖြင့် အကဲဖြတ်အမှတ်ပေးစနစ်များဖြင့် ကျင့်သုံးကြတာတွေ့ရပါတယ်။ ဒီ Final Exam ဆိုတဲ့ စာမေးပွဲကြီးနဲ့ ပြီးဆုံးတာမျိုး၊ ဆုံးဖြတ်တာမျိုး မရှိပါဘူး။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံမှာ တချို့ဘာသာတွဲတွေကို မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့်သင်ကြားတဲ့ dual Language System အခုထက်ထိ ရှိနေပါတယ်။ အဲဒါကိုပိုပြီးတော့ အရှိန်မြှင့်သင့်ပါတယ်လို့ကျွန်တော်သုံးသပ်လိုပါတယ်။ နိုင်ငံသုံးဘာသာနဲ့ အင်္ဂလိပ်ဘာသာနှစ် ဘာသာသင် နိုင်ငံတကာတက္ကသိုလ်တွေမှာဆိုရင် ပထမနှစ်မှာ ဒေသရင်းနိုင်ငံသားများအတွက် အင်္ဂလိပ်ဘာသာ၊ အင်္ဂလိပ်စကားပြော နိုင်ငံခြားသားများအတွက် ထိုဒေသနိုင်ငံသုံးဘာသာကို တတ်ကျွမ်းတတ်မြောက်အောင် သင်ယူစေပါတယ်။ နှစ်ဘာသာစလုံး မတတ်တဲ့ သူတွေကတော့ နှစ်ဘာသာလုံးကို Language အဖြစ် First Year မှာသင်ယူနေကြရတာ ဖြစ်ပါတယ်။

ဘွဲ့ယူတဲ့အချိန်မှာ ဘာသာစကားနှစ်ခုဖြင့် ဘွဲ့ရခြင်းအပြင် dual Language အဖြစ် အသိအမှတ်ပြုပေးတာကို တွေ့ရပါတယ်။ ဂျပန်နိုင်ငံမှာတက်ရောက်တဲ့ မြန်မာကျောင်းသားတွေဟာ ဒေသစကားရော၊ အင်္ဂလိပ်ဘာသာစကားပါ ကျွမ်းကျင်အောင်သင်ယူပြီး နှစ်ဘာသာဖြင့် ဘွဲ့ယူကြရ ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာသင်ကြားတဲ့ နှစ်ဘာသာအပြင် တက္ကသိုလ်ဘာသာရပ်များဖြင့် ဘွဲ့ရကြသူ များဟာ ဒုတိယဘာသာစကားဖြစ်တဲ့ အင်္ဂလိပ်ဘာသာစကား အားနည်းနေတာကို တွေ့ရပါတယ်။ နိုင်ငံတကာမှ မြန်မာနိုင်ငံသို့ပညာသင်ဆုများ ခေါ်ယူနေသည်မှာအများအပြား ရှိပါသော်လည်း အခြေခံအင်္ဂလိပ်စာအဆင့်မမီ၍ ပညာသင်ဆုများ ဆုံးရှုံးနေရတာကိုလည်း တွေ့ရပါတယ်။ ဥပမာ- ဂျပန်နိုင်ငံက မြန်မာနိုင်ငံကို နှစ်စဥ်ခေါ်ယူနေတဲ့ အလယ်တန်းဆရာ/ဆရာမများကို ခေါ်ယူတဲ့ young

Teachers Program တစ်ခုဟာ နှစ်စဉ်အရေအတွက် ၃၀ ခေါ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်က ရှစ်ယောက်ပဲ ရပါတယ်။ ဒါဟာဘာကြောင့်လည်းဆိုတော့ ကျွန်တော်တို့ စုံစမ်းကြည့်တဲ့အခါမှာ အင်္ဂလိပ်စာ အရည်အချင်းမမီတဲ့အတွက် သူတို့လက်ချာလိုက်ရမှာ အင်္ဂလိပ်လိုလိုက်ရမှာဖြစ်တဲ့အတွက် အင်္ဂလိပ်စာ အရည်အသွေးခင်ဗျားတို့ နိုင်ငံမှာနိမ့်နေပါတယ်လို့ပြောတဲ့အတွက် ကျွန်တော် မခံချင်အောင်လည်း ဖြစ်ခဲ့ရပါတယ်။ အဲဒီအတွက် ဒီအင်္ဂလိပ်စာအရည်အချင်းရှိအောင် အဲဒီဆရာ/ဆရာမများကို ခြောက်လလောက်အချိန်ပေးပြီးတော့ သင်ပေးနိုင်ရင်ကော မရနိုင်ဘူးလားဆိုတဲ့ ကျွန်တော်တို့ ဒါလေးကို ပညာရေးဌာနကို သိစေချင်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ မြန်မာပြည်ရဲ့ လက်ရှိတက္ကသိုလ်ကျောင်းများဟာ မြို့ပြနဲ့အလှမ်းကွာဝေးနေတဲ့ ဆင်ခြေဖုံးဒေသများမှာရှိသဖြင့် ကျောင်းသားများရဲ့ နေ့စဉ်လမ်းမပေါ်မှာ အချိန်ကုန်နေမှုများ များပြားနေတာတွေ့ရပါတယ်။ ကျောင်းစာသင်ခန်းကို မဝင်ဘဲရှိနေတဲ့ ကျောင်းသားများကို ထိန်းချုပ်နိုင်မှုကလည်း အားနည်းနေတာကို တွေ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ Hostel Life ဆိုတဲ့ တက္ကသိုလ်ပညာရေးဟာ ပျောက်ဆုံးနေတဲ့ အရာတစ်ခုဖြစ်တာကိုလည်း တွေ့ရပါတယ်။ အဝေးသင်ပညာရေးမှာ အနီးကပ် သင်ယူခွင့် ကာလဟာ ကျောင်းသားများအတွက် ရက်ပိုင်းလောက်သာ သင်ယူခွင့်ရရှိတဲ့အတွက် ကျန်ကာလများမှာ သင်ခန်းစာများကို လေ့ကျင့်ခန်းများ ဒီ Assignment များကို လူစားထိုးပြီးတော့မှ ဖြေဆိုနေတာနဲ့ပဲ ပြီးဆုံးနေကြတာကို တွေ့ရပါတယ်။ အဝေးသင်ပညာရေးစနစ်ဟာ ပညာရေးစွမ်းရည်နိမ့်ကျနေတာကို တွေ့ရပါတယ်။ မြန်မာတက္ကသိုလ်နောက်ဆုံးနှစ်တက်ရောက်နေတဲ့ အဝေးသင်ကျောင်းသားများကို ဂျပန်တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ သင်္ချာ၊ သိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ တို့ကို ဝင်ရောက်ဖြေဆိုခိုင်းတဲ့အခါမှာ ကောင်းစွာဖြေဆိုနိုင်သူ အလွန်နည်းနေကြောင်းတွေ့ရပြီးတော့ စကောလားရှစ်ဆုံးရှုံးနေတာကို တွေ့ရပါတယ်။ နှစ်စဉ် နိုင်ငံတော်အစိုးရမှ ပညာရေးစနစ်များ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နေပြီဆိုလျှင် အလွန်ဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။ ပညာရေးမြှင့်တင်ရေးကော်မတီတို့မှ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်မှာလည်း ဖွဲ့စည်းပေးနိုင်ခဲ့တာ အလွန်ကျေနပ်ဖွယ် ဖြစ်ပါတယ်။ သို့သော် မိမိနိုင်ငံရဲ့ပညာရေးကို အားမရသောသူများမှာ မိမိတို့သား၊ သမီးများကို နိုင်ငံခြားငွေအမြောက်အမြား အကုန်အကျခံပြီး နိုင်ငံတကာကျောင်းများသို့ စေလွှတ်နေသည်များကို လျှော့ကျလာစေနိုင်မယ့် ကမ္ဘာ့နိုင်ငံများနဲ့ အဆင့်တူပညာရေးကို မြန်မာပြည်မှာ လက်တွေ့ကျင့်သုံးဖော်ဆောင်စေရန်အတွက် လိုအပ်ပါတယ်။ အဲဒီအတွက် ဦးရွှေမောင် တင်သွင်းသွားတဲ့အဆိုကို ကျွန်တော် ထောက်ခံကြောင်း တင်ပြလိုပါတယ်။(ဩဘာသံများ)

## ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၊ ဘူးသီးတောင်မဲဆန္ဒနယ်၏ အဆိုကိုသက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေး ဖို့ဖြစ်ပါတယ်။

**ဒေါက်တာမြအေး(ပြည်ထောင်စုဝန်ကြီး၊ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ပညာရေးဝန်ကြီး ဒေါက်တာမြအေးအနေနဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရွှေမောင်၏ ပညာရေးကဏ္ဍဆိုင်ရာအဆိုတင်သွင်းမှုကို ကျွန်တော့်အနေနဲ့ ပြန်လည် ဖြေကြားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာရေးဝန်ကြီး ဌာနအနေနဲ့ Text ထဲမှထုတ်ပေးသည့်မှတ်စုကိုသာ အလွတ်ကျက်မှတ်သည့်စနစ်ဖြစ်သည့် ဆရာ ဗဟိုပြုသင်ကြားနည်း Teacher Centred Approach ကနေပြီးတော့ ဆရာသင်ကြားသည့် အချက်အလက်အကြောင်းအရာမှတ်စုသက်သက်ကိုသာ ကျက်မှတ်ခြင်းမပြုတော့ဘဲ ဆရာ/ဆရာမ၏ သင်ကြားပို့ချမှုကို အခြေခံ၍တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေသော သင်ကြားရေးစနစ်ဖြစ်သည့် Conceptual Teaching စနစ်ဖြင့် ပြုပြင်ပြောင်းလဲသင်ကြားခြင်းကို အခြေခံပညာကျောင်းများနဲ့ အဆင့်မြင့်ပညာတက္ကသိုလ်များတွင် စနစ်တကျစတင်ဆောင်ရွက်လျက် ရှိနေပြီဖြစ်ပါသည်။ ထိုသို့ ဆရာဗဟိုပြုသင်ကြားနည်း Teacher Centred Approach မှ Conceptual Teaching စနစ် ဖြစ်သည့် Students Centred Approach သို့ပြောင်းလဲ၍ သင်ကြား၊ သင်ယူလေ့ကျင့်စေခြင်း လုပ်ငန်းကို အောက်ပါရည်ရွယ်ချက်များထားရှိ၍ စနစ်တကျ ဆောင်ရွက်နေခြင်း ဖြစ်ပါသည် -

(က) တက္ကသိုလ်ဝန်းကျင်ရှိ ပညာရှင်များနှင့်တက္ကသိုလ်ကလေ့ကျင့်ပေးသော လူ့စွမ်းအား အရင်းအမြစ်များ၏ တွေးခေါ်မြော်မြင်မှုနှင့် ဆန်းသစ်တီထွင်နိုင်စွမ်း အရည်အသွေး မြင့်မားလာစေရန်၊

(ခ) ဘက်စုံအတွေးအခေါ်ရင့်သန်မှု ဖြစ်ထွန်းတိုးတက်လာစေရန်၊

(ဂ) သင်ယူခဲ့သောဘာသာရပ်ကို လက်တွေ့ဘဝတွင် ဆက်စပ်အသုံးချနိုင်စွမ်းအားမြင့်မား လာစေရန်တို့ဖြစ်ပါတယ်။

ထို့အပြင် နိုင်ငံတော်၏ ပညာရေးဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၈(ဃ)တွင် ဘက်စုံအတွေးအခေါ် အယူအဆမှန်ကန်၍ အကျင့်စာရိတ္တကောင်းမွန်ပြီး နိုင်ငံတော်တည်ဆောက်ရေးအတွက် အကျိုးပြုမည့် ခေတ်မီ ပညာရေး

စနစ်ဖော်ဆောင်ရမည်ဟုလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၃ တွင် နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်ဟု ဖော်ပြထားပါတယ်။ ထိုပြဋ္ဌာန်းချက်များသည် ယနေ့ ကမ္ဘာ့ပညာရေးလမ်းကြောင်းမှ ချီတက်နေသော တွေးခေါ်မြော်မြင်မှုရှင်သန်စေသော ပညာရေး လမ်းကြောင်းနှင့် တစ်ထပ်တည်းကျနေပါသည်။ ပညာရေးဝန်ကြီးဌာနသည် တွေးခေါ်မြော်မြင်မှု ရှင်သန်စေသော ပညာရေးစနစ်ကို စနစ်တကျအဆင့်ဆင့်ဆောင်ရွက်ရန်အတွက် တက္ကသိုလ်နှင့်ဒီဂရီ ကောလိပ်များတွင် လက်ရှိသင်ကြားလျက်ရှိသည့် ဘာသာရပ်၊ Moduleများကို တွေးခေါ်မြော်မြင်မှု ရှင်သန်စေသောသင်ကြားသင်ယူမှု Conceptual Teaching/Learning နည်းဖြင့် သင်ကြားမည့် အစီအစဉ်စာတမ်းကို တက္ကသိုလ်များအားလုံးမှ စီမံခန့်ခွဲရေးဆိုင်ရာတာဝန်ရှိသူများ၊ ပညာရပ်ဆိုင်ရာ ပါမောက္ခများ ပါဝင်လျက် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၊ ရေဆင်း၊ နေပြည်တော်တွင် ၂၀၁၁ခုနှစ်၊ဧပြီလ ၂၃ ရက်မှ ၂၅ ရက်နေ့အထိကျင်းပပြုလုပ်ခဲ့သော ၂၀၁၁ခုနှစ်၊ အမျိုးသားပညာရည်မြင့်မားရေး(အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ၌ ကျေလည်စွာညှိနှိုင်း ဆွေးနွေး၍ အောက်ဖော်ပြပါရှေးလုပ်ငန်းစဉ်များ ချမှတ်ခဲ့ပါတယ် -

(က) သင်ရိုးညွှန်းတမ်းနှင့်သင်ရိုးမာတိကာများအား Conceptual Teaching/ Learning ဖြင့်သင်ကြားသင်ယူရန်အတွက် Board of Studies များက စီမံမွမ်းမံရန်၊

(ခ) ဗဟိုအဆင့်မွမ်းမံသင်တန်းများ ဖွင့်လှစ်ရန်၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီး တွင် ဆင့်ပွားမွမ်းမံသင်တန်းများဖွင့်လှစ်ရန်၊

(ဂ) ကျောင်းသား/ကျောင်းသူများအား Assignment များ ရေးသားတင်သွင်းစေရန် ပညာရေးဝန်ကြီး ဒေါက်တာချမ်းငြိမ်းလက်ထက်ကစပြီးတော့ အကောင်အထည်ဖော်ခဲ့ ပါတယ်။ Assignment တွေစနေပါတယ်၊

(ဃ) စာမေးပွဲ Tutorial /Pratical များတွင် Text ပါအချက်များနှင့်ဆက်စပ်သော ဉာဏ်စမ်းမေးခွန်းများပါဝင်စေရန် ယခုစာမေးပွဲမတိုင်ခင်မှာမေးနေပါတယ်။

(င) ကျောင်းသား/ကျောင်းသူများအား Presentation/ Seminar ဖတ်ကြားမှုများကို Module တိုင်းအတွက် ဆောင်ရွက်စေရန်၊

ညှိနှိုင်းရရှိသည့် ရှေ့လုပ်ငန်းစဉ်များကိုတက္ကသိုလ်များတွင် တစ်ပြေးညီစနစ်တကျ ဆောင်ရွက် နိုင်ရန် ဗဟိုအဆင့်အလုပ်ရုံဆွေးနွေးပွဲကို ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ်တွင်လည်းကောင်း၊ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲများကိုတက္ကသိုလ်အသီးသီးတွင်လည်းကောင်း၊ ဘာသာရပ်ဌာနအသီးသီး

တွင်လည်းကောင်းကျင်းပ၍ ဘာသာရပ်အလိုက်ဆောင်ရွက်မည့်အစီအစဉ်များကို ညှိနှိုင်းဆောင်ရွက်နေပြီဖြစ်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ညှိနှိုင်းပြုပြင်ဆောင်ရွက်ရာတွင် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများနှင့်ပတ်သက်၍ သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများသည် အချက်အလက် Data Facts သက်သက်ကိုသာ ပေးနိုင်စွမ်းရှိသည့် သင်ရိုးညွှန်းတမ်းအစားအချက်အလက်ကို အခြေခံ၍ တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေသည့် သင်ရိုးညွှန်းတမ်းမျိုးဖြစ်ရန်၊ ထို့အတူ ဆရာကသင်ပေးသမျှ ရှင်းပေးသမျှကို နားထောင်စေမည့်အစား ကျောင်းသား/ကျောင်းသူကိုယ်တိုင် ပါဝင်ဆွေးနွေးမှု Students Centred Approach များပါဝင်ရန် ဆွေးနွေးချိန်တွင် ဆရာ/ဆရာမများက လမ်းညွှန်ပေးရန်၊ သင်ပေးသမျှ အချက်အလက်များကို ယခင်သင်ယူခဲ့သောအကြောင်းအရာနှင့် ဆက်စပ်ပေး၍ ကောက်ချက်တစ်ခု ရအောင်ဆွဲနိုင်စွမ်းရှိရန် စီစဉ်ထားသော သင်ရိုးညွှန်းတမ်းဖြစ်ရန် ပြုပြင်ဆောင်ရွက်လျက် ရှိပါတယ်။ ကျောင်းသားဗဟိုပြုသင်ကြားနည်း Students Centred Approach Learning နှင့်ပတ်သက်၍ ကျောင်းသားဗဟိုပြုသင်ကြားနည်းသည် ဆရာက ရှင်းပြခြင်းနှင့် ကျောင်းသား/ကျောင်းသူများ ပါဝင်ဆွေးနွေးချက်အပေါ် ဆရာကတည့်မတ်ပေးခြင်း၊ ဖြေရှင်းပေးခြင်းနဲ့ တွေးတတ်မြင်တတ်အောင် လမ်းညွှန်ပေးခြင်းတို့ဖြစ်ရန်၊ ဤသို့ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား/ကျောင်းသူများ ပညာရပ်အပေါ် ပါဝင်ဆွေးနွေးသဖြင့် တက်ကြွစွာသင်ကြားသင်ယူသော ပတ်ဝန်းကျင် Active Learning Societyကို ဖြစ်ပေါ်စေရန်။ ဆရာက သင်ကြားမည့် အကြောင်းအရာခေါင်းစဉ်မှ အချက်အလက်စုဆောင်းနည်း၊ သုံးသပ်နည်း၊ ကောက်ချက်ချနည်းတို့ကို လမ်းညွှန်သင်ကြားပေးနိုင်သော နည်းဖြစ်ရန်။ ထိုသင်ကြားနည်းသည် ကျောင်းသား/ကျောင်းသူများ ၏သုံးသပ်တတ်မှု Analysis Skill ၊ ကောက်ချက်ချနိုင်မှု Evaluation Skill ၊ ဆက်စပ်အသုံးချတတ်မှု Synthesis Skillနှင့် တီထွင်ကြံဆမှု Creative Skill တို့ကို တိုးတက်လာစေရန်။ သို့ပါ၍ တွေးခေါ်မြော်မြင်မှုကို ရင့်သန်စေသည့် သင်ကြားသင်ယူမှုနည်းစနစ်အတွက် အသင့်တော်ဆုံး သင်ကြားနည်းဖြစ်ရန် ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ သို့ပါ၍ ရှေးရိုးစဉ်လာပညာရေးစနစ်အစား ပို၍ခေတ်မီသော ပညာရေးစနစ်တစ်ခုကို ဖော်ဆောင်ရန်အဆိုကို မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းအပ်ပါသည်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်က တက္ကသိုလ်နှင့်သိပ္ပံကျောင်းများတွင်လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ်ဖြေဆိုသည့် ရှေးရိုးစဉ်လာပညာရေးစနစ်အစား ထို့ထက်ပို၍ ခေတ်မီသော ပညာရေးစနစ်တစ်ခုကိုဖော်ဆောင်သင့်ကြောင်း အဆိုတင်သွင်းခဲ့ပါတယ်။

ဒီအဆိုနဲ့ပတ်သက်ပြီး တပ်မတော်သားကိုယ်စားလှယ်တစ်ဦးအပါအဝင် ပြည်သူ့ကိုယ်စားလှယ် စုစုပေါင်းခုနှစ်ဦးက ဆွေးနွေးခဲ့ပါတယ်။ ဒီလိုဆွေးနွေးတဲ့နေရာမှာ ပညာရေးဝန်ကြီးဌာနမှာ တာဝန် ထမ်းဆောင်ခဲ့တဲ့ ဒေါက်တာဘွဲ့ရပုဂ္ဂိုလ်တစ်ဦးလည်း ပါဝင်ခဲ့ပါတယ်။ တဖန် ပြည်ထောင်စုအဆင့် ဝန်ကြီး၊ ဒေါက်တာဘွဲ့ရဝန်ကြီးကလည်း ဒီအဆိုနဲ့ပတ်သက်ပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ဆွေးနွေးတဲ့ နေရာမှာ မူလအဆိုပြုထားတဲ့အတိုင်းပဲ လက်ရှိကျင့်သုံးနေသော သင်ကြားကျက်မှတ်ဖြေဆိုသည့် ရှေးရိုးစဥ်လာ ပညာရေးစနစ်ဒါဘယ်မှာလည်းဆိုရင် တက္ကသိုလ်နဲ့ ကောလိပ်ကျောင်းများမှာ ဆိုလို ပါတယ်။ ဒီအကြောင်းနဲ့ပတ်သက်ပြီး နောက်ဆုံးပြည်ထောင်စုအဆင့်ဝန်ကြီးက အခုအဆိုပြုထားတဲ့ အတိုင်း တက္ကသိုလ်နဲ့ ကောလိပ်များမှာ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ဆွေးနွေးတင်ပြသွား ပါတယ်။ ထိုနည်းတူစွာပဲ ကျောင်းသားဗဟိုပြုသင်ကြားနည်း Students Centred Approach SCA ကိုသော်လည်းကောင်း Conceptual Teaching/ Learning စနစ်ကိုလည်းကောင်း ကျင့်သုံးနေပြီ ဖြစ်တဲ့အတွက် သီးခြားတင်သွင်းရန် မလိုတော့တဲ့အဆိုဖြစ်ကြောင်းနဲ့ မိမိတို့ လွှတ်တော်က နားလည် လိုက်တာကတော့ ထပ်မံတင်သွင်းရန် မလိုတဲ့အဆိုဖြစ်ပြီး လက်တွေ့ဆောင်ရွက်မှုတွင် အမှန်တကယ် ဖြစ်ထွန်းအောင်မြင်အောင်ဆောင်ရွက်ရမည့်ကိစ္စတစ်ခု ဖြစ်ကြောင်းလို့ ဒီလိုနားလည်လိုက်တဲ့အတွက် လွှတ်တော်အနေနဲ့ အဆိုရှင်တင်ပြသွားတဲ့ အဆိုနဲ့ပတ်သက်ပြီးတော့ သီးခြားတင်သွင်းရန်မလိုတဲ့ အဆိုတစ်ခုဖြစ်ပြီး လက်တွေ့ဆောင်ရွက်မှုတွင် အမှန်တကယ် ဖြစ်ထွန်းအောင်မြင်အောင် ဆောင်ရွက် ရမည့်ကိစ္စတစ်ခုဖြစ်ကြောင်း လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ "နိုင်ငံတကာအဆင့်မီ အလုပ်သမား အခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး လိုအပ်သောအစီအစဥ်များ ပြုလုပ်ပေးပါရန်"အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှဦးသိန်းညွန့်က အဆိုတစ်ရပ်တင်သွင်းဖို့ ဖြစ်ပါတယ်။ဦးသိန်းညွန့်အားဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သဃ်န်းကျွန်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်

တင်သွင်းမယ့် နိုင်ငံတကာအဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်မူကြမ်း ရေးဆွဲပြုစုပြီး လိုအပ်တဲ့ အစီအစဉ်များ ပြုလုပ်ပေးပါရန် အဆိုနဲ့ပတ်သက်ပြီးတော့ ဦးစွာကျွန်တော် အမှားပြင်ဆင်ချက်တစ်ခု ဥက္ကဋ္ဌကြီးက ခွင့်ပြုပါ။ ဩဂုတ်လ ၄ ရက်နေ့နဲ့ ပြည်သူ့လွှတ်တော်ရုံးကို ကျွန်တော် ပေးပို့လိုက်တဲ့အဆိုထဲမှာ ကျွန်တော် တတိယအကြိမ် ပြည်သူ့လွှတ်တော်ဆိုပြီး ရေးထားပါတယ်။ အမှန်ကတော့ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဖြစ်ပါတယ်။ ဒီအမှားပြင်ဆင်ချက်ကို ခွင့်ပြုပါလို့ ဦးစွာ ကျွန်တော် တင်ပြချင်ပါတယ်။ နောက် ကျွန်တော် ဒီအဆိုကို ဘာကြောင့်တင်ရသလဲဆိုတဲ့ ရည်ရွယ်ချက်များကိုလည်း ကျွန်တော် လွှတ်တော်ကို ရှင်းလင်းတင်ပြပါမယ်။ ဒီအဆိုကို ကျွန်တော်တင်ရတာကတော့ ကျွန်တော်တို့ရဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ မှာ နိုင်ငံတော် ဟာ ဒီအလုပ်သမားများရဲ့အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်ဆိုတဲ့ အခြေခံဥပဒေကို အကောင်အထည်ဖော်စေချင်လို့ပါပဲ။ ဒါဟာလည်း ဘာကြောင့်လဲဆိုရင် ကျွန်တော် မကြာမီက သဃ်န်းကျွန်း မြို့နယ်မှာ စက်ရုံတစ်ခုနဲ့ပတ်သက်ပြီး ကျွန်တော် အတွေ့အကြုံ တော်တော်ရခဲ့ပါတယ်။ အဲဒါက ဘာကြောင့်လည်း၊ ဘယ်လိုလဲဆိုတော့ ကျွန်တော်တို့နိုင်ငံမှာ ၁၉၆၀ နှစ်ကနေ ၁၉၈၈ ကာလအထိ ကျွန်တော်တို့ဟာ အလုပ်သမားဘက်ကို ဦးစားပေးတဲ့မူနဲ့ကိုင်တွယ်တဲ့အခါမှာ အလုပ်သမားတွေရဲ့ အရေးဟာ ဘာဖြစ်ဖြစ် အတော်အတန်အခွင့်သာခဲ့ပါတယ်။ ဒီဘက်ပိုင်းမှာတော့ တစ်ခါ အစွန်းတစ်ခု ရောက်ပြီးတော့ ဈေးကွက်စီးပွားရေးကာလမှာ ပွင့်ပွင့်လင်းလင်းပြောရရင် သူဌေးကြီးများ၊ ပြည်တွင်း ပြည်ပ သူဌေးကြီးများအတွက်သာ အခွင့်အရေးပေးလာပြီးတော့ အလုပ်သမားတွေရဲ့ တကယ့်ဘဝကို ကုစားပေးရမယ့် အပိုင်းတွေမှာ ဟာကွက်တွေအများကြီး ရှိခဲ့ပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ အခုဒီနေ့အထိ တည်ဆဲဥပဒေဖြစ်တဲ့ ၁၉၆၄ ခုနှစ်၊ အလုပ်သမားများအခွင့်အရေးကာကွယ်တဲ့ ဥပဒေဟာ အထူးသဖြင့် ၁၉၈၈ခုနှစ်၊ နောက်ပိုင်းမှာ အိပ်ပျော်လုနီးပါး အခြေအနေရောက်နေတာကို လည်း ကျွန်တော် တွေ့ရပါတယ်။ အဲဒါကြောင့် အခုဒီမှာ ကျွန်တော်တင်ပြမယ့် အချက်တွေဟာ ၁၉၆၄ ခုနှစ်၊ အလုပ်သမားအခွင့်အရေးကာကွယ်သည့် ဥပဒေမှာပေးထားတဲ့ အခွင့်အရေးတွေ လုပ်ငန်းခွင်တည်မြဲမှု၊ တကယ့်လက်တွေ့မှာ အလုပ်သမားတွေဟာ လုပ်ငန်းခွင်တည်မြဲမှုအတွက် အင်မတန်မှ ခက်ခဲတဲ့အခြေအနေမျိုးနဲ့ ရုန်းကန်နေရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်လုပ်တဲ့အချိန်မှာ အလုပ်သမားတွေဟာ အထူးသဖြင့် ပုဂ္ဂလိကစက်ရုံမှာလည်း ဒီနိုင်ငံခြားသားများနဲ့ ဥပဒေကပေးထားတာ ဖက်စပ်လုပ်တဲ့ လုပ်ငန်း သို့မဟုတ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ခွင့်ပြုတဲ့လုပ်ငန်း အခု ကျွန်တော်တွေ့ခဲ့တဲ့စက်ရုံမှာတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနဲ့လည်း မညီညွတ်ပါဘူး။ နိုင်ငံခြားသား ထိုင်ဝမ်လုပ်ငန်းရှင်

သူဌေးကြီးများနဲ့ ဝန်ကြီးဟောင်းတစ်ယောက်ရဲ့သားတို့ နားလည်မှုယူပြီးတော့ ဖွင့်လှစ်လုပ်ကိုင်နေတဲ့ စက်ရုံပါ။ ဒီစက်ရုံရဲ့ တကယ့်အခြေအနေကို လေ့လာကြည့်တဲ့အခါမှာ အားလပ်ချိန် အင်မတန်မရှိ သလောက်ပါဘဲ။ မနက်ရှစ်နာရီကနေ ညနေလေးနာရီ ၂၀ ဆင်းရတယ်ဆိုပေမယ့် နေ့ပေါင်းတော်တော် များများမှာ အလုပ်သမားတွေဟာ မနက်ခုနှစ်နာရီကနေ ည ၁၀ နာရီအထိ အလုပ်ဆင်းနေရပါတယ်။ နာမကျန်းတဲ့အခါမှာလည်း ပါရာစီတမော့နဲ့ လိမ်းဆေးရှိရင် ပေးပြီးတော့ မရှိလို့ရှိရင်ဘာဆေးမှ မပေးတဲ့အထိ အလုပ်သမားတွေ နစ်နာရပါတယ်။ ဆေးဝါးကုသမှုနဲ့ပတ်သက်ရင် ဘာမှမကူညီတဲ့ အပြင် ခွင့်မတင်ရင်၊ ဆေးစာမပြနိုင်ရင် အလုပ်ကဖြုတ်ပြီးတော့ သူတို့ရဲ့အလုပ်လုပ်သက်ကို တစ်က ပြန်စတဲ့အထိ လက်တွေ့ကြုံခဲ့ကြရပါတယ်။ သက်သာချောင်ချိရေးလုပ်ငန်းဆိုတာတော့ လုံးဝမရှိပါ ဘူး။ တစ်လ ၇၀၀၀၀ ရတယ်။ ပုံမှန်ဆင်းရင် ၁၀၀၀၀ ထပ်ပေးတယ်။ ပေါင်း ၈၀၀၀၀ ရတဲ့ အလုပ်သမား တွေကို တစ်နေ့ ၂၀၀ ကျပ်နဲ့ဖြုတ်ပြီးတော့ ကန်စွန်းရွက်နဲ့ ထမင်းကျွေးပြီး ကျန်တဲ့ငွေဟာ သူတို့ရကြပါတယ်။ အိပ်ဆောင်တွေနဲ့ပတ်သက်ရင် သူတို့တင်ပြချက်အရရော ကျွန်တော့်လေ့လာချက် အရရောဆိုရင် တော်တော်ကို ကြေကွဲစရာမျိုး တွေ့ရပါတယ်။ အမျိုးသမီးအလုပ်သမားတွေ အထူးသဖြင့် နယ်ကလာတဲ့ အမျိုးသမီးအလုပ်သမားတွေဟာ သုံးပေပတ်ဝန်းကျင်သာ နေရာရပြီး တော့ သူတို့အိပ်တဲ့အောက်မှာ ရေဆိုးမြောင်းတွေ၊ အိမ်သာအနံ့အသက်တွေပေါ်မှာ အိပ်ရတဲ့အထိ ပါပဲ။ အဲဒီတော့ ကျွန်တော်ကတော့ အဲဒီစက်ရုံရောက်တဲ့အခါမှာ ၁၈ ရာစုက ဒေးဗစ်ကော့ပါဖီးလ် ဝတ္ထုကို ပြန်လည် အမှတ်ရတဲ့အထိ ဖြစ်ရပါတယ်။ အဲဒီတော့ အဆိုးဆုံးနဲ့ ကျွန်တော့်ရင်ထဲမှာ အထိ ခိုက်ဆုံးကတော့ မြန်မာအလုပ်သမားတွေ ကိုယ့်တိုင်းရင်းသား ဧရာဝတီတိုင်းက ငပုတောကအစ၊ အထက်မင်းလှကအစ၊ သံတွဲကအစ ရောက်လာတဲ့ အလုပ်သမားတွေဟာ နာဂစ်မုန်တိုင်းကာလမှာ ဆိုရင် မုန်တိုင်းက လာတော့မယ်ဆိုတာ ကြေညာထားပေမယ့် အလုပ်သမားတွေကို ည ၁၀ နာရီ၊ မိနစ် ၂၀ အထိ နိုင်ငံခြားသားအလုပ်ရှင်တွေက စေခိုင်းခဲ့ပါတယ်။ ဒီကြားထဲက မုန်တိုင်းကြားကပြန်ပြီး နောက်နေ့ ပြန်မလာနိုင်တဲ့အခါမှာ အဲဒီအလုပ်သမားတွေရဲ့လစာကို ဖြတ်တောက်တဲ့အထိ အခြေ အနေများ ရင်ဆိုင်နေရပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ၁၉၆၄ ခုနှစ်၊ အလုပ်သမား အခွင့်အရေး ကာကွယ်တဲ့ တည်ဆဲဥပဒေကို ပြန်လည်အသက်သွင်းပြီးတော့ ဆောင်ရွက်ပေးဖို့ စဉ်းစားတဲ့အခါမှာ အခုအခြေအနေနဲ့ ကိုက်ညီတဲ့အချက်များကို ပြင်ဆင်သင့်လျှင် ပြင်ဆင်၊ လိုအပ်လို့ရှိလျှင် အသစ်ဆွဲဖို့ လိုပါတယ်။ အထူးသဖြင့် အခု အမျိုးသားလွှတ်တော်က ပေးပို့ထားတဲ့ အလုပ်သမားအဖွဲ့အစည်း ဥပဒေကြမ်းကို လေ့လာကြည့်တဲ့အခါမှာ ၁၉၆၄ ခုနှစ်၊ ပြည်သူ့အလုပ်သမား အခွင့်အရေးကာကွယ်တဲ့ ဥပဒေပုဒ်မ ၄ ရှင်းလင်းချက်မှာပါတဲ့ ပုဂ္ဂလိက လုပ်ငန်းတွေမှာ အလုပ်သမားအဖွဲ့အစည်းတွေ

ဖွဲ့နိုင်ဖို့ဆိုရင်လည်း ဒီဥပဒေတွေ ပြန်ပြင်ပေးဖို့ လိုအပ်လာတာ ရှိပါတယ်။ ဒါကြောင့် အခု ကျွန်တော် တင်ရတဲ့အဆိုကို တင်တဲ့အခါမှာ ၁၉၆၄ ခုနှစ်၊ အလုပ်သမားအခွင့်အရေး ကာကွယ်သည့်ဥပဒေနှင့် မကြာခင် ကျွန်တော်တို့ လွှတ်တော်မှာ ဆွေးနွေးကြမယ့် အလုပ်သမား အဖွဲ့အစည်းများဥပဒေကြမ်းကို အချိတ်အဆက်ပြုနိုင်ဖို့ ကျွန်တော် ဦးတည်ပြီးတော့ ရည်ရွယ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအတိုင်း ကျွန်တော်တို့ မပြုပြင်ဘဲနေရင် အလုပ်သမားတွေပြောတဲ့ အချက်တစ်ချက်ကလည်း ကျွန်တော် တော်တော် တုန်လှုပ်သွားပါတယ်။ သူတို့ဟာ အလုပ်သမားအခွင့်အရေးအတွက် တင်ပြရမှာ သူတို့ကြောက်နေတယ်။ ဘာကြောင့်လဲ ဆိုတော့ အဲဒီလို တင်ပြတဲ့အခါမှာ ဒီအလုပ်ရှင်က သတင်းပေးလိုက်ရင် သက်ဆိုင်ရာရဲစခန်း အာဏာပိုင်က လာရောက်ဖမ်းသွားတဲ့ အန္တရာယ်တစ်ခု။ နောက်တစ်ခုက သူတို့ကနေ အခွင့်အရေး အရေးဆိုတဲ့ အခါတိုင်းသက်ဆိုင်ရာအလုပ်သမားအရာရှိတွေ၊ မြို့နယ်မဝတအလုပ်သမား ကြီးကြပ်ရေး ဥက္ကဋ္ဌတို့ သူတို့က စက်ရုံကို ရောက်လာတယ်။ အလုပ်သမားအခွင့်အရေးအတွက် အလုပ်သမားနဲ့ မဆွေးနွေးဘဲနဲ့ အလုပ်ရှင်နဲ့ ဆွေးနွေးပြီးတော့ ငွေထုပ်ကြီးပိုက်ပြီး ပြန်သွားခဲ့တာကို အလုပ်သမား တွေက ကြုံရတော့ ထောင်ထဲလည်း မသွားချင်ဘူး။ အလုပ်သမားအရာရှိတွေနဲ့ အလုပ်သမား ကြီးကြပ်သူတွေကို သူဌေးဖြစ်အောင်လည်း မလုပ်ပေးနိုင်တဲ့အတွက် သူတို့ရဲ့နစ်နာမှု တွေကို ဘဝကို အင်မတန် ဆိုးဆိုးရွားရွားဖြတ်သန်းရင်းနဲ့ သူတို့ရင်ဆိုင်နေရတဲ့ အကြောင်းတွေကို ပြောပြခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်ဒီအဆိုမှာ ဖော်ပြထားတဲ့ အချက်အလက်များအတိုင်းပေါ့ ကျွန်တော်တင်ပြချင်တဲ့ အချက် ကတော့ အခုဖြစ်နေတဲ့အလုပ်ရှင်နဲ့ အလုပ်သမားပြဿနာတွေ နောင် အလုပ်သမား အစည်းအရုံး ပေါ်တဲ့အခါမှာ ပေါ်ပေါက်လာမယ့် ပြဿနာတွေကို ဖြေရှင်းဖို့ဆိုရင် ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၂၄ မှာ ပြဋ္ဌာန်းထားတဲ့အတိုင်း အလုပ်သမားအခွင့်အရေး တွေကို ကာကွယ်စောင့်ရှောက်ဖို့ လိုအပ်တဲ့ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မယ့်အချက်နဲ့အညီ လာမယ့် ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ နိုင်ငံတကာအဆင့်မီတဲ့ အလုပ်သမား ဥပဒေကြမ်း တစ်ရပ်ပေါ်ပေါက် နိုင်ရေးအတွက် မူကြမ်းရေးဆွဲပြီးတော့ အစည်းအဝေးကို တင်ပြ ဆွေးနွေးနိုင်ဖို့လိုအပ်တဲ့ အစီအစဉ်များ ပြုလုပ်ပေးပါရန်ဆိုတဲ့အဆိုကို ကျွန်တော် အခုအထက်ပါ အကြောင်းပြချက်များနဲ့ တင်ပြအပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံမယ့်သူအား ဖိတ်ခေါ်ပါတယ်။

**ဦးအောင်သိန်း(ရွှာငံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်၊ ရွှာငံမဲဆန္ဒနယ်မှ

ဦးအောင်သိန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်သွင်းထားတဲ့ နိုင်ငံတကာအဆင့်မီ အလုပ်သမားများအခွင့်အရေးဆိုင်ရာ ဥပဒေသစ်တစ်ရပ် မူကြမ်းရေးဆွဲပြုစုပြီး လိုအပ်သော အစီအစဉ်များ ပြုလုပ်ပေးပါရန်ဆိုတဲ့အဆိုကို လွှတ်တော်မှာ ဆွေးနွေးရန်အတွက် ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

## အဆိုနှင့် စပ်လျဉ်း၍ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုကို မနက်ဖြန်မှာ ဆွေးနွေးပါမယ်။ ဒါကြောင့် ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဒီနေ့ ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဦးသိန်းညွန့်၊ သဃ်န်းကျွန်း မဲဆန္ဒနယ်၏ ''သတင်းမီဒီယာများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် စသည့် အခွင့်အရေးများကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးရန်'' အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က အဆိုတစ်ခု ထပ်မံတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်သောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အခု ကျွန်တော် ထပ်မံတင်သွင်းမယ့်အဆိုကတော့ သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်စသည့် အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးသည့် ဥပဒေတစ်ရပ် ပြဋ္ဌာန်းပေးပါရန်ဆိုတဲ့အဆို ဖြစ်ပါတယ်။ ကျွန်တော် ဒီအဆိုကို တင်သွင်းရတဲ့ရည်ရွယ်ချက်ကတော့ ဘယ်အပေါ်မှာအခြေခံလဲဆိုရင် ၃၀-၃-၂၀၁၁ နိုင်ငံတော်သမ္မတကြီးရဲ့ နိုင်ငံတော်မူဝါဒမိန့်ခွန်းမှာပါတဲ့ စတုတ္ထမဏ္ဍိုင်နဲ့ပတ်သက်တဲ့အချက်ကို အခြေခံပါတယ်။ သမ္မတကြီးတင်ပြတဲ့မူဝါဒကို ကျွန်တော် ပြန်လည်ဖတ်ပြပါရစေ။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာသမားများနဲ့ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ ခေတ်နဲ့မလျော်ညီတဲ့စာပေ၊ စာနယ်ဇင်းဆိုင်ရာဥပဒေအချို့ကို ပြင်ဆင်ပြဋ္ဌာန်းခြင်းဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဒီအချက်ကို လက်တွေ့အသက်ဝင်စေချင်လို့ ဒီအဆိုကို

တင်ရခြင်းဖြစ်ပါတယ်။ နောက်ဒီအဆိုကို ဒုတိယတင်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ရန်ကုန်တိုင်းဒေသကြီး၊ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ၂၄-၆-၂၀၁၁ ရက်နေ့တွေ့တဲ့အခါမှာ ဥက္ကဋ္ဌကြီးရဲ့ ပြောကြားချက်အပိုဒ်ကိုလည်း ကောက်နှုတ်ဖော်ပြပါရစေ။ သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များကလည်း စတုတ္ထမဏ္ဍိုင်နေရာမှာရှိနေခြင်းကြောင့် မိမိတို့၏ ဆောင်ရွက်နေမှုများကို ဆွေးနွေးစဉ်းစားသုံးသပ်နိုင်စွမ်းရှိသည့် ဩဇာရှိသူများ ဖြစ်တဲ့အတွက်ဆိုတာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ဖော်ပြခဲ့ပါတယ်။ အဲဒီတော့ ဩဇာရှိတဲ့ပုဂ္ဂိုလ်တွေကို ကာကွယ်ပေးနိုင်ဖို့အတွက် ကျွန်တော် ဒီအဆိုကိုတင်ရခြင်း ဖြစ်ပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့အချိန်မှာ ဘာပဲဖြစ်ဖြစ်ပေါ့ ကျွန်တော်တို့ သတင်းမီဒီယာတွေဟာ တော်တော်များများဟာ စာပေစိစစ်ရေးရဲ့ စိစစ်မှုအောက်က ဖြတ်သန်းနေရပါတယ်။ အဲဒီလို စာပေစိစစ်ရေးအောက်မှာ ဖြတ်သန်းနေရတဲ့အတွက် စာပေရေးသားမှုဆိုင်ရာ၊ ထုတ်ဝေမှုဆိုင်ရာတွေမှာတော့ အခက်အခဲများရှိနေပါတယ်။ သို့သော် အခု ကြားသိရချက်အရဆိုရင်တော့ စနစ်သစ်မှာ တစ်စုံတစ်ရာဖြေပေးနေတဲ့၊ လျှော့ပေးနေတဲ့ အပိုင်းတွေလည်းရှိပါတယ်။ အဲဒီတော့ မကြာခင်မှာ ဒီထက်ပိုပြီး စာပေစိစစ်မှုလွတ်လပ်ခွင့်ရလာတဲ့အခါမှာ သတင်းစာအပါအဝင် မီဒီယာတွေ ခလုတ်တိုက်နိုင်တဲ့ အလားအလာကိုလည်း ကျွန်တော်မြင်မိပါတယ်။ ဒါဟာ ကျွန်တော်တို့ သတင်းစာသင်တန်းအမှတ်စဉ်(၅)ကို ၁၉၇၃/၄ လောက်က တက်တဲ့အခါမှာ သတင်းစာသင်တန်းမှာ ကျွန်တော်တို့ ဆရာသမားများက သင်ပြပေးခဲ့တဲ့ သတင်းစာသမားတွေ၊ မီဒီယာသမားတွေ ခလုတ်တိုက်နိုင်တဲ့ ဥပဒေတွေကတော့ ယနေ့ထိ တည်ဆဲဥပဒေမှာပါတဲ့ ကိုလိုနီခေတ်က ပြဋ္ဌာန်းပေမယ့် ဟောင်းပေမယ့် ကောင်းနေပါတယ်ဆိုတဲ့ ရာဇသတ်ကြီးဥပဒေ အဲဒီမှာပါတဲ့ (က)အကြည်အညို ပျက်အောင်ပြုခြင်း၊ (ခ)အခြားနိုင်ငံများကို အကြည်အညိုပျက်အောင်ပြုခြင်း၊ အမျိုးအစားသစ်တစ်ခုနဲ့တစ်ခု တစ်နည်းနည်းနဲ့ ရန်ငြိုးပြုရန် အားပေးအားမြှောက်ပြုခြင်း၊ ပြီးရင်အသရေဖျက်မှု ဒါရာဇသတ်ကြီးမှ ဟောင်းပေမယ့် ကောင်းနေတဲ့ဥပဒေပုဒ်မတွေပါ။ နောက်တစ်ခုကတော့ ကျွန်တော် ဒီလွှတ်တော်မှာ အရေးနိမ့်ခဲ့တဲ့ တရားရုံးများ မထီမဲ့မြင်ပြုမှုအက်ဥပဒေ၊ နောက်တစ်ခုကတော့ ၁၉၆၂ ခုနှစ် ပုံနှိပ်သူများနဲ့ ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ၊ နောက်တစ်ခုကတော့ စာမူပိုင်ခွင့်ဥပဒေ၊ နောက်တစ်ခုကတော့ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ၊ နောက်တစ်ခုကတော့ ကျွန်တော် မကြာခင်ကမှ ဒီလွှတ်တော်မှာအရေးနိမ့်ခဲ့တဲ့ ၁၉၅၀ ပြည့်နှစ် အရေးပေါ်စီမံမှုအက်ဥပဒေတို့ ဖြစ်ပါတယ်။ ဒါတွေဟာ သတင်းမီဒီယာသမားတွေကို အချိန်မရွေး ဒီသတင်းရေးနေရတဲ့ဘဝကနေ အခြားနေရာကို ရောက်သွားနိုင်တဲ့ဥပဒေတွေ ဖြစ်ပါတယ်။ နောက်ဆုံးပေါ့ သတင်းမီဒီယာသမားတွေကို ထပ်ပြီးတော့ အန္တရာယ်ပေးနိုင်တဲ့ပုဒ်မကတော့

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥပဒေအမှတ် ၅/၂၀၀၄၊ အီလက်ထရောနစ် ဆက်သွယ်ရေးဥပဒေ ဒီဥပဒေတွေဟာ ကျွန်တော်တို့ သတင်းမီဒီယာသမားတွေအတွက် အင်မတန်မှ ပြန်လည်စဉ်းစားသုံးသပ်သင့်တဲ့ ဥပဒေတွေပါ ဒါကိုလည်း ကျွန်တော်ပြောတာ အခြေအနေမဲ့ အကြောင်းမဲ့ ဒီလွှတ်တော်ကြီးကို နိုင်ငံရေးစင်မြင့်အဖြစ် သုံးပြီးတော့ ပြောနေခြင်း မဟုတ်ပါဘူး။ ကျွန်တော်တို့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅ မှာ နိုင်ငံတော်သည် အသိပညာရှင်၊ အတတ်ပညာရှင် များ၏အကျိုးကို ကူညီဆောင်ရွက်ရမည်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ အလားတူပဲ နိုင်ငံသား အခွင့်အရေးများဆိုင်ရာ ပုဒ်မ ၃၅၄ မှာ နိုင်ငံသား တိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုး ရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထား သည့်ဥပဒေများကို မဆန့်ကျင်လျှင် အောက်ပါအခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲခွင့်ရှိသည်။ ဒါက ဘာလဲဆိုတော့ မိမိယုံကြည် ထင်မြင်ယူဆချက်များ၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆို ရေးသား ဖြန့်ဝေ ခွင့် ဖြစ်ပါတယ်။ ဒါတွေက အခြေခံဥပဒေက ပေးထားတာ တကယ်လည်း အကာအကွယ် ရပါတယ်။ ကျွန်တော်လွှန်ခဲ့တဲ့ ဇူလိုင်လက အားလုံးသိတဲ့အတိုင်းပဲ Hot New သတင်း ဂျာနယ်နဲ့ SSC ဆေးရုံတို့ ဖြစ်ခဲ့တဲ့အမှုမှာ ကျွန်တော်အားကိုးစရာဆိုလို့ တစ်ဖက်ရင်ဆိုင်ရမယ့် ပုဂ္ဂိုလ်တွေရဲ့ ဓနငွေကြေးကို ကြည့်ပြီးတော့ အခြေခံဥပဒေမှတစ်ပါး အားကိုးစရာမရှိဆိုတဲ့အချက်မှာ အခြေခံပြီးတော့ ကျွန်တော် ရှင်းလင်းတင်ပြခဲ့ဖူးတာကို လေ့လာသူတချို့ မှတ်မိပါမယ်။ အဲဒီတော့ အခြေခံဥပဒေကို တကယ်ကို ကျွန်တော်တို့တိုင်းပြည်မှာ ကိုးကွယ်ရာအဖြစ် သို့မဟုတ် အားထားရာ အဖြစ် ဘဝကိုကာကွယ်တဲ့ ယုံကြည်ရာလက်နက်တစ်ခုအဖြစ် ကျွန်တော်တို့ မြှင့်တင်ပေးစေချင် ပါတယ်။ ဒါတွေကို အခြေခံပြီး တော့ အခု ဒီသတင်းမီဒီသမားတွေနဲ့ ပတ်သက်တဲ့ဟာကို အခြေခံ ဥပဒေကပေးထားတဲ့ အခွင့်အရေး တွေကို ကျွန်တော်တို့ ရစေချင်ပါတယ်။ လောလောဆယ်ဆယ်မှာ ကျွန်တော်အခုဒီမှာ အားလုံးသိတဲ့ အတိုင်း ကျွန်တော်တို့ အခုအချိန်အထိ တည်ဆဲဥပဒေမှာ တောင်သူ လယ်သမားတွေအတွက်ဆိုရင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်တဲ့ဥပဒေ၊ ၁၉၆၃ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီရဲ့ ဥပဒေအမှတ်(၉) အကာအကွယ်ရှိပါတယ်။ အလုပ်သမားတွေအတွက်ဆိုရင် လည်း ၁၉၆၄ ခုနှစ် ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့်ဥပဒေ၊ ၁၉၆၄ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေ အမှတ်(၆)တို့ ရှိပါတယ်။ အဲဒီဥပဒေတွေရှိတဲ့အတွက် လယ်သမားတစ်ယောက်ကို ဒီတရားရုံးအမိန့်တစ်ခုနဲ့ တောင်သူ လယ်သမားတစ်ယောက်ကို ဖမ်းဆီးချုပ်နှောင်နိုင်ခြင်း မပြုနိုင်တဲ့အချက်များကို ဥပဒေမှာ ဖော်ပြ ပေးထားပါတယ်။ အလုပ်သမားမှာလည်း ဒီအတိုင်းပဲ အလုပ်ရှင်ကိုသာ ထောင်နှစ်နှစ်ပေးပေမယ့်

အလုပ်သမားကို ထောင်ဒဏ်မပေးဘဲနဲ့ ဒီလခတစ်လထက်မပိုတဲ့ ဒဏ်ရိုက်မှုမျိုး သက်ညှာစွာ သတ်မှတ်ထားတာကို တွေ့ရပါတယ်။

လေးစားအပ်သော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒါကြောင့် ဖူးပွင့်စ စတုတ္ထမဏ္ဍိုင်သတင်းမီဒီယာ သမားတွေကို သတင်းရေးသားတဲ့ခုံမှာသာ သူတို့မြဲမြဲမြံမြံထိုင်ရေးနိုင်ပြီးတော့ သတင်းပို့နိုင်ပြီးတော့ မရောက်သင့်တဲ့နေရာ မရောက်ဖို့အတွက်ဆိုရင် ကျွန်တော်တို့ ဒီပြည်သူ့လွှတ်တော်က စတုတ္ထမဏ္ဍိုင်ကို တကယ်နေရာပေးတယ်၊ တကယ်ကာကွယ်တယ်၊ တကယ်စတုတ္ထမဏ္ဍိုင်ကို လိုလားတယ် ဆိုတာ လက်တွေ့လုပ်နိုင်တဲ့ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့ ပြဖို့လိုပါတယ်။ အဲဒီတော့ လောလောဆယ်ဆယ် ကျွန်တော်တို့ လုပ်နိုင်တဲ့ အချက်တွေကတော့ ဒီနောက်ဆွဲမယ့်ဥပဒေတွေ၊ ဒီတည်ဆဲဥပဒေတွေ ဟောင်းပေမယ့် ကောင်းနေတဲ့ ဥပဒေတွေကို မဖျက်ရင်တောင် အဲဒီမှာ သတင်းမီဒီယာသမားတွေကို တရားစွဲမယ်ဆိုရင် အကာအကွယ်ပေးနိုင်တဲ့ ပြင်ဆင်ချက်မျိုး ထည့်ဖို့လိုပါတယ်။ သတင်းမီဒီယာ လောကမှာ ဒီနေ့လုပ်ကိုင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦး ကတော့ သူ အင်ဒိုနီးရှားမှာ လေ့လာတဲ့အခါ သတင်းမီဒီယာသမားတွေကို ဒီမိုကရေစီအသွင် ကူးပြောင်းမှုကာလ အင်ဒိုနီးရှားနိုင်ငံမှာ တရားစွဲမယ် ဆိုလို့ရှိရင် နိုင်ငံတော်သမ္မတရုံးရဲ့ ခွင့်ပြုချက်မရဘဲနဲ့ တရားစွဲခွင့် မရှိဘူးဆိုပြီးတော့ ပြဋ္ဌာန်းထားတာ ကျွန်တော့်ကို ပြောပြဖူးပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့တချို့ အရေးကြီးတဲ့ ဥပဒေတွေမှာလည်း ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ခွင့်ပြုချက်တွေ မဟုတ်ပါဘူး။ နိုင်ငံတော် သမ္မတ၏ ခွင့်ပြုချက်မရရင် တရားမစွဲရဘူးဆိုတဲ့ အချက်တွေဟာ တရားစွဲတဲ့ အချက်တွေကို လွယ်လင့်တကူမလုပ်အောင် အာဏာကို အလွယ်တကူမသုံးနိုင်အောင် ကန့်သတ်ပေးထားတဲ့ ပြဋ္ဌာန်းချက်များရှိပါတယ်။ ဒါတွေကြောင့် ကျွန်တော်တို့က စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာသမား များရဲ့ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်နိုင်တဲ့ဥပဒေများ မပြဋ္ဌာန်းနိုင်သေးတဲ့ အချိန်မှာ သူတို့အတွက် ဒီမိုကရေစီ အသွင် ကူးပြောင်းချိန်မှာ တက်တက်ကြွကြွ ပါဝင်နိုင်အောင် ကျွန်တော်တို့ အကာအကွယ်ပေးဖို့ လိုပါတယ်။ ဒါ့ကြောင့် စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာသမားများရဲ့ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ အခွင့်အရေးများ ကာကွယ်စောင့်ရှောက် ပေးတဲ့ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးပါရန် စတုတ္ထမဏ္ဍိုင် မြင့်မားရေးကို လိုလားတဲ့ နိုင်ငံတော် သမ္မတကြီးရဲ့ ရည်မှန်းချက်၊ လွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ မျှော်မှန်းချက်များကို အကောင် အထည် ဖော်နိုင်ရန် ဒီဥပဒေဟာ လိုအပ်တယ်လို့ ကျွန်တော်ထင်မြင်တဲ့အတွက် အခုလို ကျိုးကြောင်း ဖော်ပြချက်နဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို လေးလေး

စားစား၊ ယုံယုံကြည်ကြည် အားကိုးတကြီးနဲ့ ကျွန်တော် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုးကားတဲ့အချက်တွေ ကောင်းပါတယ်။ ဒါပေမယ့်လို့ လွှတ်တော်ဥက္ကဋ္ဌပြောတဲ့ဟာကို ပြန်ပြီးကိုးကားတဲ့ဟာ ထစ်နေတဲ့အတွက် နောက်တစ်ခါ ကိုးကားမယ်ဆိုရင်တော့ မထစ်အောင် ပြန်ပြီးတော့ လေ့လာဖို့လိုပါတယ်။ ဦးသိန်းညွန့်ရဲ့အဆိုကို ထောက်ခံပေးဖို့ ကိုယ်စားလှယ်အား ဖိတ်ခေါ်ပါတယ်။

**ဦးကြည်မြင့်(လသာမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လသာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကြည်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သဃၤန်းကျွန်းမဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်တင်သွင်းသွားခဲ့တဲ့အဆိုကို ထောက်ခံအပ်ပါတယ်ခင်ဗျား။(သြဘာသံများ)

## အဆိုနှင့် စပ်လျဉ်း၍ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုကို မနက်ဖြန်မှာ ဆွေးနွေးပါမယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ ယနေ့ ညနေပိုင်းမှာ စာရင်းပေးဖို့ ဖြစ်ပါတယ်။ အစည်းအဝေးဆက်လက်ကျင်းပပါမယ်။ အစည်းအဝေးဆက်လက်ကျင်းပစဉ်မှာ အပြင်အညောင်းပြေအညာပြေသွားလိုတဲ့ ကိုယ်စားလှယ်များ သွားနိုင်ကြောင်းလည်း အသိပေးကြေညာပါတယ်။

## ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်၏ " တက္ကသိုလ်ဝင်စာမေးပွဲစစ်ဆေးဖြေဆိုမှုတွင်မေးခွန်းများကို တစ်နိုင်ငံလုံး တစ်ပြေးညီကျင့်သုံးဆောင်ရွက်သင့်ပါကြောင်း " အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ ဦးစိုးစိုးက အဆိုတစ်ခု တင်သွင်းဖို့ ရှိပါတယ်။ ဦးစိုးစိုးအား ဖိတ်ခေါ် ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနဲ့ ပြည့်စုံပြီး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း

နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး ဖြစ်ပါတယ်။ ကျွန်တော် တင်သွင်းမယ့် အဆိုကတော့ တက္ကသိုလ်ဝင်စာမေးပွဲ စစ်ဆေးဖြေဆိုမှုတွင် မေးခွန်းများကို တစ်နိုင်ငံလုံးတစ်ပြေးညီ ကျင့်သုံးဆောင်ရွက်သင့်ပါကြောင်းအဆို ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအဆိုကို တင်သွင်းရခြင်း ရည်ရွယ်ချက်များကို ကျွန်တော် တင်ပြပါ့မယ်။ ယနေ့ မျက်မှောက်ခေတ်ကာလဟာ ပညာခေတ် ဖြစ်ပါတယ်။ တက္ကသိုလ်ဝင် စာမေးပွဲဟာလည်း ကျောင်းသားကျောင်းသူလူငယ်များရဲ့ ဘဝမှတ်တိုင်တစ်ခု ဖြစ်တဲ့အတွက် လူငယ် များရဲ့ ပညာရည်ထူးချွန်မှုကို တိကျစွာ ပိုင်းခြားနိုင်ရေး ရည်ရွယ်ပြီးတင်ပြရခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုနဲ့ပတ်သက်လို့ ကျွန်တော်တို့ နယ်မြေဒေသမှာ ဆောင်ရွက်တဲ့ အခြေအနေ များကို အကျဉ်းတင်ပြပါ့မယ်။ ဒီအဆိုကို တင်သွင်းဖို့အတွက် ကျွန်တော်တို့အဖွဲ့ စုပေါင်းညှိနှိုင်း တိုင်ပင်ပြီး ဆောင်ရွက်ခဲ့ကြတာပဲ ဖြစ်ပါတယ်။ ၎င်းအဆိုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဒေသအတွင်းမှာ ပညာရည်ဖွံ့ဖြိုးမှုအစီအစဉ်များကို ကွင်းဆင်းဆောင်ရွက်ချိန်မှာ ဆိုင်ရာမိဘ ပြည်သူများ၊ ဝန်ထမ်း များကို ဆွေးနွေးခဲ့ရာမှာ ၎င်းအဆိုနှင့်ပတ်သက်လို့ လက်ခံကြကြောင်း ပြန်လည်ဆွေးနွေးတာကို တွေ့ရပါတယ်။ မြို့နယ်ပြင်ပကို လေ့လာရာမှာတော့ ဒီအဆိုကို ကြိုက်တယ်လို့လည်း ပြောကြပါတယ်။ အချို့ကတော့ မကြိုက်ဘူးလို့လည်း ပြောကြပါတယ်။ ဘာလို့ မကြိုက်သလဲလို့မေးတော့ အောင်ချက် ရာခိုင်နှုန်းကျသွားမှာ စိုးလို့ဆိုပြီး ပြန်လည်ဖြေကြတာ ရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော့်ရဲ့အဆိုကို ဝေခွဲမရဖြစ်ခဲ့ရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနရဲ့ ဆောင်ရွက်နေတဲ့ အစီအစဉ်ကိုတော့ ပြန်လည်ထောက်ရှုရန် လိုအပ်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသားဦးရေဟာ တစ်နိုင်ငံလုံးမှာ ငါးသိန်းကျော်ရှိနေကြောင်း သိရှိရပါတယ်။ ယခင်ကာလများက ဖြေဆိုကြတဲ့ ကျောင်းသားဦးရေနည်းပါးချိန်မှာ စာမေးပွဲတစ်ပြေးညီဖြေဆိုမှုအတွက် စီစဉ်ဆောင်ရွက် သည့် အခက်အခဲမရှိခဲ့ပေမယ့် ဖြေဆိုမှုဦးရေများလာတဲ့ ယနေ့အချိန်မှာတော့ စီစဉ်ဆောင်ရွက်ရန် လုပ်ငန်းပမာဏအနေနဲ့ အခက်အခဲများ ရှိလာနိုင်ကြောင်း ပြန်လည်သုံးသပ်မိပါတယ်။ ဒါကြောင့် ကျွန်တော်တင်ပြခဲ့တဲ့ အဆိုနဲ့ပတ်သက်၍ ပြန်လည်ရုပ်သိမ်းပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ် ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဒေါ်ဒွဲဘူ၊ အင်ဂျန်းယန်မဲဆန္ဒနယ်၏ "ဝေးလံခက်ခဲသောတောင်ပေါ်ဒေသများမှကျောင်းသူ၊ ကျောင်းသားများအားပညာရေးကောလိပ်၊ သားဖွားဆရာမနှင့် သူနာပြုအစရှိသည့် သင်တန်းများတွင် ဝင်ခွင့်ရရှိရေးအတွက် သတ်မှတ်ထားသော (၁၀) တန်းရမှတ်ကို လျှော့ပေါ့စဉ်းစားပေးပြီး မိမိဒေသတွင် တာဝန်ထမ်းဆောင်ပါမည်ဟူသော ကတိခံဝန်ချုပ်ဖြင့် ဒေသခံများအား အထူး ဦးစားပေးတက်ရောက်နိုင်ရေး အတွက် ခွင့်ပြုစေနိုင်ရေး" အဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဒေါ်ဒွဲဘူ အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်ဒွဲဘူ(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ဧည့်သည်တော်များ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ ဖြစ်ပါတယ်ရှင်။ ကျွန်မအနေနဲ့ ဝေးလံခက်ခဲသော တောင်ပေါ်ဒေသများမှ ကျောင်းသူ၊ ကျောင်းသားများအား ပညာရေးကောလိပ်၊ သားဖွားဆရာမနှင့် သူနာပြုအစရှိတဲ့ သင်တန်းများတွင် ဝင်ခွင့်ရရှိရေးအတွက် သတ်မှတ်ထားသော ၁၀ တန်းရမှတ်ကို လျှော့ပေါ့စဉ်းစားပေးပြီး မိမိဒေသတွင် တာဝန်ထမ်းဆောင် ပါမည်ဟူသော ကတိဝန်ခံချုပ်ဖြင့် ဒေသခံများအား အထူးဦးစားပေးတက်ရောက်နိုင်ရေးအတွက် ခွင့်ပြုစေနိုင်ရေးအဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ ကချင်ပြည်နယ်ရဲ့ နိုင်ငံရေး သမိုင်းမှာထင်ရှားတဲ့ ပုဂ္ဂိုလ်တစ်ဦးရှိခဲ့ဖူးပါတယ်။ သူကတော့ ဆမားဒူးဝါးဆင်ဝါးနောင် ဖြစ်ပါ တယ်ရှင်။ သူဟာဆိုလို့ရှိရင် အတန်းပညာကို တက်ရောက်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့် သူ့ဘဝမှာ လေ့လာမှုအားက အများကြီးရှိခဲ့ဖူးပါတယ်။ ဒါကြောင့် သူ့ရဲ့ ကိုယ်ရေးအတ္ထုပ္ပတ္တိ ပညာအရည်အချင်း ဆိုတဲ့နေရာမှာ ခေသူမဟုတ်ဆိုမှ ထည့်သွင်းခဲ့တာဆိုလို့ရှိရင် ကျွန်မတို့ ကချင်ပြည်နယ် နိုင်ငံရေး သမိုင်းမှာ ထင်ရှားတဲ့သာဓကတစ်ခုအဖြစ် သမိုင်းတင်ခဲ့ပါတယ်ရှင်။ ဒါကြောင့်မို့လို့ လူတစ်ဦး တစ်ယောက်ရဲ့ အရည်အချင်းကို ကျွန်မတို့ ကြည့်မယ်ဆိုရင် သူရရှိထားတဲ့ ပညာရပ်ဆိုင်ရာ ဘွဲ့တစ်ခုတည်းကိုကြည့်ပြီး ဆုံးဖြတ်လို့မရနိုင်ပါဘူး။ သူဖြတ်သန်းလာတဲ့ အတွေ့အကြုံ၊ ခံယူချက်၊ စိတ်ဓာတ်၊ စေတနာတွေအပေါ်မူတည်ပြီးသာ အဲဒီလူရဲ့ တန်ဖိုးကို အကဲဖြတ်နိုင်ပါတယ်။ ထို့အတူပါပဲ ကျောင်းသားတစ်ဦးကိုလည်းပဲ သူ့အပေါ်မှာ သူရရှိတဲ့ စာမေးပွဲ ရမှတ်တစ်ခုတည်းနဲ့ သူ့ရဲ့အရည်

အသွေး အဆင့်အတန်းကို သုံးသပ်ဆုံးဖြတ်လို့ မရနိုင်ပါဘူးရှင်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံမှာဆိုရင် တိုင်းရင်းသားပေါင်းစုံနေထိုင်လျက်ရှိပါတယ်။ တချို့ကတော့ ဝေးလံခက်ခဲတဲ့ လမ်းပန်း ဆက်သွယ်ရေးမကောင်းတဲ့ဒေသမှာ နေထိုင်လျက်ရှိပါတယ်။ ဒီကနေ့ တင်ပြခဲ့တဲ့ ကျွန်မတို့ နာဂဒေသတွေ ရှိပါတယ်။ ကျွန်မတို့ ကိုးကန့်ဒေသတွေ ရှိပါတယ်။ ပြီးတော့ ကျွန်မတို့ ကချင်တို့၊ ချင်းတို့၊ ကယားတို့၊ ရှမ်းတို့မှာလည်း ဒီလိုဝေးလံခက်ခဲတဲ့ ဒေသတွေ အများကြီးရှိပါတယ်။ အဲဒီဒေသ များမှာရှိတဲ့ ကျောင်းသူ၊ ကျောင်းသားများဟာ အခက်အခဲ အမျိုးမျိုးကြားကနေပြီးမှ ပညာကို ခဲရာခဲဆစ် ကြိုးစားပြီးမှ သင်ယူကြရပါတယ်။ အဲဒီတော့ ၁၀ တန်း အောင်မြင်လာတဲ့အခါမှာလည်း အမှတ်များများ မရရှိခဲ့ကြတဲ့အတွက် သတ်မှတ်ထားတဲ့ အမှတ်ဖြင့်သာ ဝင်ခွင့်ရရှိတဲ့သင်တန်းတွေ၊ ကောလိပ်တွေမှာ စိတ်ပါဝင်စားပါလျက် တက်ရောက်ခွင့်မရရှိတာကို လေ့လာတွေ့ရှိရပါတယ်။ ဒေသခံများဟာ မိမိရပ်ရွာမှာရှိတဲ့လူထုအတွက် အမှန်တကယ် အကျိုးပြုနိုင်မယ့်သူများ ဖြစ်သည်သာမကပါဘူး။ ရပ်ရွာရဲ့အခြေအနေနဲ့ ဒေသခံပြည်သူလူထုရဲ့ လိုအပ်ချက်များကိုလည်း ပိုမိုသိရှိ စိတ်ဝင်စားကြသူများဖြစ်ပါတယ်။ ဒေသခံများကို ၎င်းတို့ရဲ့နေရပ်မှာ တာဝန်ထမ်းဆောင် စေခြင်းဖြင့် နိုင်ငံတော်နှင့်ပြည်သူအတွက် အမှန်တကယ်ပဲ အကျိုးဖြစ်ထွန်းစေနိုင် မယ်လို့လည်း ယုံကြည်ပါတယ်။ ဝေးလံဒေသမှာရှိတဲ့ ကျေးလက်နေပြည်သူများဟာ မူလကပင် သူတို့ရဲ့ စားဝတ်နေရေးဟာ ခက်ခဲကြပါတယ်။ တာဝန်ထမ်းဆောင်ရန် အခြားဒေသများကနေ ရောက်ရှိ လာကြတဲ့ ဆရာ/ဆရာမများရဲ့ နေထိုင်စားသောက်ရေးကိစ္စများအတွက်လည်း အခက်အခဲအမျိုးမျိုး ကြားကနေပြီး တာဝန်ယူကြရပြန်တဲ့အတွက် နှစ်ဦးနှစ်ဖက်ခက်ခဲမှုများကို မျှဝေဖြေရှင်းကြရပါတယ်။ ပညာရေးကဏ္ဍမှာ ကျောင်းဖွင့်တဲ့ကာလက မိုးတွင်းဖြစ်တဲ့အတွက် သွားလာရန်ခက်ခဲတဲ့အခါမှာ ဆရာ/ဆရာမများဟာ ကျောင်းဖွင့်အမီ မရောက်နိုင်ကြပါဘူး။ အကျိုးဆက်အဖြစ်ကတော့ ကျေးလက်နေ ကလေးသူငယ်များရဲ့ သင်ယူတတ်မြောက်မှု ကျဆင်းရခြင်းကိုသာ ရရှိပါတယ်။ သို့ဖြစ်ပါ၍ ဝေးလံခက်ခဲသော ကျေးလက်ဒေသရှိကျောင်းများအတွက် ဒေသခံဆရာ/ဆရာမများ ခန့်ထားနိုင်မှသာ ဤပြဿနာကို ဖြေရှင်းနိုင်မယ်လို့ ကျွန်မအနေနဲ့ ယုံကြည်ပါတယ်ရှင်။ ကျန်းမာရေး ကဏ္ဍမှာ လက်ရှိအခြေအနေ ကျေးလက်ဒေသများမှာ လူဦးရေပေါ်မူတည်ပြီး ရွာနှစ်ရွာ သို့မဟုတ် သုံးရွာမှာ သားဖွားဆရာမတစ်ဦး ခန့်ထားကြောင်း လေ့လာသိရှိရပါတယ်။ ဆရာမနေထိုင်တဲ့ ရွာနဲ့ဝေးတဲ့နေရာတွေမှာ အရေးပေါ်လူနာများရှိလာမယ်ဆိုရင် အခက်အခဲများစွာ တွေ့ကြုံကြရပါ တယ်။ ဒါ့အပြင် ဝေးလံတဲ့ဒေသများမှာ ခန့်ထားတဲ့အချို့သားဖွားဆရာမများဟာ တာဝန်ကျတဲ့

ဒေသများသို့ အမှန်တကယ်သွားရောက်ခြင်း မရှိကြတဲ့အတွက် ရွာသားများ ဒုက္ခရောက်တဲ့ ဖြစ်စဉ်များလည်း ရှိပါတယ်။ ဒီဖျားနာတဲ့အခါ ဆေးဝါးသုံးစွဲမှုမှာလည်း အိမ်ဆိုင်များမှာ ရောင်းချတဲ့ ဆေးဝါးများကို ကျန်းမာရေးဝန်ထမ်းရဲ့ ညွှန်ကြားချက်မရှိဘဲ မိမိထင်သလို သုံးစွဲနေခြင်း ရှိကြတဲ့ အတွက် မလိုလားအပ်တဲ့ ပြဿနာများ အများအပြားဖြစ်ပေါ်လျက် ရှိပါတယ်။ ကျေးရွာလူထု အတွင်းမှာ စနစ်မကျတဲ့ မိမိကိုယ်တိုင် ဆေးဝါးကုသခြင်း၊ အထူးသဖြင့် ငှက်ဖျား ပျောက်ဆေးများကို နည်းစနစ်မရှိ အသုံးချခြင်းတို့ဟာ ကျေးလက်ဒေသမှာရှိတဲ့ ပြည်သူလူထုများစွာကို ဒုက္ခပေးလျက် ရှိနေပါတယ်။ ဒါကြောင့်မို့လို့ အဲဒီဒေသမှာရှိတဲ့ ဒေသခံများကို သူနာပြုသားဖွား သင်တန်းဝင်ခွင့် အမှတ်ကို လျှော့ပေါ့ပြီး လက်ခံပေးမယ်ဆိုရင် အကျိုးထူးစေမယ့်ဖြစ်ရပ်များ ဖြစ်စေနိုင်ပါတယ်။ ဒါပေမယ့် ဒေသခံများအနေနဲ့လည်း သင်တန်းများတက်ရောက်ပြီးစီးလို့ရှိရင် မိမိဒေသကို ပြန်မသွားချင်တဲ့ ကိစ္စရပ်များလည်း ပေါ်ပေါက်နိုင်တဲ့အတွက် ခံဝန်ချုပ်များပြုလုပ်ပြီး လက်မှတ် ရေးထိုးစေမယ်ဆိုရင်တော့ ဒေသနှင့်နိုင်ငံတော်အတွက် အကျိုးပိုမိုဖြစ်ထွန်းစေမယ်လို့လည်း ခံယူ မိပါတယ်။ ဒါကြောင့်မို့လို့ ဝေးလံခက်ခဲတဲ့ တောင်ပေါ်ဒေသများမှ ကျောင်းသူ၊ ကျောင်းသားများအား ပညာရေးကောလိပ်၊ သားဖွားဆရာမနဲ့ သူနာပြုအစရှိတဲ့ သင်တန်းများမှာ ဝင်ခွင့်ရရှိရေးအတွက် သတ်မှတ်ထားတဲ့ ၁၀ တန်းရမှတ်ကို လျှော့ပေါ့စဥ်းစားပေးပြီး မိမိဒေသတွင် တာဝန်ထမ်းဆောင် ပါမည်ဟူသော ကတိခံဝန်ချုပ်ဖြင့် ဒေသခံများအား အထူးဦးစားပေး တက်ရောက်နိုင်ရေးအတွက် ခွင့်ပြုစေနိုင်ရေးအဆိုကို လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။အဆိုကိုထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးယော်ဒီဒွေ့(ပူတာအိုမဲဆန္ဒနယ်)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ပူတာအိုမဲဆန္ဒနယ် ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးယော်ဒီဒွေ့ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ်၊ အင်ဂျန်းယန် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ဒွဲဘူ တင်သွင်းသွားသည့်အဆိုကို ထောက်ခံပါ ကြောင်းတင်ပြအပ်ပါတယ်။ (သြဘာသံများ)

## အဆိုနှင့် စပ်လျဉ်း၍ဆွေးနွေးလိုသည့်လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။အဆိုနှင့်စပ်လျဉ်း၍ နောက်တစ်ရက်မှာ ဆွေးနွေးပါမယ်။ ဒါ့ကြောင့် ဆွေးနွေးလိုတဲ့ကိုယ်စားလှယ်များ ဒီနေ့ညနေပိုင်းမှာ ပြည်သူ့လွှတ်တော်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ စာရင်းပေးသွင်းဖို့ဖြစ်ပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၃ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေး ၁၃ ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် (ဗုဒ္ဓဟူးနေ့)၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၆ း ၃၂ ။**

**အခမ်းအနားမှူး။** ။ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၂ ရက်မြောက်နေ့ကို ၁၆း၃၂ နာရီ အချိန်တွင်ရပ်နားပါသည်]